ပါဠိတော် အဋ္ဌကထာ ဋီကာအရပ်ရပ်တို့မှ

လုပ်ငန်း အဆီအနှစ်တို့ကို ခိုင်ခံ့စွာသရုပ်နှင့် ကျစ်လစ်စွာ ထုတ်နုတ်၍

စီရင်ရေးသားအပ်သော

# တရားအဆီဓမ္မသာလိနီကျမ်း

ညနေချမ်း ဂုဏ်ပန်းကိုတဲ့ ဆင်ကာပန်

ဂုဏ်ပန်းပန်တဲ့ ခင်ခင်လေး ပန်းစော်နံ့မွှေး

—:o:—

ဓမ္မကထိက-တောင်တွင်းကြီး

အရှင်သုဇန

ဦးတင်-ဒေါ်နုယဉ်၏

သီရိရတနာပိဋကတ်ဆိုင်

အမှတ်-၄၉-၅၀-ရွှေတိဂုံဘုရားကြီးဈေး

—— ရန်ကုန်မြို့ ——

ဓမ္မကထိက - တောင်တွင်းကြီး

အရှင်သုဇာန

# တရားအဘိဓမ္မသာလိနီကျမ်း

ညနေချမ်း ဂုဏ်ပန်းကိုတဲ့ ဆင်ကာပန်
ဂုဏ်ပန်းပန်တဲ့ ခင်ခင်လေး ပန်းစော်နံ့မွှေး

—:၀:—

ဦးထင်-ဒေါ်နုယဉ်
သီရိရတနာပိဋကတ်ဆိုင်
အမှတ် - ၄၉-၅၀-ရွှေတိဂုံဘုရားကြီးဈေး
—— ရန်ကုန်မြို့ ——

ကုသ္တာသယ ပိဋကတ်စာပုံနှိပ်တိုက်
၁၁၇၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၁၇၊ ၅၀၆ ကောဇာ-၁၃၃၃၊

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ( ၅၁၆၇ )

ပါဠိဆရာများ — ဦးထွန်းသိန်း, ဦးဝင်းဖေ။

ထုတ်ဝေသူ — မောင်ရဲမြင့်-မြ(၀၁၀၄၉)
တက်လမ်းစာပေတိုက်
အမှတ်-၄၊ ၁၁-လမ်း၊ ဗ-ဆ-ပ-လ ကွက်သစ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးသန်းမောင်။

ပုံနှိပ်သူမှတ်ပုံတင်အမှတ် — ( ၀၇၉၄ )
ဗုဒ္ဓသာသနာ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဒုတိယအကြိမ် - စာအုပ်ရေ - ၂၅၀၀။

အဘိုး ၂-ကျပ်။

၁၃၃၃-ခု၊ နတ်တော်လ။ ၁၉၇၁-ခု၊ နိုဝင်ဘာလ။

# နိဒါန်း

ဘုန်းတော်သရဖူ ပြိုင်သူဘက်ကင်း အမင်းမင်းတို့၏ ထွဋ်ထား သက်တော်ထင်ရှား ရှင်ဒေတော်မြတ်ဘုရားသည် ရှိရှိသမျှ တလောက လုံး၌ သိမ်းကြုံးကာ အကုန်အစင်သိစရာရှိသမျှတို့ကိုအကြွင်းအကျန် မရှိ သိမြင်တော်မူသတည်း။

ဘယ်ဘဝ အသင်္ချေ ဘယ်ကမ္ဘာတွေတုန်းကမှ မတွေ့စဘူး၊ မသိစဘူး၊ မရစဘူးသေးတဲ့ တရားထူး တရားမြတ်တွေကို တွေ့ဘူး သိဘူး ရဘူးကြရလေအောင် ၄၅-ဝါ ရှည်ကြာကာလ ဗုဒ္ဓကိစ္စ ငါးဝဖြင့် အားလပ်ခွင့်မရ ထုတ်ဖော်ကာ ဟောပြခဲ့သောကြောင့် ၂၄-သင်္ချေ ကုဋေခြောက်ဆယ်ဗိုလ်ခြေတသိန်းမျှ ဝေနေယျသတ္တဝါ ပါရမီရှင်တို့ကို ကယ်တင်တော်မူပြီးလျှင် ကျွတ်ထိုက်သူ ဝေနေ မျှားဗိုလ်ခြေတို့ ရစေယူစေ အားထုတ်စေဟု ရည်ရွယ်ကာ မှန်း ထားလျက် ၅ဝဝဝ-သော သာသနာတော်မြတ်ကြီးကို အဓွန့်ရှည် ကြာအောင် တည်ထားတော်မူခဲ့လေသတည်း။

ထိုသို့ တည်ထားတော်မူခဲ့သော သာသနာတော် မြတ်ကြီး၏ အရိပ်ကြီးကို ခိုလှုံရကြကုန်သော ဘုန်းရှင် ကံရှင် ပါရမီရှင်တို့သည် ဧမြေမြဘေးမခဘဲ ချမ်းသာရာ ချမ်းသာကြောင်း လမ်းကောင်း လမ်းမြတ် တရားတော် ဓမ္မသတ်တွေကို ကျေနပ်စွာ အလုပ်တရား တို့ဖြင့် တကယ်တမ်း အဟုတ်ပွားများကြစေရန်ကို ရည်သန်ကာ သဘောသွားဖြင့်ဟောကြားပြောကြားခဲ့သည်မှာအောင်ပြီးခဲ့သော စာမေးပွဲ ၁၂-ပွဲတို့တွင် အစိုးရပဌမကြီး စေတိယင်္ဂဏ စာမေးပွဲကြီး တို့ကို အသွယ်တကူ ဆွတ်ခူးအောင်မြင်ပြီးသည်ကစ၍ ဖြစ်ခဲ့ပါ သတည်း။

အချုပ်တရားတို့ကို သိရှိရန် ကျမ်းငယ် တစောင် ထုတ်ဖော်ပြ ပါရန်တောင်းပန်ကြသောကြောင့် သုဇနကာရီကျမ်း-ဓမ္မသာလိနီ ကျမ်း-ဤသို့သော ကျမ်းနှစ်စောင်တို့ကို ရေးသားစီရင်ခဲ့ပါသည်။

ဣန္ဒာသယ ၅၀၆-က (တတိယအကြိမ်)

# နိဒါန်း

ဓမ္မသာလိနီကျမ်းသည် တိုတိုနှင့်လိုရင်း အဆီအနှစ်တို့ကို မှတ်သားနာယူရန်ဖြစ်သောကြောင့် လူရှင်အများကြိုက်နှစ်သက်ကြပေသည်။

ထိုကျမ်းသည် ၉၃-ခုနှစ်က သုဓမ္မဝတီခေါ် သထုံမြို့ကြီး၏ ၃-မိုင်ကွာ ဂေါ့တောင်ခြေ ဈေးမသွယ် တောကျောင်း၌ တရားအလုပ်ကို အားထုတ်စဉ်ကရေးသားစီရင်သော ကျမ်းဖြစ်လေသည်။ ၉၃-ခုနှစ်က စက်တင် ပုံနှိပ်ပြီးသည့်နောက် ဆက်လက်၍ ထပ်မံပုံမနှိပ်ခြင်းကြောင့် တရားအဆီ-ဓမ္မသာလိနီကျမ်းသည် ကွယ်ပျောက်မတတ်ဖြစ်ခဲ့လေပြီ။

လူရှင်အများတို့က ထပ်မံပုံနှိပ်ပါရန် ဆရာလှိုင်ထံ အကြံဉာဏ်ပေးကြသဖြင့် ဆရာလှိုင်ရဟန်းအဖြစ်က ရေးသားစီရင် ထွက်ပေါ်ခဲ့သော တရားအဆီ-ဓမ္မသာလိနီကျမ်းကို ယခုထပ်မံ ပုံနှိပ်ရခြင်းဖြစ်ပါကြောင်း။

သူတော်ကောင်း တရားကို လိုလားကြကုန်သော ပညာရှင်အပေါင်းတို့သည် ဤကျမ်းဖြင့်သဘောနှစ်ခြိုက်လျက်မနောဟုတ်တဲ့လောကုတ္တရာ အလုပ်ခွင်သို့ တကယ်တမ်း တက်ရောက် ဆွတ်ခူးနိုင်ကြပါစေ ကုန်သတည်း။

ဓမ္မကထိက-ပဋ္ဌာန်းဆရာလှိုင်။

# မာတိကာ

ပါဠိတော်, အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့မှ အားကိုးတခု အမှီပြု
လျက် အဆိအနှစ်တို့ကို ထုတ်နုတ်၍ ဤ(ဓမ္မသာလိနီကျမ်း၌)
ပါဝင်သော

**မာတိကာစဉ်များကို အောက်၌ ပြထားအံ့**


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | ပဏာမဂါထာ | ၁ |
| ၂။ | ရောင်ခြည်တော်ဘုရားပင့် | ၂ |
| ၃။ | အောင်တော်မူပလ္လင်ဖွင့် ဂါထာတော်ကြီး | ၄ |
| ၄။ | အဘိဓမ္မာတရားတောင်း | ၅ |
| ၅။ | ဓမ္မဘေရီရွှေပဟိုရ်စည်ဂါထာ | ၆ |
| ၆။ | ဩကာသအမိပ္ပါယ် အကျယ်ကန်တော့ခန်း | ၇ |
| ၇။ | သရဏဂုဏ်သုံးပါး ဆောက်တည်ရန် | ၉ |
| ၈။ | သီလဆောက်တည်ရန် | ၁၀ |
| ၉။ | ရတနာဂုဏ်ပန်းတရားတော် | ၁၁ |
| ၁၀။ | မနောဟုတ်မှ လောကုတ္တရာဖြစ်ပုံ သီလဝိသုဒ္ဓိစခန်း | ၂၀ |
| ၁၁။ | မဂ်ပင်ဖိုလ်ပင်စိုက်တရားတော် | ၂၂ |
| ၁၂။ | ကိုယ်ချင်းစာတရာငါးပါးအပြစ်ပြပုံ | ၂၄ |
| ၁၃။ | ချစ်လျှင်အကျိုး မုန်းလျှင်အပြစ်တရား | ၂၈ |
| ၁၄။ | ဒါနနှင့် သီလ, ဘာဝနာ ဥပမာ | ၂၉ |
| ၁၅။ | အဋ္ဌကထာ,ဋီကာပျို့အလာ သာသနာတော်ကို ဖော်ပြချက် | [illegible] |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၆။ | မနောဟုတ်မှ လောကုတ္တရာဖြစ်ပုံ စိတ္တဝိသုဒ္ဓိစခန်း | ၃၅ |
| ၁၇။ | အသိးတရာ အညှာတခုတရား | ၃၆ |
| ၁၈။ | ဘုရားပင့်-တရားပင့်-သံဃာပင့်လျှောက်ပုံ | ၃၀ |
| ၁၉။ | ဘုရားဂုဏ် ၉-ပါး ပုတီးစိပ်ပုံ | ၃၉ |
| ၂၀။ | တရားဂုဏ် ၆-ပါး ပုတီးစိပ်ပုံ | ၄၃ |
| ၂၁။ | သံဃာဂုဏ် ၉-ပါး ပုတီးစိပ်ပုံ | ၄၃ |
| ၂၂။ | ပုဂ္ဂလိကကို သံဃိကဖြစ်အောင် ဆည်းကပ်ကိုးကွယ်ပုံ | ၄၄ |
| ၂၃။ | ပုဂ္ဂိုလ်ကောင်းကို ဆည်းကပ်ကိုးကွယ်သောသူထက် သံဃာကို ဆည်းကပ်ကိုးကွယ်သူက သာလွန်၍ မြတ်သွားပုံ | ၄၅ |
| ၂၄။ | ဒုဿီလကို ပေးလှူရသော်လဲ အလှူပေး ပုဂ္ဂိုလ်က စိတ်ထားတတ်၍ မြတ်သွားပုံ | ၄၆ |
| ၂၅။ | ရတနာသုံးပါးကို ဆည်းကပ်ရသော အကျိုးကိုပြပုံ | ၄၀ |
| ၂၆။ | မနောဟုတ်မှ လောကုတ္တရာဖြစ်ပုံ ပညာဝိသုဒ္ဓိစခန်း | ၅၀ |
| ၂၇။ | သစ္စာ ၄-ပါး လမ်းဆုံးကြီးသို့ ဆိုက်ရောက်ပုံ | ၅၂ |
| ၂၈။ | အဆီအနှစ်ညှစ်ယူပုံ | ၅၄ |
| ၂၉။ | ခန္ဓာငါးပါး ဝိပဿနာတရား | ၅၅ |
| ၃၀။ | ခန္ဓာကိုယ်ကို လှေ,သင်္ဘောဖြင့် ဥပမာပြပုံ | ၅၀ |
| ၃၁။ | ခန္ဓာနှင့် ဒုက္ခတွဲဖက်၍နေပုံ | ၅၉ |
| ၃၂။ | ကုလိဝန်ထမ်း သံရာလမ်းကိုပြပုံ | ၆၁ |
| ၃၃။ | သံသရာမှာ ခန္ဓာကိုတွယ်တာ၍ နယ်အမတာနှင့်ဝေးကြောင်း သံဝေဂလင်္ကာ | ၆၃ |
| ၃၄။ | ခန္ဓာငါးပါးထဲတွင် ငါရှာမရပုံ | ၆၄ |
| ၃၅။ | ခန္ဓာငါးပါး ဥပမာတင်ပုံနှင့် သဘာဝတ္တကိုပြပုံ | ၆၇ |
| ၃၆။ | မျက်စိတခါမှိတ်ကာလမှာ ခန္ဓာစသောတရားတွေ တချက်ထဲပါသွားပုံ | ၇၀ |
| ၃၇။ | အာရုံ ၆-ပါးထဲတွင် လူမရှိပုံ | ၇၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၃၈။ | အတိုက်ခေတ် ၆-ပါးနှင့်အခံခေတ် ၆-ပါးတို့ခေတ်ရိုက် ယူနေပုံနှင့် အပွင့်ခေတ် ၆-ပါးပေါ်လာပုံ | ၇၂ |
| ၃၉။ | ကမ္ဘာခေတ်ပုံ ကာမဂုဏ်တရား | ၇၃ |
| ၄၀။ | ပရမတ်ပညတ် နှစ်စားခြားနားပုံ | ၇၅ |
| ၄၁။ | အရပ်ဆယ်မျက်နှာ အာကာသကောင်းကင်၌ အဌကလာပ်ရုပ် မရှိနှင့်အရှိ | ၇၇ |
| ၄၂။ | အဌကလာပ်ရုပ်ခွဲသိနည်း | ၈၀ |
| ၄၃။ | ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားထံ မင်္ဂလာတရား ရှစ်လုံးဘွဲ့ကဗျာများနှင့်အတူတကွ ဆက်သွင်းသော ရှစ်လုံးဘွဲ့ မိးတရား | ၈၂ |
| ၄၄။ | ခန္ဓာဇာတ်သိမ်းငြိမ်းရာဖြစ်သော ရွှေပြည်ဝင် တရားတော်ကြီး | ၈၅ |
| ၄၅။ | သာသနာအတွက် ဘုရားရှင်မိန့်ကြားပုံ | ၈၆ |
| ၄၆။ | ဘုရားရှင် နောက်ဆုံးမှာကြားပုံ | ၈၉ |
| ၄၇။ | ဗြဟ္မာမင်းကြူးရင့်ပုံ သံဝေဂ | ၉၇ |
| ၄၈။ | သိကြားမင်း ကြူးရင့်ပုံ သံဝေဂ | ၉၉ |
| ၄၉။ | မရဏာနုဿတိရှုပုံ သံဝေဂများ | ၁၀၀ |
| ၅၀။ | ဘယ်လိုပင် အခြေတင်းသော်လဲ သေမင်းလက်မှ မလွတ်နိုင်ကြောင်း တရားတော် | ၁၀၂ |
| ၅၁။ | မိမိကိုယ်ကို စစ်တမ်းထုတ်ရန် | ၁၀၄ |
| ၅၂။ | အနိစ္စလက္ခဏာယှဉ်ပြချက်တရားတော် | ၁၀၅ |
| ၅၃။ | ဒုက္ခလက္ခဏာ ယှဉ်ပြချက်တရားတော် | ၁၀၉ |
| ၅၄။ | အနတ္တလက္ခဏာ ယှဉ်ပြချက်တရားတော် | ၁၁၆ |
| ၅၅။ | သက္ကာယဒိဋ္ဌိကွာပုံနှင့်အနတ္တတလုံးပိုင်ပုံ | ၁၁၉ |
| ၅၆။ | ရုပ်နာမ်ပရမတ်ဆိုတာ အတုံးအခဲမရှိပုံ | ၁၂၀ |
| ၅၇။ | ပရမတ်ဆိုတာ အရွေ့မခံပုံ | ၁၂၂ |
| ၅၈။ | သေမင်းနှင့်အခင်းမလွတ်နိုင်တဲ့သိတင်းကျွတ်တရား | ၁၂၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၉။ | ၁၂-ရာသီဘွဲ့တရား | ၁၂၅ |
| ၆၀။ | တနေ့ကျလျှင်တွေ့ရမည့် သံဝေဂလင်္ကာ | ၁၂၆ |
| ၆၁။ | အသုဘ ဘာဝနာလင်္ကာ | ၁၂၀ |
| ၆၂။ | ကုသိုလ်အဖို့ကို အမျှပေးဝေပုံ | ၁၂၀ |
| ၆၃။ | ဆုတောင်းခန်းသံခိပ် | ၁၂၉ |
| ၆၄။ | မြသပိတ်တောင်အကြောင်း | ၁၃၀ |

## အမှီပြုသော ကျမ်း၏ မာတိကာ

### ဓမ္မသာလိနီကျမ်း၌ ပါဝင်သော ကျမ်းဂန်များကို ဖော်ပြခြင်း

(၁) ဓမ္မပဒပါဠိတော်
(၂) ငါးရာ့ငါးဆယ် ဇာတ်နိပါတ်
(၃) သုတ်မဟာဝါ ပါဠိတော်
(၄) သမ္မောဟဝိနောဒနီ အဋ္ဌကထာ
(၅) မဟာဝါ ပါဠိတော်
(၆) သတိပဋ္ဌာန်ပါဠိတော်
(၇) ဓမ္မစကြာပါဠိတော်
(၈) ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်
(၉) အာယတနဝဂ္ဂသံယုတ်ပါဠိတော်
(၁၀) ဇင်းဘာရသုတ်
(၁၁) ဓမ္မသင်္ဂဏီပါဠိတော်
(၁၂) ပဋိသမ္ဘိဒါမဂ် ပါဠိတော်
(၁၃) ယမိုက်ပါဠိတော်နှင့် အကောက်
(၁၄) နဝင်္ဂုတ္တရပါဠိတော်
(၁၅) သာရသင်္ဂဟကျမ်း
(၁၆) အင်္ဂုတ္တရအဋ္ဌကထာ
(၁၇) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ
(၁၈) နေတ္တိအဋ္ဌကထာ
(၁၉) အဋ္ဌသာလိနီ
(၂၀) ကထာဝတ္ထုအဋ္ဌကထာ
(၂၁) ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ

(၈) အမှိပြုသော ကျမ်း၏ မာတိကာ

(၂၂) လက်သန်းအဋ္ဌကထာ
(၂၃) သာရတ္ထဒီပနီဋီကာ
(၂၄) ဝိမတိဋီကာ
(၂၅) ဝဇီရဗုဒ္ဓိဋီကာ
(၂၆) အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ
(၂၇) ကထာဝတ္ထုအနုဋီကာ
(၂၈) မူလဋီကာ

ဤသည့်လျှင် ဓမ္မသာလိနီကျမ်း၌အားကိုးတခုအမှီပြုရသော ကျမ်းဂန်တို့၏ မာတိကာစဉ် ပြီး၏။



တရားအဆိ

# ဓမ္မသာလိနီကျမ်း

---

ပဏာမဂါထာ

သုတံ သာရဂုဏောပေတံ၊
ဇနာနံ ဓမ္မဒေသကံ။
နတွာ နာဟံ ကရိဿာမိ၊
ဥဒါနိ ဓမ္မသာလိနိံ။

ဇနာနံ၊ မနုဿတ္တ ဒုလ္လဘဟု ဖြစ်ကြသူငါ လူများစွာတို့တွင်။ ငါ၊ များစွာသောင်းသောင်း လူအပေါင်း တို့ထက်။ သုတံ၊ ကြက်သရေ ကုန်မဆုံး တက်နေပုံတနုန်းကဲ့သို့ ရွှေဘုန်းတွေကလဲ အဆင့်ဆင့် တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ အလွန်တရာမှ သပ္ပါယ်တော် မူသောသော။ ဓမ္မဒေသကံ၊ လေးဆယ့်နှင့်ငါးဝါ ရှည်ကြာကာလ ဘယ်သူ ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါမှ မဟောနိုင်, မဖော်နိုင်, မတုတ်နိုင်, မပြနိုင် ဓမ္မအဆီအိုင်တွေကို မြိုင်မြိုင်ဆိုင်ဆိုင် ပိုင်ပိုင်ကြီး ဟောကြားဘုတ်ဖော် ကြူးရင့်တော်မူပေလေသော။ သာရဂုဏောပေတံ၊ သင်္ချာခရေအပြန်မက ကဏ္ဍာတွေ အနန္တ ဘယ်လိုပင် ကုန်အောင်ကြံသော်လဲ သတ္တဝါတို့ရဲ့ အိုတကျန်းမှာ အဲမဆုံး နိုင်တဲ့ ကျေးဇူးတော်အစစ် ဂုဏ်တော်အစွမ်းပေါ်နှင့် ပြည့်စုံတော်မူပေသော

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို။ အပယ်၊ နာမ်ရုပ်နှစ်ဖြာ ငါးခန္ဓာတို့ ဆက်ကာဆက်ကာ သူ့သဘောအတိုင်း ဖြစ်ပေါ်၍ လာတဲ့ ပရမတ်အစစ် ခတ်အစစ် ဖြစ်သော သမုတိခေါ် အကျွန်ုပ် သည်။ နတ္ထာ-နမာမိ၊ မနော ဟုတ်တဲ့ လောကုတ္တရာ မြတ်တရားဖြင့် စိတ်အာရုံ ညွတ်တွား၍ ရှိခိုးကန်တော့ လိုက်ပါ၏ အရှင်ဘုရား။ နတွာ၊ ရှိခိုးကန်တော့ပြီး၍၊ ဣဒါနိ၊ ယခုအခါကာလ၌။ ဓမ္မသာလိနိံ၊ (ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရပ်ရပ်တို့မှ) တရား အဆီ အနှစ်တို့ကို အားကြည်သစ် စေတနာဖြင့် ဖွေရှာကာ စုရုံးလျက် သိကုံးဖွဲ့နွဲ့၍ ထားတဲ့ ဓမ္မသာလိနီ အမည်ရှိသောကျမ်းကို။ ကရိဿာမိ၊ မနော ရွှင်ရွှင် ဇောအစဉ်ဖြင့် စီရင်ကာရေးသားရပေတော့အံ့ သတည်း။

---

## ရောင်ခြည်တော်ဘုရားပင့်

နီလာ ပီတာစ လောဟိတာ၊ ဩဒါတာစ ပဘာဿရာ။
ဝိဇ္ဇုပ္ပါဒေါဝ မဉ္ဇေဋ္ဌာ၊ နိစ္ဆရန္တိ ဘဝံ ပဘာ။
မယံ ဆဗ္ဗဏ္ဏရံသိယော၊ ဗုဒ္ဓေါ မေ ဌာတု သီသကေ။

ပဏ္ဍာဝဏ္ဏ-ရစနာဂါထာ။

၁။ နီလာ၊ စူကာပန်းရောင် ငှက်ခါးတောင်ယို တပြောင်ပြောင် တဝင်းဝင်း တလင်းလင်း တထိန်ထိန် တရှိန်ရှိန် တလက်လက် ကြာညိုပန်းတွေ ထွက်သကဲ့သို့ ညိုဝင်းသော ဝင်းသော ရောင်ခြည် တော်တို့သည်။ ဝိဇ္ဇုပ္ပါဒေါဝ၊ တိမ်လွှာနှင့် တိမ်ထပ် နှစ်ခုစပ်မိရာ တွင် လျှပ်စစ်ခတ်ပန်း၏ ပေါ်လာခြင်းကဲ့သို့။ ပဘာ၊ မြတ်သော ကိုယ်တော်အရောင်မှ။ နိစ္ဆရန္တိ၊ နေတာသိန်း၊လတာသိန်း ဇရကိန်းမရ ထွန်းလင်းလှသဖြင့် ထိုမှ ဤမှ လူးလာပျံသန်း တင့်သန်းကွန့်မြူး တော်မူကြလေကုန်၏။

၂၊ ပီတာစ၊ ရွှေသိင်္ဂနိက်ကဲ့သို့ တဖိတ်ဖိတ် တလက်လက်နှင့် အဝါဘက်ကိုလဲမပါ စိမ်းပြာဘက်ကိုလဲမဟပ် နှစ်မျိုးစုံ ရောစပ်တဲ့ အသရေအဆင်းကဲ့သို့ ရွှေဝင်းသော ဝင်းသော ရောင်ခြည်တော်တို့ သည်ဂုဏ်း။

၃။ လောဟိတာဝ၊ နှင်းဆီ,ခေါင်ရမ်း ဝတ်ပန်းချိတ်ရည် တိမ်နီ လျှပ်လျှပ် စိန်နီစပ်သဖြင့် တလျှပ်လျှပ်တဖိတ်ဖိတ် တရိပ်ရိပ်ရှက်သန်း ကသစ်ပန်း အဆင်းကဲ့သို့ နီမြန်းခြင်း ရှိသော ရောင်ခြည်တော်တို့ သည်၎င်း။

၄။ ဩဒါတာဝ၊ သော်ဖြူရတနာ ခတ်တာကြက်ရုံး ဂမုံးရင်ကာပ် ဇလပ်ဇီဇဝါ ထပ်တရာမက ပန်းမြခြယ်စီ စိန်ရတီ ပုလဲအသွေးကဲ့သို့ ဖြူဖွေးသောရောင်ခြည်တော်တို့ သည်၎င်း။

၅။ မဉ္ဇိဋ္ဌာဝ၊ မှောင်တခိုခို မိုးလုံးစိုမှု မှိုင်းညိုဖြာသန်း မကာရိုး ကွက်ရောင် တိမ်တောင်ရှက်ပေါင်း ရှုမညောင်းမျှ မောင်းမဲ မှိုင်းအုံ ရိမ့်သောအဆင်းရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်တော်တို့သည်၎င်း။

၆။ ပဘဿရာဝ၊ လျှပ်စစ်တခန်း ရှုဘနန်းမျှ မီးပန်း မီးနွယ် ကောင်းကင်လယ်မှာ ကူးသန်းရောယှက် မိုးလုံးထွက်သာကဲ့သို့ ပြိုးပျက်တောက်ပြောင် တခဲနက်သောရောင်ခြည်တော်တို့သည်၎င်း။

ဝိဇ္ဇုပ္ပဘါဒေါဝ၊ တိမ်လွှာဘိမ်ထပ် နှစ်ခုစပ်မိရာတွင် လျှပ်စစ်ဓာတ် ပန်း၏ ပေါ်လာခြင်းကဲ့သို့။ ယောဗုဒ္ဓေါ၊ အကြင် မြတ်စွာဘုရား သခင်သည်။ ပဘာ၊ မြတ်သောကိုယ်တော် အရောင်မှ။ နိစ္ဆရန္တိ၊ နေတသိန်း လတသိန်း ရေကိန်းမရ ထွန်းလင်းလှသဖြင့် ထိုမှ ဤမှ လူးလာပျံ့သန်း တင့်ဆန်းကွန့်မြူးတော် မူကြလေကုန်၏။

ဆဗ္ဗဏ္ဏရံသိ၊ ညိုသော အရောင်, ရွှေသော အရောင်, နီသော အရောင်, ဖြူသောအရောင်, မောင်းသောအရောင်, တခဲနက်ရောင် ပြိုးပြောင် ထိန်လက် စိန်ခက်အသွင် ခြောက်ရောင် အရှင် သခင် လည်း ဖြစ်တော်မူပေသော။ သောဗုဒ္ဓေါ၊ ခြောက်ရောင် သခင် တောက်ပြောင်ရှင်လျက် ဘုန်းခွင်ကြီးမား တိုရှင်တော်ဘုရားသည်။ ပေပေ၊ ရှုပ်ပဲ့နာပ်ပဲ့ခေတ်ဂဲအရ ခေါ်ပုသမုတ် အကျွန်ုပ်၏။ ဝ ရုပ်နာဂ်နှမ်ပါ ငါးပဥ္စကို သူ-ငါအတ္တ ရှာမရသည့် ခေတ်ခဲ ခေတ်ရုပ်အား ...၏။ သိသကောဏ်ပင်ဂနိုင် မိုးမြှင်တင့်ဆန်း ရှုမနိုင် အောင် ဆင်ပြိုင်ကြိုးဘော ပြတ်နေရာ၌။ ဌာတု၊ မယ်ပါးမယုံ

ရွှေကိုယ်တော်တိုင် ခြောက်ရောင်ဆိုင်လျက် ခိုင်ခိုင်မတ်မတ် ကြွရပ်တည်နေတော်မူပါ ရောင်ခြည်တွေ အံ့မဆုံးနိုင်တဲ့ ရွှေဘုန်းတော်သခင် အရှင်ဘုရား။

ရောင်ခြည်ခြောက်သွယ် ဘုရားပင့်ပြီး၏။

---

## အောင်တော်မူပလ္လင်ဖွင့် ဂါထာတော်ကြီး

ဇိနော ဇယကရံ ဓမ္မံ၊ သဗ္ဗယန္တော ဇယံ ကရေ။
ဇိတွာ မာရံ ဇိနာပေသိ၊ သော မေ ဒေတု ဇယံ ဇိနော။

ဇိနော၊ ဒေဝပုတ္တ ကိလေသနှင့် ခန္ဓ မစ္စု အဘိသင်္ခါရ ဟူသော ရန်တမူကို လှန်သူမရှိ ကိုယ်တော်ဘိုင်သိ၍ အဓိပတိ ဆိုတဲ့ မာရ် အပေါင်းတွေကို ဒထောင်းထောင်းဖျက်ချေ နှောက်လျက်ကာမွှေ၍မို့ ရွှေကိုယ်တော်တိုင် ပါရမီ စိန်အမြောက်တို့ဖြင့် ချိန်ဖောက်ကာ တချက်ထဲ လွှင့်လျက် အမြဲ့တကာတွင် ခေါင်ကဖုံးပြီး အိုမဆုံး, နာမဆုံး, သေမဆုံးနိုင်တဲ့ မာရ်အလုံး ရန်အလုံးတွေကို ကိုယ်တော်တဆူထဲ ပိုင်းအုံကာ မကူဘဲနှင့် အောင်ပွဲကြီး ဆင်တော် မူသော မြတ်စွာဘုရားသခင်သည်။ ဇယကရံ၊ အောင်သူတကာတို့၏ဘုရင် အောင်နယ်တခွင်တွင် ဘယ်သူပင် မအောင်နိုင်တဲ့ အောင်အလင်းတို့ကို အောင်ခြင်းကိုလည်း ပြုတော်မူတတ်ထသော။ ဓမ္မံ၊ ဘယ်ဘဝအသင်္ချေ ဘယ်ကမ္ဘာတွေ ကမှ မသိစဘူး, မတွေ့စဘူး, မရစဘူးသေးတဲ့ တရားထူးတရားမြတ်တွေကို။ သဗ္ဗယန္တော၊ လောကဓာတ်ဂရက်အိုင်ဝယ် ငါတက်နိုင် လက်ကိုင်ရပြီဟု အားရပိုင်ပိုင် ကိုယ်တော်တိုင် ရွှေဉာဏ်တော်ပိုက်ကွန်ရှက်ဖြင့် ဖြန့်လျက်လွှမ်းကာ ဝေနေယျ ဓမ္မဓမ္မာတွေကို ခဏမကြာ ထပ်ခါထပ်ခါ မလပ်သာ အောင် အဖန်ဖန်ချီးကြူး ဆည်းပူးတော်မူသည်ဖြစ်၍။ ဇယံကရေ၊ အောင်ကြွင့်နှင်း အောင်ပန်း အဆန်းဆန်းတို့နှင့် အောင်နန်း သဘွယ် အောင်တကာအနယ်နယ်မှာ အောင်အလယ်ဗဟိုဖြစ်၍မို့ တင့်တယ် မြင့်မြတ် နဝရတ်ကိုးသွယ် ဖြိုးကြွယ် တောက်ပြောင် တိမ်ရောင်, လရောင်, နေရောင်တွေနှင့် ရွှေအရောင်တွေမကာ လူမသုံး နတ်မမျှ

ဗြဟ္မာ့ ကြက်သရေ· အောင်ကြေငှန်း အထွေထွေကို အောင်လေရာ ဖြစ်သော အောင်ဗုဒ္ဓဟေ ရွှေပလ္လင်ဌာနဝ္ဒ။ နိသိန္နော၊ လေးသင်္ချာ မြိုက်ပန်းပွင့်ကို လှမ်းလင့်ရှုယ်ချူ အရယူတော်မူမည်ဟု စိတ်အကြံ ဖြင့် အမိဋ္ဌာန်စံနေတော်မူလျက်။ မာရ်၊ လောကဓာတ် တခုလုံးကို သိမ်းကြုံးကာနှိပ်စက်၍ သူ့လက်တွင် ရောက်ပြီဟု နှောက်ရှက်တဲ့ ကြံအားဖြင့် ရန်ပွားထင်မြင် မာရ်ငါးအင်ကို။ ဇိနာတိ၊ ပါရမီ စိန်သံလျက်ဖြင့် ခုတ်ထွင်ဖြတ်ပိုင်း၍ အလိုရှိတိုင်း အောင်မြင်တော် မူလေ၏။ ။ဇိတ္တာ၊ ပါရမီစက်တန်ခိုးဖြင့် ဖျက်ချိုးအောင်မြင်တော် မူပြီး၍။ ဇိနာပေသိ၊ သံသရာ ဂရက်အိုင်တွင် မတက်နိုင် လက်မှိုင် ချကာ နေကြရှာတဲ့ ဝေနေယျ သတ္တဝါ အပေါင်းတို့ ကိုလဲ.... အောင်မြင်ရာ အောင်မြင်ကြောင်းဖြစ်စေတော်မူပြီ။ ။သောဇိနော၊ ဗောဓိပင်ခြေ ပလ္လင်ဗွေဝယ် အသင်္ချေ မာရ်မင်းကို ဖျက်ခွင်း အောင်မြင်တော်မူသော မြတ်စွာဘုရား သခင်သည်။ မေ၊ နာမ်ရုပ် ကလာပ် ပေါင်းအပ်ခန္ဓာ သူ-ငါ အတ္တာ ရှာမရသည့် ဓာတ်ခဲ ဓာတ်ရုပ် အကျွန်ုပ်အား။ ဇယံ၊လောကီမှာလဲအောင် လောကုတ္တရာ မှာလဲ အသားတက် သံသရာဘဝအဆက်ဆက်မှာ ပါရမီလက်နက် တည်းဟူသော အောင်ပွဲကြီးကို။ ဒေတု၊ ဒုက္ခကင်းဝေး ရန်ဘေး မသန်းရအောင် ချမ်းသာရန်ရည်ရွယ်လျက် အထူးသဖြင့် အရေးသော· ၍ ပေးသနားတော်မူပါ ဂရုဏာတော်သခင် အရှင်ဘုရား။

ဤကား အောင်တော်မူပလ္လင် ဖွင့်ဂါထာပြီး၏။

---

## အဘိဓမ္မာတရားတောင်း

သဏ္ဍာဝါမိုလ်ခြေ၊ များဝေနေတို့၊ သုံးထွေကာပ၊ ပိပါကာဟု၊ ဂိုစ်ကြရပ်နာဝ်၊ အဖန်ဖန်ကို၊ ပြန်လှန်တွေးဆ၊ မစဲကြဲဘဲ၊ လေးဝ ဂိုင်ကျယ်၊ ဖြစ်ပင်လယ်မှာ၊ ဆုံလည့် သည့်နွား၊ ပပါ လားသို၊ ဖြစ်ကြွားသံသာ၊ ကိုယ်မဏ္ဍာကို၊ စိတ်ဖြာလက်ရွေး၊ မစစ်ဆေးဘဲ၊ [illegible]ကာ[illegible]ကာ၊ နွှေရှက်ကြာ၍၊ အခါအပုံ၊ လွန်ခဲ့တုံပြီ၊ လူ့ဘုံ လူ့ရွာ [illegible]ဘာ၌၊ ကြီးသာခဲ၍၊ ပြန်ပြန်ရလဲ၊ ကြုံရရုံသာ၊ [illegible]

ရှာသော်၊ ခက်စွာသမုတ်၊ အကောင်ပုပ်ကို၊ နာမ်ရုပ်ပိုင်ပိုင်၊ မသိနိုင်၍၊ လက်မှိုင်ချထား၊ မေ့သူများကို၊ တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီးလျက်၊ ပြည်ကြီး နိဗ္ဗာန်၊ စိတ်ကသန်၍၊ အမှန် မထောက်၊ ဝပ်တွားရောက်လျက်၊ မျက်မှောက်ထင်ထင်၊ တရားယဉ်ကို၊နားဝင်အောင်သာ၊ ဟောပြ မိန့်တော်မူပါ၊ ဓမ္မကထိက၊ အရှင်သူမြတ်ဘုရား။

## ဓမ္မဘေရီ ရွှေပဟိုရ်စည်ဂါထာ

မဓ္မောသရ ဓမ္မဘေရိံ၊ အဟောဝတ မဟာသဘော။
ဘိယျော ဃဋ္ဋိတံ သဒ္ဒမ္ဗံ၊ သဒ္ဒံ သုတွာန ပီတိနာ။

မဟာသဘော၊ လူမင်းတွေ နတ်မင်းတွေ ဗြဟ္မာမင်းတွေ ဝပ်စင်းခယ ယခုလာကြတဲ့ မဟာသဘင်တော်ကြီး၌။ ဓမ္မဘေရိံ၊ သံသရာဝဋ်ဘေးအပေါင်းမှ လွတ်စေကြောင်းဖြစ်တဲ့ တရားတော်စည် နားဝမှာ အလွန်ချိုသည် ကြားနာရ တော့မည့် တဟိတိ တဒိဒိနှင့် အမည်ပုံတီး တရားတည်းဟူသော စည်တော် ကြီးကို။ ဃဋ္ဋိတံ၊ စိတ်ရောကိုယ်ပါ ရိုက်တီးလိုက်ပါသော။သဒ္ဒံ၊ သံစုံခရုသင်း စောင်းငြင်းတူရိယာ ခရာတပိုး အမျိုးမျိုး အဖြာဖြာသော အသံ, ကြိုးကြာသံ, အိုးဝေအသံ, ဥဩအသံ,ထိုအသံတို့ထက် သာယာကဲလွန် မွန်မြတ်သေသည့် ပြေနဂို ပြည်ပေါ်လျှံသည့် ရွှေပဟိုရ် စည်တော်သံကို။ ဘိယျော၊ ပိုင်ပိုင်နိုင်နိုင် ကျကျနန သေသေချာချာ။ သုတွာန၊ တအောင့်လောက် ကြားနာရသည် ရှိသော်။ သဒ္ဒမ္ဗော၊ ပြေနဂိုပြည် ရွှေပဟိုရ်စည် နားဝမှာချိုသည် ကြားရပြန်သကိုဗြိုဩ်-သူတော်ကောင်း တရားတည်းဟူသော စည်တော်သံ ထိုကို သည့်၊ အဟောဝတ၊ ကမ္ဘာတလောကမှာဖြင့် မပြောပြနိုင်အောင် ချီးမွမ်း အံ့ဩဘွယ်ကောင်းလေစွတကား။ ပီတိနာ၊ ဖရဏာပီတိ ငွမ်းဆီထိသလို ကအိအိ တထိန်ထိန် တရှိန်ရှိန် နှစ်သက် ခြင်းဖြင့်။ သဒ္ဒမ္ဗံ၊ နေ့ရော-ညရောပဟိုရ် နားဝမှာချို ကြားရပြန် သကို.... သူတော်ကောင်းတရားတည်းဟူသော စည်တော်သံထိုထိုကို။ ပေါ

တုမှေ၊ စိတ်အား ကိုယ်အားနှင့် တရားနာလာကြတဲ့ သင်သူတော် ကောင်း အပေါင်းတို့သည်။ သုဏာထ၊ ရွှေပဟိုရ်စည် တီးတာ ကြောင့် ထီးအမတ နိဗ္ဗာန်နန်းဆီသို့ ဟက်လှမ်းကာ အသာစံရ အောင် ရတနာ့အမှန် တရားအရသာတွေကို အားရစွာနာလိုက်ကြ ကုန်ရာသတည်း။

---

## ရှစ်လုံးဘွဲ့ကဗျာ

၁။ သံစုံခရာသင်း-စောင်းငြင်းအပေါ်၊
ကြားသူသောတ-ဆင်ကြပါနော်၊
နာလိုမငြီး-ဟီးဟီးသံတော်၊
ရွှေစည်ကြီး-ရိုက်တီးပါပြီနော်။

၂။ ကြားရများက-နားဝချိုသည်၊
အောင်စေ အောင်ကြောင်း-အောင်မောင်း အောင်စည်၊
နေ့ရော ညရော-သောသောကြွယ်သည်၊
ရွှေစည်ကြီး-ရိုက်ဟီးပါတော့ပြီ။

၃။ လာကြလာကြ-သဟာယမိတ်ဆွေ၊
လောဘဒေါသ-မောဟတွေဝေ၊
အိပ်ပျော်နေကြောင်း-အပေါင်းလူတွေ၊
ရွှေစည်ကြီး-ရိုက်တီးပါပြီလေ။
ရွှေပဟိုရ်စည် ရစနာဂါထာပြီး၏။

---

## ဩကာသအဓိပ္ပါယ်အကျယ် ကန်တော့ခန်း

ဩကာသ ဩကာသ အခွင့် ပေးသနားတော်မူပါ ဘုရား....။ ကာယကံ,ဝစီကံ,မနောကံ-တည့် ဟူသော သုံးပါးသော ကံတို့တွင် တပါ ပါးသောကံတို့ဖြင့် ကျူးမိသည့်၊ ပြောဆိုမိသည်၊ ပြစ်မှားမိသည် ရှိသော် ထိုအပြစ်တို့ကို ကင်းလွတ် ပျောက်ပါစေခြင်း အကျိုးငှာ ပဌမ-ဒုတိယ-တတိယ တကြိမ်-နှစ်ကြိမ်-သုံးကြိမ် မြောက်အောင် မဟာသမုဒ္ဒရာ ဂင်္ဂါဝါဠု၊ သဲစုမက ပွင့်တော်မူပြီး ပွင့်တော် မူအံ

ပွင့်တော်မူလတ္တံ့ဖြစ်ကုန်သော ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာ မြတ်သုံးပါးတို့ကို တပည့်တော်ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏။ ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော မဟာကုသိုလ် ဇောစေတနာ တို့ကြောင့်....

ငရဲကြီး ငရဲငယ် ဘုံဘဝသို့ ခံစားရခြင်း တည်းဟူသော ငရဲအပါယ်၊ ဒုဂ္ဂတိ တိရစ္ဆာန်ဘုံဘဝသို့ ဖြစ်ရခြင်း တည်းဟူသော တိရစ္ဆာန်အပါယ်၊ ပြိတ္တာဘုံဘဝသို့ လားရခြင်း တည်းဟူသော ပြိတ္တာအပါယ်၊ အသူရကာယ် ဘုံဘဝသို့ ခံစားရခြင်း တည်းဟူသော အသူရကာယ်အပါယ်။

သတ္တဝါအချင်းချင်း သတ်ဖြတ်ခြင်း တည်းဟူသော သတ္တန္တရကပ်၊ ဇွဲ-ဖြာရောဂါနှိပ်စက်ဖျက်ဆီးခြင်း တည်းဟူသောရောဂန္တရကပ်၊ ငတ်မွတ်ခေါင်းပါးခြင်း တည်းဟူသော ဒုဗ္ဘိက္ခန္တရကပ်။

ငရဲဘုံဘဝဌာနရပ်ပြစ်၊ တိရစ္ဆာန်ဘုံဘဝ ဌာနရပ်ပြစ်၊ ပြိတ္တာဘုံဘဝ ဌာနရပ်ပြစ်၊ အမိဝမ်းတွင်း၌ အင်္ဂါကြီး,ငယ် ချို့တဲ့သော ရပ်ပြစ်၊ ဇနပုဒ်တိုင်း၌ဖြစ်သော ပစ္စန္တရစ်ရပ်ပြစ်၊ ဘုရားမပွင့်သော မြေရာဒေသဌာနရပ်ပြစ်၊ အယူမှား၍ နေသော မိစ္ဆာဒိဋ္ဌိ ရပ်ပြစ်၊ ရုပ်တရားကားမရှိ နာမ်တရားသက်သက်သာ ရှိသော အရူပဘုံ, နာမ်တရားကားမရှိ ရုပ်တရားသက်သက်သာရှိသော အသညသတ်ဘုံဌာနရပ်ပြစ်။

နစ်မွန်းဆုံးရှုံးအောင် ဖျက်ဆီးတတ်သော ရေ,ရန်သူ၊ အလုံးစုံလောင်ကျွမ်း၍ ဖျက်ဆီးတတ်သော မီး,ရန်သူ၊ ကမ်းနား သစ်ပင်ကဲ့သို့ပျက်စီးနှိပ်စက်စေတတ်သော မင်း,ရန်သူ၊ ဥစ္စာနှင့်အသက်ကို မငဲ့ကွက်ဘဲ ရက်စက်စွာ ညှဉ်းဆဲတတ်သော ခိုးသူ-ခားပြ ရန်သူ၊ ဒေါသမုန်းထား မေတ္တာနည်းပါးသော မချစ် မနှစ်လိုသူရန်သူ။

ခေတ်အခါ မကောင်း၍ သောင်းပြောင်းဖြစ် တတ်သောကာလ ဝိပတ္တိ၊ တပါးသူ၏ လှုံ့လကြောင့် ဒုက္ခရောက်တတ်သောပယောဂ ဝိပတ္တိ၊ မဟာဘုတ် ဖောက်ပြန်၍ အင်္ဂါမပြည့်စုံတတ်သော ဥပဓိ

ဝိပတ္တိ၊ မကောင်းသောဘဝသို့ လားရောက်တတ်သော ဂတိဝိပတ္တိ၊ ဆွေကြီးမျိုးကြီး ပျက်စီးခြင်းကို တွေ့ကြုံ တတ်သော ဉာတိဗျသန၊ ရွှေ,ငွေ,ဘဏ္ဍာ, ပစ္စည်းဥစ္စာ ပျက်စီးခြင်းကို တွေ့ကြုံတတ်သော ဘောဂဗျသန၊ ၉၆–ဖြာ ဝေဒနာနှိပ်စက်ခြင်းကို တွေ့ကြုံတတ်သော ရောဂဗျသန၊ ဆရာမှား တရားမှား အယူမှားနှင့် တွေ့ကြုံတတ်သော ဒိဋ္ဌိဗျသန၊ အကျင့်မှားလျက် တွေ့ကြုံတတ်သော သီလဗျသန။

ဤသို့ မကောင်းသောတရားတို့မှ မတွေ့မကြုံ ဘဝတိုင်းကင်းငြိမ်း ကုန်သည်ဖြစ်၍ အဆုံးဘဝနောင်ကာလ၌ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ဝဋ္ဋဘဝတိုတို၌ ရောက်ရပါ လိုကုန်၏အရှင်ဘုရား။

ကန်တော့ဆုတောင်းခဏ်း ပြီး၏။

---

## ရှေးဦးစွာသရဏဂုမ်သုံးပါးဆောက်တည်ရန်

ဘုရား–တရား–သံဃာ–ရတနာ မြတ်သုံးပါးကို စိတ်စေတနာ ညွတ်တွား၍ ရှိသေဖလးမြတ်စွာ ရှိခိုးပါ၏။

လှုပ်လှုပ်ရွရွရှိရှိသမျှ သတ္တဝါများ ချမ်းသာခြင်းကို ဆောင်နိုင် ကြပါစေ၊ ကျန်းမာခြင်းကိုဆောင်နိုင်ကြပါစေ၊ ဘေးမယိ ရန်မငြိ အန္တရာယ်စိုးစဉ်းမျှမရှိကြ၍ ငြိမ်းကြပါစေ....။

၁။ သက်တော်ထင်ရှား မြတ်စွာဘုရားကိုရင်း၊ မြတ်စွာဘုရား၏ ဂုဏ်တော် ၉–ပါးကိုရင်း သိမြင်ခြင်းပညာ ညဏ်ရှေ့သွား ရှိသော, ယုံကြည်ခြင်း သဒ္ဓါတရား ရှေ့သွားရှိသော မဟာကုသိုလ် စိတ်စေ ဘာသိက်စေတအစုဟု ဆိုအပ်သော ဗုဒ္ဓသရဏဂုမ်။

၂။ တရားတော်မြတ် ၁၀–ပါးကိုရင်း၊ တရားတော် မြတ်၏ ဂုဏ်တော် ၆–ပါးကိုရင်း သိမြင်ခြင်း ပညာညဏ် ရှေ့သွားရှိသော, ယုံကြည်ခြင်းသဒ္ဓါတရား ရှေ့သွားရှိသော မဟာကုသိုလ် စိတ်စေ ဘာသိက်စေတအစုဟု ဆိုအပ်သော ဓမ္မသရဏဂုမ်။

၃။ အရိယာ သာဝက သံဃာတော် မြတ်ကိုရင်း၊ သံဃာတော် မြတ်၏ ဂုဏ်တော် ၉–ပါးကိုရင်း သိမြင်ခြင်း ပညာညဏ် ရှေ့သွား

ရှိသော, ယုံကြည်ခြင်းသဒ္ဓါတရား ရှေ့သွားရှိသော မဟာကုသိုလ် စိတ်စေတသိက်ဇောအစုဟု ဆိုအပ်သော သံဃာ သရဏဂုဏ်။

---

## ငါးပါးသီလ အနက်အဓိပ္ပါယ် ဆောက်တည်ရန်

ဤဆိုအပ်ခဲ့ ပြီးသော ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ် ရတနာ မြတ်သုံးပါးကို အသက်ထက်ဆုံး ဘုရား တပည့်တော် ဆောက်တည်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်ဘုရား၊ ဤသို့ ဆောက် တည်ပြီး၍ (၁) သူတပါးအသက်ကို မသတ်မဖြတ် မညှဉ်းဆဲပါ၊ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။ (၂) သူတပါး ဥစ္စာပစ္စည်းကို မခိုး-မဝှက် မလုမယက်ပါ၊ ရှောင်ကြဉ် ပါ၏ အရှင် ဘုရား။ (၃) သူတပါး၏ သားမယားအိမ်ရာကို မဖျက်ဆီးပါ၊ ရှောင်ကြဉ် ပါ၏အရှင်ဘုရား။ (၄) မဟုတ်မတရား လိမ်လည် လှည့်ဖြား၍ မုသားစကားကို မပြောဆိုပါ၊ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား ။

၅။ သေရည်သေရက်, ဘိန်းဘင်း ကဇော်, လှော်ဇာ, အရက်, ခနိရေ, ကုတ်ကင်း,မာဖီရားစသော မူးယစ် မေ့လျော့စေတတ်သော ဝတ္ထုအမျိုးမျိုးတို့ကို တပည့်တော်မစားမသောက် မသုတ်မလိမ်းပါ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။ (ဤကား ငါးပါးအတွက်တည်း)။

(ရှစ်ပါးသီလကား)။ ။နှစ်ယောက်အမှု အချစ်တူသည့် ရွာသူ တို့၏ အလေ့အကျင့်ဖြစ်သော မေထုနသံဝါသ၊ အဗြဟ္မ စရိယကို မပြုကျင့်ပါ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

၆။ နေလွဲသော ဝိကာလ ခါသမယ၌ မစားထိုက်သော သစ်ဖု သစ်ဥ, သစ်မြစ်, သစ်သီး, သစ်ရွက်, သစ်ပွင့်, ကောက်ပဲ တည်းဟူ သော ထမင်း၊ ကုန်းသား, ရေသား, ငါး, အမဲ, မုံ့လုံး ကြွင်းသမျှ မုံ့တည်းဟူသော ခဲဘွယ်ဘောဇဉ် ချိုချဉ် အရသာတို့ကို ဘုရား တပည့်တော် မစားမသောက် ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

၇။ ကိုယ်တိုင်ကခြင်း၊ သူတပါးတို့ကိုအကခိုင်းခြင်း၊ ကိုယ်တိုင် တေးသီချင်းဆိုခြင်း၊ သူတပါးတို့ကို အဆိုခိုင်းခြင်း၊ စောင်း,တရော, ဘင်ဂျို,ဘာဂျာ,ပတ်သာ,လင်းကွင်းစသော တူရိယာကို ကိုယ်တိုင်

တီးခြင်း၊ သူတပါးတို့ကို အတီးခိုင်းခြင်း၊ နှဲ, ပြွေ, ပတ်ငွန်း, ခရာ စသည်ကို ကိုယ်တိုင် မှုတ်ခြင်း၊ သူတပါးတို့ကို အမှုတ်ခိုင်းခြင်း၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏ စိတ်အစဉ်ဝယ် ငြောင့်တံကျင်သဘွယ် ဖြစ်သော ပွဲလမ်းသဘင်ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပြောက် ထိုးခြင်း၊ နံ့သာပတ်တို့ဖြင့် နိမ့်ရာကိုဖို့ဖြည့်ခြင်း၊ အမွှေးရည်, အလှရည်တို့ဖြင် ခြယ်လယ်သုတ်လိမ်း တန်ဆာဆင်ယင်ခြင်း တည်းဟူသော ရာဂ, မောဟ ဖြစ်ကြောင်းဖြစ်သော မကောင်းသောအပြစ်ကို မပြုကျင့်ပါ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

၈။ တထောင့်ထွာထက်မြင့်သောအိုးတား လက်တင်မပါသော တယောက်အိပ်ကုတင် ညောင်စောင်း အင်းပျဉ်ပေါ်၌၎င်း၊လဲ, ပါ, ဝွမ်း စသော နူးညံ့ ပျော့ပျောင်းသော မြင့်သောနေရာ၊ မြတ်သောနေရာတို့၌၎င်း အိပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ကိုမျှ မပြုပါ ရှောင်ကြဉ်ပါ၏ အရှင်ဘုရား။

ဤသို့ သရဏဂုမ်သုံးပါးနှင့် ရှစ်ပါးသော သီလတော် မြတ်ကို ဆောက်တည်ရသော မဟာကုသိုလ်ဇော စေတနာကြောင့် အစေစ်နိဗ္ဗာန်၊ အချမ်းသာစစ် နိဗ္ဗာန်သို့ ဘဝတိုတိုနှင့် ရပါလို၏ အရှင်ဘုရား။

ဤကား ရှစ်ပါးသီလ အနက်အဓိပ္ပါယ်ဆောက်တည်ပုံ ပြီး၏။

---

ရတနာ ဂုဏ်ပန်းတရားတော်

ဂုဏဝန္တေ ပဿန္တိ ဇနာ။ ဇနာ၊ လူတို့သည်။ ဂုဏဝန္တေ၊ ဂုဏ်ရှိကုန်သောသူတို့ကို။ ပဿန္တိ၊ မြင်ကြကုန်၏။

ဆိုတဲ့အတိုင်း လောကမှာ ဂုဏ်ရှိမှ လူတွေက ရှိသေကြတယ်၊ ဂုဏ်ရှိမှ လေးစားတယ်၊ ဂရုစိုက်တယ်၊ ခင်မင် မြတ်နိုးကြတယ်၊ ဂုဏ်မရှိရင်မရှိသေကြဘူး၊ မခေါ်ချင်ကြဘူး၊ မပြောချင်ကြဘူးနော်၊ ဒီလိုဆိုတော့ သူသူငါငါ လူသတ္တဝါတွေဟာ ဂုဏ်ရှိအောင်ကြိုးစားအားထုတ်နေကြတယ်ဆိုရင် မှားမယ်မဟုတ်ဘူး။

ရွှေ,ငွေ,ကျောက်,သံ,ပတ္တမြား အဝတ်တန်ဆာ အဖြာဖြာအဖုံဖုံ အစုံစုံ အခမ်းခမ်း ဆန်းဆန်း ကြယ်ကြယ် အသွယ်သွယ် အဝဝ ဝတ်ဆင်လို့ပြကြတာကလဲ ဂုဏ်ရှိအောင်လို့ဘဲမဟုတ်လား၊ အိမ်ကြီး, တိုက်ကြီး အသီးသီးနှင့် ကားကြီး,ကားငယ် အသွယ်သွယ် အဆန်း ဆန်း ရှုလို့ပင်မခန်းနိုင်အောင် ဂုဏ်ရောင်တွေ လွှမ်းလိုက်ကြတာ နေ့ရှိသမျှ အချိန်တွေသာ ကုန်လို့သွားတော့တာဘဲ။

ဒီလိုဆိုရင် ဂုဏ်အရှိန်အဝါတွေ ဝင်းထိန်လို့သွားကြပါသလား ဆိုတော့ အဘယ်မှာလျှင် ဝင်းထိန်လို့သွားမှာလဲ၊ မဝင်းမထိန်တာ အမှန်ဖြစ်တယ်၊ ဂုဏ်ကြီးရှင်တွေက ပြောကြ,ဆိုကြလိမ့်မယ်၊ ဂုဏ်ရှိ အောင်လုပ်လိုက်ရလို့ ဂုဏ်ပကာသန တွေဟာ ထိန်ထိန် ပလွှား ခြေဖျားများတောင် မြောက်ကြွလို့သွားတာဘဲဟု လျှာမှာ အရိုး မရှိတိုင်းပြောကြမှာအမှန်ဘဲ။

ဘာဘဲပြောကြ ပြောကြ ကာမဂုဏ် မာန်စိတ်နဲ့ သွေးနထင် ရောက်လို့မို့ အထင်ကြီးပြီးပြောဆိုနေကြတယ်လို့သာ မှတ်လိုက်ကြ၊ ကာမဂုဏ်မာန်စိတ်နဲ့ အထင်ကြီးလို့သာ သူ့ထက်ငါ သာအောင် လောကထဲမှာ ဂုဏ်တုဂုဏ်ပြိုင် ဂုဏ်နိုင် ဂုဏ်လွှား ဂုဏ်လုပ်ပြီး ကြွား၍နေကြတာ အမှန်ပါဘဲ။

ဒီနေရာမှာ သတိတရားလေးတခု ပေးလိုပါတယ်၊ လောကမှာ အတူမမြင် ဇမ္ဗူခွင်၌ လူတွင်ထင်ရှား ဘုရားရယ်လို့ ဖြစ်ပေါ် လာတာဟာလဲ အဲဒီလို ဂုဏ်တု ဂုဏ်ပြိုင် ဂုဏ်နိုင် ဂုဏ်လွှား ဂုဏ်လုပ်ပြီး ကြွားနေကြတဲ့ ကိုကြွားတို့ မယ်ကြွားတို့အတွက် ဘုရား ပွင့်လာတာ မဟုတ်ဘူးဆိုတာကိုတော့ မှတ်ထားစေချင် ပါတယ်။

ဘုရားမွေ့,တရားမွေ့,သံဃာမွေ့ ဆိုတဲ့ မွေ့ချင်တိုင်း မွေ့နေကြတဲ့ ကိုမွေ့-မယ်မွေ့တို့ တတွေဟာ ကာမဂုဏ်မာန်စိတ်နဲ့ ဂုဏ်လုပ်နေ ကြလို့ နေ့တွေ ရက်တွေကလဲကုန်၊ အသက်တွေကလဲကြီး၊ အချိန် မစီးဘဲ အချည်းနှီး ဖြစ်နေကြတာကို အင်မတန် နှမြော စရာ ကောင်းတဲ့ အချိန်ကောင်းကို လက်လွှတ်သွားရတော့မယ်ဆိုတာလဲ သေသေချာချာ မှတ်ထားစေချင်တယ်။

နောင်လဲ ဒီအချိန်ကောင်းမျိုးရတို့ မလွယ်ပေဘူးနော်၊ အဲဒါ ကြောင့် ဆောင်ပုဒ်လင်္ကာ မှတ်သားစရာ၊ ပြတ်သားစွာ ရွတ်ဆိုလို့ ပြလိုက်ပါမယ်။

မှတ်သားစရာလင်္ကာ

မျှားလှဝေနေ၊ ကျိုးဖြစ် စေတို့၊ ပရမေ ဘုရား၊ ပွင့်ပေါ်
ငြားလဲ၊ တရားကင်းကွာ၊ လူမိစ္ဆာနှင့်၊ ဗြိတ္တာအလား၊
သော်ကျော့များတို့၊ လူကြွားတို့တွက်၊ ပွင့်လျက် ဆိုရန်၊
မဟုတ်တန်တဲ့၊ ဘုန်းကမ်ပါရမီ၊ စာဂီတင့်ထူး၊ သမ္ဘာမြူး
သည့်၊ သာထူးကြောင်းမြော်၊ လေးင်းမပေါ်သို့၊ စောင့်
မြော်လင့်ခါ၊ ဖင့်မကြာဘဲ၊ ပွင့်လာဘုရား၊ တို့အားထား
သည်၊ တို့ကား-အတွက်ပေတည်း။

အဲဒီလိုအချိန်ကောင်း အခါကောင်းကြီးကို လက်မလွှတ်သွားရ အောင် ကြိုးစားသင့်ကြောင်း၊ လူကြွားတို့အတွက် လူမေ့တို့အတွက် ဘုရားပွင့်တာ မဟုတ်ကြောင်း၊ ဘုန်းရှင်, ကံရှင်, ပါရမီရှင်တို့ရဲ့ အတွက် ဘုရားပွင့်လာရကြောင်း တို့ကို ထင်ရှားပြဆိုခြင်း ဖြစ်ပေ တယ်။

ဘုရားပွင့်တဲ့ အချိန်ကောင်း လက်မလွှတ်ရအောင် ဂုဏ်ပကာ သနတွေ အထင်မကြီးဘဲ အမှန်တရားကို အမြင်ကြီး မြင်ပြီး လော ကုတ္တရာ ဂုဏ်ပန်းကို သူ့ထက်ငါ ဝတ်ဆင်လို့ မြန်းကြရမယ်၊ ဂုဏ်ပန်းကိုပန်ဆင်ကြတဲ့လူကြီး,လူငယ်,လူရွယ်,လူလတ် မြင့်မြတ်တဲ့ သူတော်စင် အပေါင်းတို့သည် ရှေးအခါက ဗုဒ္ဓနိုင်ငံ တော်မှာ အင်မတန် ပေါများ ထွန်းကားခဲ့ပါတယ်၊ ထိုသို့ ထွန်းကားခဲ့ပါ သောကြောင့် ထိုစဉ်အခါက လူငယ်လူရွယ်များဟာ လူကြီး,မိဘ- ဆရာသမားများကိုရိုသေကြ၊ ကိုင်းညွတ်ကြ၊ စကားကို နားထောင် ကြတယ်၊ အင်မတန်လိမ္မာကြတယ်လို့ ဆိုလိုတာပေါ့။

ယခုကာလ လူငယ် လူရွယ်ကလေး များကတော့ ဆရာသမား လူကြီးမိဘများကို မရိုသေ မကိုင်းညွတ်၊ စကားကို နားမထောင် ကြဘူး၊ အဲဒါဟာ ပင်ကိုယ်စိတ်ကို ထိန်းချုပ်ထားတဲ့ ယဉ်ကျေးမှု

သဘောမရှိလို့ပါဘဲ၊ ယဉ်ကျေးမှု အစစ်ဟာ ဂုဏ်ပန်းမှာ ရှိတယ် ဆိုဘာ သဘောမပေါက်နိုင်ဘူး၊ လူကြီးမိဘ များက သွန်သင်ပြသ ဆုံးမကြရမဲ့တာဝန်ရှိတယ်။ ဒီတာဝန်ကိုမမေ့အပ်ရပေဘူး။

ရှေးက လူငယ်-လူရွယ်များဟာ ညအိပ်ရာဝင် ဘုရားရှိခိုး ကြရ တယ်။ လူကြီး မိဘ-ဆရာသမားများကိုလဲ ရှိခိုးလို့ အိပ်ကြရတယ်။ ဒါကြောင့် ရှေးကဆိုရိုးရှိတာက....

ညနေချမ်း ဂုဏ်ပန်းကိုတဲ့ ဆင်ကာပန်၊
ဂုဏ်ပန်း ပန်တဲ့ ခင်ခင်လေး ပန်းစော်နံ့မွှေး-လို့

ဆိုကြတာဘဲ၊ သီလ,သမာဓိ, ပညာဆိုတဲ့ သိက္ခာဂုဏ်၊ လောက ဓမ္မ နှစ်ဝသော အကျိုး ပွားတိုးစေတဲ့ ကျေးဇူးဂုဏ်၊ အဲဒီလို အနှစ် သာရတွေနဲ့ပြည့်စုံတဲ့ဂုဏ်ပန်းမို့ ပန်းစော်နံ့မွှေးတာပေါ့။ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်မက သင်းရနံ့မွှေးကြိုင်လို့သွားတာဘဲ။

အဲဒီလိုဂုဏ်ပန်းကို ပန်ဆင်ပြီး အိပ်လေတော့ အိပ်စက်လို့ပျော် သွားပေမယ့် ပန်းစော်နံ့က ခတော့ ရပ်နားလို့ မနေပါဘဲ တမွှေး ထဲမွှေး, တကြိုင်လဲကြိုင်, တလှိုင်ထဲလှိုင်, မြိုင်မြိုင် ဆိုင်ဆိုင် ဖြစ်လို့ နေတော့တာဘဲ။

နံနက် အိပ်ရာက ထလို့ရှိပြန် ရင်လဲ မျက်နှာသစ်ပြီးရင် ဘုရား ရှိခိုးလို့ မေတ္တာပို့လို့အမျှဝေ သောက်တော်ရေ၊ ပန်း၊ ဆီမီး ပူဇော် ခြင်းတို့ဖြင့် နေ့စဉ် ဝတ်ပြုကြလို့ ထကြတယ်၊ အဲဒါ ဂုဏ်ပန်းကို ပန်ဆင်တာဘဲ၊ ဒါကြောင့်....

နံနက်ချမ်း ဂုဏ်ပန်းကိုတဲ့ ဆင်ကာပန်၊
ဂုဏ်ပန်း ပန်တဲ့ ခင်ခင်လေး ပန်းစော်နံ့မွှေး-လို့

ရှေးက ဆိုကြပြန်တယ် ဒီလို ဂုဏ်ပန်းကို ပန်ဆင်ခြင်း တို့ဖြင့် အတွင်းလဲလှတယ်၊ အပြင်ကလဲလှတယ်၊ အတွင်းလဲလှ အပြင်လဲလှ ဆိုတော့ ပြောစရာမလိုတော့ဘူးပေါ့။

လောကမှာ လှတယ်ဆိုကြတာက အပြင်လှတာကို တကယ် ထင်ပြီး ပြောဆိုနေကြတာဘဲ။ အတွင်းသဘောကတော့ လှချင်မှ

လှမယ်၊ ဒီလိုဆိုတော့ ဖိုးလှချင်တွေ, မယ်လှချင်တွေ သူ့ထက်ငါ လှအောင်လို့လောကီဂုဏ်ပုဒ်တွေကို ပုံတုတ်လို့ပြလိုက်ရတာက နေ့ရှိ သမျှအမောပါပဲ။ မောသာမောတယ် တကယ်လှသလား့,တကယ် မွေးသလားဆိုတော့ ဘယ်မှာလှနိုင် မွေးနိုင်ပါ့မလဲ။

တခုသော တံခါးပေါက်ကဝင် ကိုးပေါက်သော တံခါးပေါက် တွေက အမြဲယိုစီးလို့ထွက်နေတော့ မသဒ္ဒိစရာအချက်အလက်တွေ ကြောင့် မာနဂုဏ်တက်ကာ ဟန်ပန်တွေလုပ်ပေမယ်လို့ အမောသာ အဖတ်တင်ရရှာတယ်။

ဂုဏ်ပန်းကိုပင်ဆင်ကြတဲ့ ခင်ခင်လေးတွေကတော့ မောစရာလဲ မလိုဘူး၊ ပန်းစရာလဲမလိုဘူး၊ ဒါ့ကြောင့် သတောမန္တမ်း ပမော မာန်းတဲ့ ဂုဏ်ပန်းလို့ ခေါ်ဆိုရတယ်။ ဘဝင် ဟဒယမှာ အစဉ် ထာဝရမွှေးကြိုင်လို့နေတော့တာပဲ။

အဲဒီလို ရှေးက ခင်ခင်လေးတို့ မောင်မောင်လေးတို့ ဂုဏ်ပန်းကို ပန်ဆင်ကြတယ်ဆိုတာ လူကြီးတွေ ကိုယ်တိုင်က ပန်ဆင်ကြလို့ပဲ ဒါ့ကြောင့်....

ညနေချမ်း ဂုဏ်ပန်းကိုတဲ့ ဆင်ကာပန်၊
ဂုဏ်ပန်းပန်တဲ့ ဦးတော်ရင်း ပန်းစော်နံ့သင်း၊
နံနက်ချမ်း ဂုဏ်ပန်းကိုတဲ့ ဆင်ကာပန်၊
ဂုဏ်ပန်းပန်တဲ့ ဒေါ်ဒေါ်ရင်း ပန်းစော်နံ့သင်း။

အဲဒီလို လူကြီး မိဘ-ဖြစ်တဲ့ ဦးတော်ရင်း, ဒေါ်ဒေါ်ရင်းတို့ ကိုယ်တိုင်က ရတနာသုံးပါးကို လေးစား ယုံကြည်ကြ တာကို ရှေးကနဲ့ ယခုကာလ ကွာခြားပုံကလေး ပြောလိုပါတယ်။ ယခု ကာလ လူကြီးမိဘတွေဟာ ဦးတော်ရင်း ဒေါ်ဒေါ်ရင်း လောက် ဘုရားကို ရှိခိုးကိုးကွယ်ကြမှာလား၊ ဘာဖြစ်လို့လဲဆိုတော့....

တခါတုန်းက မြန်မာ မိဘများက သားသမီး များကို အိပ်ရာဝင် ဘုရားရှိခိုး ခိုင်းကြတယ်၊ အဲဒီလို ဘုရားရှိခိုး ခိုင်းပေမဲ့ သားသမီးများကလဲ ရှိခိုးကြတယ်။ မိဘများက မခိုင်း ပေမဲ့လဲ သားသမီးများကလဲ ရှိခိုးကြတော့ဘူးလဲ။

အဲဒီတော့ မိဘများက စဉ်းစားတယ် ငါတို့ သားသမီးတွေ ဘာဖြစ်လို့ မနိုင်းရင် ဘုရားရှိမခိုးပါ သလဲလို့ စဉ်းစား တော့မှ ကြော်...သိပြီ၊ ငါတို့မိဘ ကိုယ်တိုင်က တခါမှ ဘုရားရှိခိုး မအိပ်သဲကိုး-လို့၊ အဲဒီတော့ သတိရသတဲ့။ ခုကာလ မိဘများသည် ဦးတော်ရှင်း ဒေါ်မဒေါ်ရင်း မဖြစ်နိုင်ဘူးဆိုဒါ ထင်ရှားဒါဘဲ၊ အဲဒါ တွဲတွဲပြောတာ ရိပ်မိကောင်းပါရဲ့။

## မြတ်စွာဘုရားဟော

ကိုင်း-ဂုဏ်ပန်းမွေးပုံကို မြတ်စွာဘုရားက ဘယ်လိုဟောပါသလဲ ဆိုဒါ ဓမ္မပဒပါဠိတော်ကြီးမှာ ဟောပြထားတယ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံး နေတော်မူတဲ့ အခါ ညီတော်အာနန္ဒာက မြတ်စွာဘုရားကိုလျှောက်ထားတယ်။

အဲဒီမေးလျှောက်တဲ့ပြဿနာစကားကို မြတ်စွာဘုရား ဖြေကြားပုံက ချစ်သား အာနန္ဒာ-ဟန်နီကော်, ရင်ကာဝ်, ဇလဝ်, ဇီဇဝါ, ထပ်တရာနှင်းပန်း အစရှိတဲ့ လောကပန်းတွေသည် လေအောက်ကိုသာမွေးတယ်၊ လေညာကိုကျော်သန်းပြီး မမွေးနိုင်ဘူး။ ယူဇနာ တိုင်တိုင်သင်းကြိုင်မွေးပြန့်သော စကြာဝတေးမင်း၏ မိဖုရားများသာ ပန်ဆင်တိုက်တဲ့ စန္ဒကူးပန်းဟာလဲ လေအောက်ကိုသာ မွေးတယ်၊ လေညာကိုကျော်သန်းပြီး မမွေးနိုင်ဘူး။

ခတောင်ဇလပ်ပန်း, မလ္လိကာပန်းတို့လဲ နတ်ပန်းတမျှ မွေးကြိုင် ပေမဲ့ လေညာကိုကျော်သန်းပြီးမမွေးနိုင်ဘူး။ လေအောက် ကိုသာ လေနောက်လိုက်သွားပြီး မွေးတာ။

ချစ်သား အာနန္ဒာ-ဂုဏ်ပန်းတိုပန်ဆင်ကြတဲ့ သူတော်ကောင်း ယို၏သင်းသင်းပျံ့ပျံ့ သတင်းရနံ့သည် လေအောက်ကိုလဲမွေးတယ်၊ လေညာကိုလဲ ကျော်သန်းပြီးမွေးတယ်၊ အရှေ့-အနောက်-တောင်-မြောက်ဝဲယာ အထက်အောက် အရပ်ဆယ်မျက်နှာသို့ တိုင်အောင် လွှင်းဖောက်၍ မွေးကြိုင်တယ်လို့ အောက်ပါ ဂါထာဖြင့် ဟောပြတော်မူတယ်။

နပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
နစန္ဒနံ တဂ္ဂရ မလ္လိကာဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ ပုပ္ဖဂန္ဓော၊ လေဟုန်နှင့်အလွန်ပျော်သဖြင့် လေခေါ်ရာလိုက်ပါတတ်တဲ့ ပန်းရနံ့ဓာတ်သည်။ ဝါ၊ စပ္ပါယ် ခေါင်ရမ်း, နှင်းပန်, သဇင်, ဂမုံးအင်ဒေါန သော်က, စွယ်တော်, ကန့်ခကော်,ရင်ကပ်, ဇလပ်,ဇီဇဝါ, ထပ်တရာစသော ပန်းတို့၏ရနံ့ ဓာတ်သည်။ ပဋိဝါတံ၊ တသုံသုံနှင့် အဟုန် မပြတ် တိုက်ခတ် ဆော်လာ ထက်လေညာသို့။ နဧတိ၊ လေ့အမိန့် အော်ဒါနှင့် လေခေါ်ရာ လိုက်ပါတတ်တဲ့ အမျိုးဖြစ်လို့မို့ လေကိုထိုးဖောက်၍ မရောက်နိုင်ချေ။

အာနန္ဒ၊ချစ်သားအာနန္ဒာ။စန္ဒနံဝါ၊လေဟုန်နှင့်အလွန်ပျော်သဖြင့် လေခေါ်ရာ လိုက်ပါတတ်တဲ့ စန္ဒကူးပန်း၏ ရနံ့ဓာတ်သည်ငင်း။ တဂ္ဂရံဝါ၊ လေဟုန်နှင့် အလွန်ပျော်သဖြင့် လေခေါ်ရာ လိုက်ပါ တတ်တဲ့ ကြက်ရုံပန်း၏ ရနံ့ဓာတ်သည်ငင်း။ ပဋိဝါတံ၊ တသုံသုံနှင့် အဟုန် မပြတ် တိုက်ခတ် ဆော်လာ ထက်လေညာသို့။ နဧတိ၊ လေ့အမိန့်အော်ဒါနှင့် လေခေါ်ရာလိုက်ပါတတ်တဲ့ အမျိုးဖြစ်လို့မို့ လေကိုထိုးဖောက်၍ မရောက်နိုင်ချေ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ သတံ၊ ညနေ မှာလဲပန်, နံနက်မှာ လဲပန်, အမြဲမပြတ် ပန်ဆင်ကြကုန်သော သူတို့၏။ သပ္ပုရိသော၊ သူတော်ကောင်းတရား တည်းဟူသော။ ဂန္ဓောစ၊ သင်းသင်းပျံ့ပျံ့ သတင်းရနံ့သည်ကား....

သဗ္ဗာဒိသာ၊ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့သို့။ ပဝါယတိ၊ ဘမွှေးမွှေးတကြိုင်ကြိုင်နှင့် တလှိုင်တဲလှိုင်၍ နေလေတော့ သတည်း။

အဲဒီလိုဘုရားရှင်က ဟောကြားတော်မူတယ်၊အဓိပ္ပါယ်ကတော့ ခပ်လွင်ထင်ရှားနေပါတယ်။

ဇာဿသယ ၂၀၆-၃ (တတိယအကြိမ်)

ကဲ-ဖြူစင်တဲ့ အရိယာလမ်းစဉ်ဆိုဒါ ဒီကစတာဘဲ၊ လမ်းစဉ်ကို စလိုက် သည်နှင့် တပြိုင်နက် လောကထဲမှာ ဂုဏ်သတင်းဟာ တခမ္ဘးထဲမွှေး၊ တကြိုင်ထဲကြိုင်၊ တလှိုင်ထဲလှိုင်လို့နေတာဘဲ။

လောကီဂုဏ်တွေလို ပင်ပန်းခံပြီးလုပ်လို့နေရတာမျိုးမဟုတ်ဘူး၊ သူ့ဘာသာသူ အလိုလိုပေါ်ထွက်ပြီး ထင်ရှားလို့နေတယ်။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းဟာ နတ်သိကြား ကတောင် အမှတ်မဲ့မနေဘဲ ဂရုစိုက်ပြီး ရှိသေလေစားဦးညွတ်၍ နေရကြောင်းကို ယခု ရှိနေတဲ့ သိကြားကိုဘဲကြည့်ပါ။

သိကြားမင်းသည် ရထားထိန်း မာတလိ နတ်သားကို ခေါ်၍ တောင် ဥယျာဉ်တွင်းသို့ ရထားစီးပြီး သွားလေ့ရှိတယ်။ တောင် ဥယျာဉ်တွင်းသို့ရောက်တဲ့အခါကျတော့ အချင်းမာတလိ-ရထားကို ရပ်လော့ဟု ဆိုလိုက်သောအခါ မာတလိနတ်သားသည် ရထားကို ရပ်လိုက်လေသည်။ ထိုအခါ သိကြားမင်းသည် လူ့ပြည် မနုဿဘုံဘဝမှာ သပ္ပုရိသ ဖြစ်ကြကုန်သော ဂုဏ်ပန်းကို ပန်ဆင်ကြတဲ့ သူတို့အား လက်ဆယ်ဖြာ ထိပ်မှာမိုးလို့မှ ရှိခိုးအကြိမ်ကြိမ် ပြုလေတော့သည်။

ထိုအခါ ရထားထိန်း မာတလိက တိဒိဝါခေရ နတ်ပြည် နှစ်ထပ်ကို အစိုးရတော်မူသောသိကြားမင်း၊ လူ့ပြည်သို့ ရော်ရမ်းပြီး မြှော်မှန်းကာထူးလှ၍ ဦးချရခြင်းဟာ အဘယ်သို့သော အကြောင်းကြောင့် ရှိခိုးဦးချရ ပါသလဲလို့ ပြဿနာ အမေးကို ခုချက်ချင်း သိလိုတဲ့ အရေးကြောင့် အဖြေပေးတော်မူပါလို့ လျှောက်ထားသတဲ့။

ဒီအခါကျတော့ သိကြားမင်းကြီးက အောက်ပါ ဂါထာဖြင့် အလျင်မနှေး အဖြေပေးလိုက်တယ်။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

မာတလိ၊ ပြဿနာမနှေး သိလိုရေးနှင့် မြှော်တွေးမေးဘိ ရထားထိန်းမာတလိ။ ယေဂဟဋ္ဌာ၊ အကြင် အိမ်ရာတည်ထောင် လူတို့

ဘောင်၌နေကြကုန်သောသူတို့သည်။ ပုညကရာ၊ ကုသိုလ်ကောင်းမှု အစုစုတို့ကို နေ့ရှိသမျှပြုကြကုန်၏။

သီလဝန္တော၊ ကိုယ်ကျင့်သီလ လုံခြုံကြ၍ တစမယိမ်း နေ့ရှိသမျှ စောင့်ထိန်းကြပေကုန်၏။

ဥပါသကာ၊ နံနက်မှာလဲပန်, ညနေမှာလဲပန် ရတနာစုံလွှမ်း၍ ဂုဏ်ပန်းကို ပန်ဆင်ကြ ကုန်သော ဥပါသကာ အပေါင်းတို့သည်။ မဓမ္မေန၊ တရားသဖြင့် ရှာဖွေ၍ ရသော ပစ္စည်းတို့ဖြင့်။ ဒါရံ၊ သားမယား တို့ကို။ ပေါသေန္တိ၊ စိတ်အေး, လက်အေး လုပ်ကျွေး မွေးမြူကြလေကုန်၏။

မာတလိ၊ ရထားထိန်းမာတလိ။ တေသံ၊ ထိုသူတို့ကို။ အဟံ၊ နတ်တို့သနင်း ငါသိကြားမင်းသည်။ နမဿာမိ၊ တနေ့ကို သုံးကြိမ် တိုင်တိုင် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့လိုက် ပါ၏ မာတလိ။

ကိုင်း သိကြားမင်းကြီးရဲ့ ရိုသေလေးစား ရှိခိုးခြင်း ခံရတယ် ဆိုတာဘုန်းရှင်,ကံရှင်ဖြစ်ကြတဲ့ခင်ခင်လေးတို့,မောင်မောင်လေးတို့, ဦးတော်ရင်း, ဒေါ်ဒေါ်ရင်းတို့ပါဘဲ။ ဘုန်းရှင်,ကံရှင် ဆိုတာဟာ ဘယ်တော့မှ ရတနာသုံးပါး ကိုယ်ကျင့် တရားကို မမေ့ဘူးနော်၊ အမြဲတည်နေတာဘဲ။

အဲဒါကြောင့် ဘုရား,တရားတည်းဟူသော ရတနတ္တယ၊ ရတနာ ဂုဏ်ပန်းကိုနေ့ရှိသမျှ ပန်ဆင်နိုင်ကြပါစေ ကုန်သတည်း။ ။သာဓု-သာဓု-သာဓု။

ပဌာန်းဆရာလှိုင်

---

သိက္ခာသုံးပါး ဝိသုဒ္ဓိစခန်း တရားလမ်း

လွန်ကဲတဲ့သီလသိက္ခာ

အဓိသီလာဒိစိတ္တာနံ၊ အဓိပညာယ သိက္ခနာ။

အဇ္ဈာကိစ္စနိဒ္ဒိ ဝိသုဒ္ဓိယျာ၊ နာညာ ကာပဂဝေဿနာ။

အဓိသီလာဒိစိတ္တာနံ၊ အဓိသီလသိက္ခာ အဓိစိတ္တ သိက္ခာတို့ကို ၎င်း။ အဓိပညာယ၊ အဓိပညာသိက္ခာကို၎င်း၊ သိက္ခနာ၊ နေ့ရော

ညစ်ပါ ဘယ်ခါမပြတ် အထပ်ထပ်တိုးပွား ကြိုးစား၍ သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်း သည်သာလျှင်။ အတ္တကိစ္စ၊ ကိုယ်ကျိုး အဟုတ် ကိုယ့်အလုပ်ဟု မယုတ်ကြီးပွား တကယ်ဘဲ စီးပွားရှိသော မိမိကိစ္စအစစ်မည်ပါပေ၏။ ဣတိ၊ ဤသို့။ ဝိညူယျာ၊ မောဟလွှင့် ဖျောက် ပညာရောက်၍ ဉာဏ်နှောက်ဖွေရှာ ကိုယ်ပိုင် ဉာဏ်ဖြင့် ကိုယ်တိုင်ဆုံးဖြတ်၍ ကောင်းစွာသိအပ်ရာ၏။ အညာ၊ သီလ, သမာဓိ, ပညာ-ဤသုံးဖြာမှ တပါးသော။ ကာမဂဝေသနာ၊ ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-အဲဒီလောကီ ကာမဂုဏ် အာရုံငါးပါး စည်းစိမ်များကို နိစ္စမသွေ ရှာဖွေ စုဆောင်းခြင်းသည်ကား။ နအတ္တ ကိစ္စံ၊ လောကီ လောကုတ် ဆုတ်ယုတ်ပျက်ပြား စီးပွားရှိသော မိမိ၏ ကိစ္စအစစ်မဟုတ်ပါ။ ဣတိ၊ ဤသို့။ ဝိညူယျာ၊ မောဟ တွန်းလှန် အသိဉာဏ်ဖြင့် ကောင်းစွာ သိအပ်ရာသတည်း။

## မနောဟုတ်မှ လောကုတ္တရာဖြစ်ပုံ
## သီလ ဝိသုဒ္ဓိစခန်း

ကဲ-အထက်ပါအချက်သုံးမျိုးမှာ ရှေးဦးစွာ သီလဝိသုဒ္ဓိစခန်းကို ဟောကြားတော်မူတယ်၊ သီလစခန်းက ရှေးဦးအစ အုတ်မြစ်ချ လိုက်တာဖြစ်ပေတယ်။ အဝတ် အထည်များကို အညစ်အကြေး ကင်းစင်၍ ဖြူစင်အောင်ဆေးလျှော်တဲ့သကဲ့သို့ ရှေးဦးစွာ ရုပ်ခေတ်, နာမ်ခေတ်ကို အသုံးပြုရမည် ဖြစ်လေသောကြောင့် သီလဖြင့် ဖြူစင် အောင် ဆေးလျှော်ကြရလေတယ်။ အဘယ်ကြောင့်နည်းဟူမူကား မကောင်းသော အညစ်အကြေး တရားတို့သည် ရုပ်နာမ် ပေါ်၌ မြှုံးတွယ်လျက် အခင်ဖြစ်နေ သောကြောင့် ကောင်းမြတ်သော တရားစုတွေကို မထင်နိုင်, မမြင်နိုင်အောင် တားဆီး ပိတ်ပင်တက် လေတယ်။ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က အို-ချစ်သားတို့၊ သင်တို့သန္တာန်မှာ မကြာ မကြာ ကပ်ငြိတတ်သော အညစ်အကြေး အယုတ်တရား, အမိုက်တရားစု တွေကို ဖွေးဖွေးဖြူအောင် ဆေး လျှော်၍ယူကြလို့-ဓမ္မပဒပါဠိတော်ကြီးမှာ-

ဓောဝါပတ္တိမလံ ခိပ္ပံ၊ မစ္ဆု အဒ္ဓါ ဂမိဿတိ။

ဘိက္ခဝေ၊ သံသာရာအစဉ် ခန္ဓာတွင် အညစ်အကြေး သီလနှင့် ဆေးလေ့ရှိကြကုန်သော အို-ချစ်သား ချစ်သမီးများတို့၊ အာပတ္တိမလံ၊ နေ့စဉ် ညတိုင်း မဆိုင်း မျက်မှောက် ဝင်ရောက်ပြစ်လေး သင်တို့၏ သန္တာန်မှာ ပေါ်လာတဲ့ အညစ်အကြေး တွေကို။ ခိပ္ပံ၊ လျှင်လျှင်မြန်မြန်။ ဓောဝ၊ ဖွေးဖွေးဖြူအောင် ဆေးယူ သုတ်သင်ကြရာ၏။ အဒ္ဓါ၊ မချွတ်မလွဲ အမြဲကောန်။ မစ္ဆု၊ အခြေတင်းလှတဲ့ ရှင်သေမင်းသည်။ ဂမိဿတိ၊ မကြာချက်ချင်း ခေါင်းပေါ်ကနင်း၍ အတင်းလာတော့လတ္တံ့။

## ခန္ဓာကိုယ်ကြီးရဲ့ ဥပမာ

အဲဒါကြောင့်မို့ သီလကိုအရင်းခံပြီး မငြင်းဆန်တဲ တရားအလုပ်တို့ကို အားထုတ်သင့်ပေတယ်။ ကိုယ်ခန္ဓာကြီးဟာ ကြေးတိုး,သံတိုးကြီးများနှင့်တူဘယ်။ ဘာ့ကြောင့်လဲဆိုတော့ ကြေးတိုး, သံတိုးကြီးများကို မပွတ်မတိုက်တဲနှင့် အလိုက်သင့်တော်ရာပစ်လို့ ထားလိုက်သော် ဘယ်လိုနေကြမလဲဆိုတာ စဉ်းစား ကြည့်လျှင် သိနိုင်တာပေါ့။ ကြေးညှိ, သံညှိတွေ ကပ်ငြိပြီး သဘာဝ သတ္တိကို မပြနိုင်တော့ဘူး။ လူတိုသင်္ခါရ ပယောဂဖြင့် ပွတ်နိုင် တိုက်နိုင်မှ အရောင်တပ်ပြီး အကြည့်ခံတတ်သို့ ဆိုက်ရလေတယ်။ အဲဒါလိုပေါ့၊ ကိုယ်ခန္ဓာကြီးဟာလဲ အကုသလ ပါပ အညစ်အကြေးအစုတွေ မှေးတွယ်လာတတ်လို့ အရောင်မဟပ်တဲ အမှောင်ခေတ်သို့ ပြေးဝင်ပြီဆိုမှဖြင့် သိသင့် သိတိုက်တဲ့ တရားတွေ ပျောက်ပျက်ပြီး ဘာဝနာလမ်း၏ အနှောင့်အရှက်ကြီးဖြစ်သွားတာဘဲ။

ဒါကြောင့်မို့ သီလစင်ကြယ်လျှင် အရိယာနွယ်ဝင် ဖြစ်သွားကြောင်းကိုလဲ (သီလဝန္တ ပုထုဇ္ဇနော ပိ သောတာပန္နေ ယော ဝ သက် ...ဓိတော၊ ပသည့်ဖြင့် (ဒုကအင်္ဂုတ္တိုရ် အဋ္ဌကထာကြီးမှာ) ပြထားပေတယ်။ မနေ့ကတ်မှ လောကုတ္တရာ ဆိုတဲ့ အတိုင်း ပနောက ...ဘေး,နာခေါး လေခေါးတွေမှခြေကန်၍ရုန်းထွက်ချင်တဲ့ စိတ်ဓာ... အား...ပြီး... မြင့်မြတ်တဲ့ကုသိုလ်ကြီးကို ရကြပေမယ်။ ဒါနေ...,

သီလရေး, သမထရေးမှာ လိမ္မာဘို့လိုတယ်။ လိမ္မာဆိုတဲ့ စကားမှာ မနေ့ာထား, သဘောထားတခုကို ဆိုလိုတယ်။ ယခုလောကမှာ သစ်ပင်စိုက်တာနဲ့ ဥပမာပြု၍ သိကြရန်မှာ မျိုးစေ့ကို မူလထား၍ ကြီးပွားလာတဲ့ အပင်, အရွက်, အပွင့်, အသီး ဖြစ်ပေါ်လာတာလို ကုသိုလ်ရေးမှာလဲ မနော အမြစ်မျိုးစေ့က တခုအာရုံပြုသည့်အတိုင်း အကျိုး ဖြစ်ပေါ်လာရမယ်။ ဒါကြောင့်မို့ ဒါနရေး, သီလရေး, သမထရေးစသည်၌ မနောပေါက်က မင်္ဂပင်,ဖိုလ်ပင် စိုက်ပုံ တရား တော်ကိုပြလိုက်အုံးမယ်။

## မင်္ဂပင်,ဖိုလ်ပင်စိုက် တရားတော် မှန်ပြလင်္ကာ

ဘဝမှန်စွာ၊ နာမ်ခန္ဓာလျှင်၊ ချာချာလည်စက်၊ သံသာဗွက်မှ၊ မထွက်နိုင်ငြား၊ အို–လူများတို့၊ တို့ကားလူ့ဘုံ၊ တို့ဖြစ်ပုံကို၊ အကုန်တွေးရှု၊ သတိပြုလျှင်၊ သိမှုဘို့ရန်၊ ရွှေကျမ်းဂန်၌

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ဟောဟန်တန္တု၊ မှန်ကိုရှုလော၊ ဓမ္မုပဒေ၊ အမှုတွေကို၊ ထုချေကြည့်လျှင်၊ ကံနှင့်ပင်တွေ့၊ ဉာဏ်ရှင်မွေ့က၊ မျိုးစေ့ စိုက်ဟန်၊ ပုံသဏ္ဌာန်နှင့်၊ တူပြန်လေကြောင်း၊ ရှေးကံဟောင်း ကြောင့်၊ ပြန်ပြောင်းခုခါ၊ ဤလူ့ရွာတွင်၊ ခန္ဓာဝင်စွဲ၊ ရုပ်နာမ် ခဲကို၊ ခေတ်တွဲရှုပါ၊ ဘာဝနာဖြင့်၊ လက္ခဏာယာဉ်၊ ဉာဏ် သက်ဝင်သည်။ (မင်္ဂပင်,ဖိုလ်ပင်စိုက်မှ) ကောင်းလိမ့်သော်။

ယာဒိသံ၊ သဘာဝသတ္တိ၊ အကြင်သို့သောသဘောရှိသော။ ဗီဇံ၊ ကြက်ဟင်းတမာ ကြောင်လျှာနှင့် ဓမ္မတာလေ့ အခါးမျိုးစေ့ကို။ ဝပ္ပတေ၊ မြေထဲငုပ်လျှိုး၍ စိုက်ပျိုးသည်ဖြစ်ပါအံ့။ တာဒိသံ၊ထိုကဲ့သို့ သဘောရှိသော။ ဖလံ၊ ကြက်ဟင်းတမာ ကြောင်လျှာ ပွားစီး အခါးသီးတွေကို။ ဟရတေ၊ သူ့သဘောအလျောက် ပေါ်ပေါက် တမူ ဆောင်ယူလေတော့၏။

ယာဒိသံ၊ သဘာဝသတ္တိ၊ အကြင်သို့သော သဘောရှိသော။ ဗီဇံ၊ သရက်, ပိန်းနဲ, နန္တဲထောက်ရှာ, မာလကာနှင့် ဓမ္မတာဓလေ့ အချို မျိုးစေ့ကို။ ဝပ္ပတေ၊ မြေထဲမှာဒုပ်လျှိုး၍ စိုက်ပျိုးသည် ဖြစ်ပါအံ့။ တာဒိသံ၊ ထိုကဲ့သို့ သဘောရှိသော။ ဖလံ၊ သရက်, ပိန်းနဲ, နန္တဲ ထောက်ရှာ,မာလကာပျိုမြိုး အချိုသီးတွေကို။ ဟရတေ၊သူ့သဘော အလျောက် ပေါ်ပေါက်တမူ ဆောင်ယူလေတော့၏။

ကလျာဏကာရီ၊ ကာမရူပ,အရူပနှင့် မဂ်ဖိုလ်တတန် ပေါင်းပြန် လေးရပ် ကောင်းမှုကို ပြုတတ်သောသူသည်။ ကလျာဏံ၊ ကာမ အပင်, ရူပအပင်, အရူပအပင်, မဂ်ပင်,ဖိုလ်ပင် ပေါင်းရှင် လေးမျိုး ကောင်းမြတ်သော အကျိုးတွေကို။ လဘတိ၊ မုချပိုင်ပိုင် ကိုယ်စွမ်း နိုင်၍ ကိုယ်ပိုင်ရနိုင်ပေတော့၏။ ပါပကာရီ၊ မကောင်း ယုတ်မာ မဟုတ်ထာကို ပြုလေ့ရှိသော သူသည်။ ပါပကံ၊ အမြင်ဆိုးဝါး မကောင်းစားဘဲ ငြိုးတွားရသောအကျိုးတွေကို။ လဘတိ၊ ကေန်ဒိဋ္ဌ စိတ်သာချပေတော့ မုချအမှန် ရပြန်လေတော့သတည်း။

မိမိစိတ်ကို နိဗ္ဗာန်သို့ ရှေးရှု စေလွှတ်စေ၍ သီလကို ပွားများ ဆောက်တည်လျှင် ပါရမီသီလခေါ် ဆိုရတယ်။ သီဝံ၊ နိဗ္ဗာန်ကို။ ပတ္တေတုံ၊ တောင့်တစေလွှတ်ကြကုန်လော့။ သီဝံ၊ နိဗ္ဗာန်ကို။ ပတ္တေ တွာန၊ တောင့်တစေလွှတ်ကြကုန်ပြီး၍။ သီလံ၊ သီလကို။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက် ဆောက်တည်အပ်၏။ ဤသို့အားဖြင့် စိတ်၏ အစဉ် သည် လောကဝဋ်တွင်းမှ လွတ်ကင်းအောင် ထွက်မြောက်လိုသော အာရုံကို သိမ်းပိုက်ရမယ်ဆိုလိုတယ်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးမှာ သီလစသော အကြောင်း၊ ရုပ်ခတ်, နာမ်ခတ်တို့ စင်ကြယ်ရာ စင်ကြယ်ကြောင်း ကျင့်စဉ် တရားတို့ကို အကျယ်တဝင့် ဖွင့်၍ပြထားပေတယ်။ ထိုသို့ များပြား လှသော်လည်း တရားကိုအုပ်ပြီး ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ ကံသုံးပါးနှင့်ချုပ်လိုက်လျှင်ဖြင့် အကုန်မိနိုင်တာပေါ့။ ဒါကြောင့်မို့ ရှေးလူကြီးများက (ဇုန္ဓြေကြီးစွာထား၊ စကား နည်းနည်းပါးပါး၊ ပြော မနောကြံ တိုင်းလဲ နှုတ်မထွက်နဲ့) ဟူသော စကားပုံကို ပြောကြားဆုံးမလေ့ရှိကြတယ်။

## စတုက္ကအင်္ဂုတ္တိုရ်အဋ္ဌကထာကြီးမှာလဲ

တီသု ဒွါရေသု သံဝရော စတုပါရိသုဒ္ဓိသီလံ ဟောတိ၊ သော တသ္မိံ သီလေ ပတိဋ္ဌာယ ဝိပဿနံ ဝဍ္ဎေတွာ အဂ္ဂဖလေ ပတိဋ္ဌာတိ။

တီသုဒွါရေသု၊ ကိုယ်နှုတ် စိတ်အား သုံးပါးသော ဒွါရတို့၌။ သံဝရော၊ လုံခြုံအောင် ပိတ်ဆို့ စောင့်စည်းခြင်းသည်။ စတုပါရိသုဒ္ဓိသီလံ၊ စတုပါရိသုဒ္ဓိသီလ မည်သည်။ ဟောတိ၊ စင်စစ်အမှန် ဖြစ်ပြန်ပေ၏။ သော၊ ထိုသီလဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ တသ္မိံ သီလေ၊ ထိုစတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ မကွဲမကွာ မြဲစွာတည် ရှိ၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပညာတ်ပျောက်၍ ပရမတ် သားပေါက်အောင် ထွင်းဖောက်ဖွေရှာ အခါခါ ပွားများအား ထုတ်စေ၍။ အဂ္ဂဖလေ၊ မဂ်အပေါင်းတို့၏ လက်ချက် ဖိုလ်အပေါင်း တို့၏အထက် အရဟတ္တဖိုလ်တည်းဟူသော ဉာဏ်ရွှေစက်၌။ ပတိဋ္ဌာတိ၊ နိဗ္ဗာန်ဆိုတာ တယ်မဝေးပါဘူး အလွယ်ကလေး စခန်း မထောက်သဖြင့် တကယ်တမ်း ပေါက်ရောက် တည်စွမ်း နိုင်ပါ သတည်း။

---

## ကိုယ်ချင်းစာတရား ငါးပါး အပြစ်ပြပုံ

လူတို့မှာ ကိုယ်ချင်းစာတရား အရေးကြီးတယ်၊ ကိုယ်ချင်းစာ တရားဆိုတာ ငါးပါးသီလကိုဆိုတာပါဘဲ။ ဝိသာခါကျောင်းအမ ကြီးရဲ့ ခင်ပွန်းလင်အား ရှင်တော်ဘုရား ဟောကြားခြင်း ဟာလဲ ကိုယ်ချင်းစာတရား ထားဘို့အချက်ကို ဟောကြားတော်မူတာပေါ့။ ငါးပါးသီလ လုံခြုံလျှင် ဒုစရိုက်ဆယ်ပါး အတွင်းဝင်ပါတယ်။ ဒုစရိုက်ဆယ်ပါး အတွင်းဝင်လျှင် (ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း ဝမ်းသာ)ဆိုတဲ့ အကျယ်ဒုစရိုက်တွေလဲ တခါထဲ အတွင်းဝင်သွား တာပေါ့။

(က) ကိုယ်ချင်းစာသီလ အကျိုး အပြစ်ကို နဲနဲသောက်ပြအုံး မယ်၊ ပဌမသီလမစင်ကြယ်ခဲ့လို့ အချို့မှာ အရပ်ဆိုးရှာတယ်၊အချို့မှာ

အသက်တိုတယ်၊ အချို့မှာ ကိုယ်အင်္ဂါ ချို့တယ်၊ အချို့မှာ အနာရောဂါပွေး၊ ဝဲစသော ဝေဒနာပေါက်တယ်၊ အချို့မှာ သားသမီး၊ ကျေးကျွန်၊ အခြွေအရံ ကင်းမဲ့တယ်၊ အချို့မှာ သူတပါး၏အသတ် ခံရတယ်၊ အဲဒါဟာ ပါဏာတိပါတ သိက္ခာပုဒ်တခုအတွက် မစင်ကြယ်သည့် အတွက်ကြောင့် ဝိပါက်အကျိုး အမျိုးမျိုး ခံရရှာကြလေတယ်။

## အကျိုးပေးလင်္ကာ

၁။ ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လဝ်အင်္ဂါ၊ များအနာနှင့်၊ မွဲပြာရုပ်ရေ၊ အားအင်ကွေ၍၊ ကြောက်လေဘေးရန်၊ ကိုယ်လေး လန့်လျက်၊ ခြွေရံ ကင်းလဝ်၊ သူ့အသတ်ခံ၊ သက်တိုပြန်ရ၊ ပြစ်များလှသည်၊ မှတ်ကြ ပါဏာတိပါတ ပြစ်ကျိုးတည်း။

(ခ) ဒုတိယသီလတပါး မစင်ကြယ်ခဲ့လို့ အချို့မှာဆင်းဆင်းရဲရဲနှင့်နေကြရတယ်။ အချို့မှာ မနက်စာ ညစာအလျင်မှီအောင် မစားကြရပါဘဲ ဝတ်မွတ် ခေါင်းပါးကြပေတယ်။ အချို့မှာ ပစ္စည်းတွေပြုန်းတီးပြီး ရေ၊မီး အဖျက်အဆီး ခံကြရတယ်။ အချို့မှာ လက်ရှိပစ္စည်းတွေ သူခိုး၊ဓားပြ လက်သို့ ပါသွားကြရတယ်။ အဲဒီဟာ ဘဝက အဒိန္နာဒါနဆိုတဲ့ သိက္ခာပုဒ်တခုအတွက် မစင်ကြယ်ခဲ့လို့ ဆိုရမှာပေါ့။

## အကျိုးပေးလင်္ကာ

၂။ သူတပါးဟာ၊ ခိုးမိပါမူ၊ ဥစ္စာလည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပြုန်းတီး၊ ရေ၊မီး၊သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ စည်းစိမ်ကွာသည်၊ သူတပါးဟာ၊ ခိုးမိသောကြောင့်တည်း။

(ဂ) တတိယသီလတပါး မစင်ကြယ်ခဲ့လို့ အချို့မှာ လူတိုင်းက မေတ္တာတုံးပြီး ရှုံမုန်းကြတယ်။ အချို့မှာ ရန်သူတွေက မျက်စောင်းထိုးပြီး ဝိုင်း၍နေကြပေတယ်။ ဘယ်ကမှ ရပေါက်ရလမ်းမရှိကြဘူး။

အချို့မှာ ယောက်ျားတလ, မိန်းမတလ ဖြစ်ကြရတယ်။ ယုတ်သော အမျိုး၌ ဖြစ်ရတယ်၊ လူဖြစ်ရ သော်လဲ မျက်နှာ, ကိုယ်လုံး ကိုယ် ပေါက်ကမလှမပ၍ အရုပ်ဆိုးရှာကြတယ်။ ချစ်သူနှင့်အတူမနေရဘဲ တခြားစီခွဲကွင်းခွဲခွါပြီး ဒုက္ခမီးတွေပွားနေကြရတယ်။အဲဒီဟာလဲ (အတိတ်ဘဝက)ကာမေသုမိစ္ဆာစာရဆိုတဲ့ သိက္ခာပုဒ်တခုအတွက် မစင်ကြယ်ခဲ့လို့ ဆိုရအုံးမှာဘဲ။

### အကျိုးပေးလက်ာက

၃။ မိစ္ဆာစာရ၊ လွန်ကျူးကမူ၊ မုန်းကြ သူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ၊ သိရဖျင်းလှသည်၊ မိန်းမပဏ္ဍုက်၊ မျိုးယုတ် ခါခါ၊ မျက်နှာမလှ၊ အရှက်ရ၍၊ လက္ခဏာဇရှေ၊ ယွင်းသွေ ချိုသိရ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ မိစ္ဆာစာရအပြစ် တည်း။

(ဃ) စတုတ္ထသီလတပါး မစင်ကြယ်ခဲ့လို့ အချို့မှာ စကားမပီ သဘဲ လုံးလုံးထွေးထွေး ရှိကြတယ်။ အချို့မှာ သွားကလဲ ကျဲကျဲ၊ ပါးစပ်ကလဲ ပုပ်စော်နံ၊ ခန္ဓာကိုယ်အရောင်အသွေးကလဲ မဲခြောက် ခြောက်၊ မျက်နှာပေါက်ကလဲ ဇာဒြေမရ၊ ကိုယ်ပြောသမျှ စကား တွေကလဲ မစူးရှဘဲနှင့် နူတ်မစောင့်ဘဲ အယုတ္တ, အနတ္တ ပြောဆို၊ စိတ်ကိုကလဲလေလာတိုင်း ယိမ်းသလို မတည်ကြည်ဘူးပေါ့။ အဲဒါ ဟာလဲ(အတိတ်ဘဝက) မုသာဝါဒဆိုတဲ့ သိက္ခာပုဒ်အတွက် မစင် ကြယ်ခဲ့လို့ ဆိုရအုံးမယ်။

### အကျိုးပေးလက်ာက

၄။ မုသားစကား၊ ဆိုမိငြားမူ၊ စကားမပီ၊ သွားမညီ၊ ကျဲပုပ်ညှီ ပါးစပ်၊ ခြောက်ကပ် ကိုယ်ရေ၊ ဇာဒြေနောက်၊ ပုံယွင်း ဖောက်၍၊ မရောက်အာဏာ၊နူတ်လျှာကြမ်းထော်၊လျှပ်ပေါ် လော်လီ၊ စိတ်မကြည်ဘဲ၊ သညီပြန့်ပွား၊ မရှိ ငြားသည်၊ မုသားဆိုသည့် အပြစ်ကြောင့်တည်း။

(င) ပဉ္စမသီလတပါး မစင်ကြယ်ခဲ့လို့ မည်သည့် နေရာဌာန မဆို လောကရေး, ဓမ္မရေးကိုလဲမသိ၊ ပျင်းပျင်း ရိရိနှင့် ရှိတတ်ကြခြင်း၊ သည်းခြေနောက်၍ အရူးမ,အရူးထီးတွေ ဖြစ်ရခြင်း၊ တဆုပ်ပေးဘူး သူ့ကျေးဇူးကိုလဲမသိတတ်ခြင်း၊ ဒုစရိုက်တရားတို့ကို မရှက်မကြောက်ဘဲနှင့် ပြုလွယ်တတ်ခြင်း၊ အဲဒီဟာလဲ (အတိတ်ဘဝက) သုရာမေရယ သိက္ခာပုဒ်တခုအတွက် မစင်ကြယ်ခဲ့လို့ ဆိုရအုံးမယ်။

## အကျိုးပေးလင်္ကာ

၅။ သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိ
မေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းထိုထို၊ အကု
သိုလ်ကို၊ မငြိုလွယ်ကာ၊ ပြုဖြစ်ရာသည်၊ မှတ်ပါသုရာမေရယ
အပြစ်တည်း။

အဲဒီအထက်ပါ ကံငါးပါး၏သံသရာဥပဒေ ကျူးလွန်ကြရင်ဖြင့် ဘယ်သူ့မျက်နှာကိုမှ မငဲ့ဘဲ သေသည်၏ အခြားမဲ့၌ ငရဲဘက်သို့ ခပ်မြန်မြန် သွားပြီး ခံကြရတယ်။ ငရဲမှတဖန် လူဖြစ်ကြပြန်လျှင် အမှန်ပင်အကျိုးယုတ်များကို ညှိုးပုပ်စွာခံစားရကြောင်းကို (သာရသင်္ဂဟကျမ်း)များ၌ ထင်ရှားစွာပြထားတယ်။ ထိုသို့ခံစားကြရတာ ဘဝက ကာယကံမှု, ဝစီကံမှု, မနောကံမှုတွေ လူးချွန်စွာကျူးလွန်ခဲ့ကြလို့ ဤအယုတ်တမာအပြစ်စုတွေ ငါ့မှာ ခံစားရ ပေတယ်ဟု မိမိကိုယ်ကိုအပြစ်ရှု၍ ထိုအပြစ်မှလွတ်အောင်ခြေကန်၍ ရုန်းထွက်ကြရမယ် ဒီလိုမဟုတ်ပါလား။ အချို့ကတော့ ဒီလိုသဘောမထားဘဲ ဘယ်သူ့ကြောင့် ဒီလိုဖြစ်ရတာ။ ဘယ်သူ့ကြောင့် ငါ့မှာဆင်းရဲရတာ။ ဘယ်သူမီးနဲ့ရှို့လို့, ဘယ်သူခိုးကခိုးသွားလို့, ဘယ်ဓားပြကတိုက်သွားလို့, အစိုးရကနှိပ်စက်လို့ စသည်ဖြင့် သူတပါးကို အပြစ်တင်ပြီး စုတ်တသတ်သတ်နဲ့ မကြေနိုင်ကြဘဲ ရှိတတ်ကြ ပေတယ်။ ဒါကြောင့်မို့ သီလပေါက်က လုံခြုံဖို့အတွက် ကိုယ့်အသက်ကိုငဲ့ကွက်ပြီး ချစ်တဲ့အကျိုးသည်ပိုးရွက်ဆောင်မှ ချစ်တယ်လို့ခေါ်ဆိုရပုံ တရားတပုဒ် ရွက်ပြလိုက်အုံးမယ် အလွတ်ရအောင်ကျက်ထားလိုက်ကြပေတော့။

## ချစ်လျှင်အကျိုး မုန်းလျှင်အပြစ်တရား

လောကနှုန်းချို၊ သုံးတစ်ဘုံ၌၊ တွေ့ကြုံဘဝ၊ လူ့ကာယကို၊ ရကြကုန်ငြား၊ အိုလူများတို့၊ တို့ကားဘဝ၊ တို့ကာယကိုယ်၊ တို့က ချစ်လျှင်၊ တို့သစ် လွင်အောင်၊ ပြုပြင် ပေးနည်း၊ နိသျှည်းကို၊ သိပ်သည်းမွှေးထုံ၊ မြကြေးမုံ၌....

အတ္တာနံ့ စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

မိန့်ဟောပေါ်ငြိ၊ လာရှိသည့်ကို၊ သတိရှေးသွား၊ ဉာဏ်မှာထား လော့၊သုံးပါးသုံးသွယ်၊သုံးအရွယ်၊သုံးသွယ်ပိုင်းခြား၊တပါး ပါးကို၊စိတ်ထားကျော၊ဖွေးဖွေးဖြူအောင်၊ပေးလှူစာဂ၊မြတ်သီလနှင့်၊ နေ့ညမကွာ၊ ဘာဝနာကို၊ခါခါဖြည့်စွမ်း၊အချစ်လွှမ်း မှ၊ချစ်ခဏ်း ရောက်မည်၊ ချစ်နှစ်လီတွင်၊ ချစ်သည့် ထင်စား၊ အမိုက်များကို၊ ချစ်အားနှင်နှင်၊ တို့ပြုပြင်သည်။ ။ချစ်လျှင် အကျိုး မုန်းလျှင်အပြစ် ဆိုခဲ့သော်။

ဘောဂန္တော၊ ကိုယ်ရေးကိုယ်ရာ ကိုယ့်ခန္ဓာကို လွန်စွာချစ်ကြ ယုယပြုပြင် ခင်မင်ရာ ခင်မင်ကြောင်းကို သောင်းသောင်းဖြဖြ အလို ရှိကြကုန်သော အို–လူအပေါင်းတို့။ အတ္တာနံ၊ လောကတွင် တသီး သဘောကျလို့ မပြီးနိုင်တဲ့ အချစ်ကြီး ချစ်ခဲ့တဲ့ မိမိကိုယ်ကို။ ပိယံ၊ အတ္တသမံ ပေမံ နတ္ထိ၊ ဆိုရှိစကား ထုတ်ဖော်ကာ ထား၍မှ သနား ကြင်နာ အလွန်တရာ ချစ်ခင်ပါ၏ဟူ၍။ စေဇညာ၊ တရားနှင့်တိတိ မမှားအောင် ကြည့်က မိမိရရ ဟုတ်တိုင်း မှန်စွာ အကယ်၍ပင် သိအပ်ပါငြားအံ့။ နံ အတ္တာနံ၊ လူဘဝ မြန်မကြာ ရှေးကုသိုလ် ကံကြမ္မာကြောင့် ဖန်ခါခါ ဖြစ်လာခဲ့တဲ့ မိမိကိုယ်ကို။ သုရက္ခိတံ၊ ဖြစ်လေရာ ဘဝ, ဘဝမှာ ချစ်ခင်လေသမျှ အန္တစ်တွင် မသွေရ အောင်လို အတွေတွေမြတ်မွေ့ဖြင့် အစစထိန်းသိမ်း၍ မတိမ်းမယိမ်း ရအောင် ကောင်းစွာ စောင့်ရှောက် အပ်သည်ကို။ ရက္ခေယျ၊ ကိုယ်ပိုင်အုပ်ချုပ် ကိုယ်ပိုင်ဆရာလုပ်၍ အဟုတ်ပင် စောင့်ရှောက် ရာ၏။ တိဏ္ဏံ၊ အသက်နှစ်ကာလ ပိုင်းခြား၍ ပြလိုက်တော့ ပဌမနှင့်

ဒုတိယအရွယ် တသွယ်တတိယ သုံးဝသော အရွယ်အစား တို့တွင်။ အညတရံယာမံ၊ ငယ်ရွယ်,လတ်ရွယ်, ကြီးတဲ့ရွယ်နှင့် ဘယ်ရွယ်မဆို မာယာမပိုနှင့်တော့ ထိုထိုအစားစား တပါးပါးသော အရွယ်၌။ ပဏ္ဍိတော၊ ဖြစ်ရေး ပျက်ရေး လောကရေးကို မျှော်တွေးသိမြင် ပညာရှင်သည်။ ဝါ၊ ချစ်တယ်နှစ်တယ် ဤနှစ်သွယ်ကို တကယ်ပင် ပိုင်းခြား၍သိတတ်တဲ့ပညာရှိသည်။ အတ္တာနံ၊ နေ့ရှိသမျှအသစ်လွင် တွေ့မိကရအငြင့်စ်မတင် ချစ်ချစ်ခင်ခင်အလွန်ပင်ရှိလှတဲ့ မိမိကိုယ်ကို။ ပဋိဇဂ္ဂေယျ၊ သီလတည်းဟူသော ယမ်းအမြောက်တို့ဖြင့် အကြမ်း ဖောက်ကာ အယုတ်ဘုရင် တရားတွေကို သုတ်သင် ရှင်းလင်း၍ ပစ်ခွင်းရာသတည်း။ ပဋိဇဂ္ဂေယျ၊ ချစ်တဲ့အကျိုး သည်ပိုးလို့ ရွက် ဆောင် မပျက်အောင်မမုန်းသင့်ပါဟု အထက်ရှောင် မင်္ဂသောင် ကုန်းဆီသို့ ဩြာ်-တက်အောင်ရုန်းထွက်ကြရာ တော့သတည်း။

## ဒါန-သီလ-ဘာဝနာ ဥပမာ

သီလဟာ သင်္ဘောကြီးနှင့်တူတယ်,ဒါနဟာ သင်္ဘောမှာ စားဘို့ သောက်ဘို့ ထမင်းဟင်းလျာများနှင့် တူတယ်, ဘာဝနာကတော့ သင်္ဘော သွားစေရန် စက်မောင်း သမားနှင့် တူတယ်, အဲဒီ သုံးပါးဟာ တပါးနှင့်တပါး ကင်း၍ မဖြစ်ကောင်း ကြဘူး၊ တပါးပါးချို့တဲ့သွားလျှင် နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ မရောက်နိုင်ကြ ပေဘူး။ ဒါနပယ်ဘို့, သီလပယ်ဘို့ မလိုကြဘူး။ အချို့ကတော့ ဒါနသံသရာ ရှည်လျားတယ်လို့ အယူရှိနေကြတယ်။ (ဒါနတော ဘောဂဝါ၊)ဟူသော ပုဒ်ကိုပင် သုံးပုဒ်ယူ၍။ ဘော၊ အို-အချင်းတို့။ ဒါနတော၊ ဒါနပြုခြင်းကြောင့်။ ဂဝါ၊ နွားဖြစ်၏။ ဒီလိုသဘောမျိုးနှင့် ဟောပြော နေတာကိုလဲ တွေ့ဘူးပေတယ်။ ထို့သို့ဖြစ်၍ ဒါနဟာ သံသရာရှည်အောင်လုပ်ရင် ရှည်တာပါဘဲ။ တိုအောင်လုပ်ရင် တိုတာပါဘဲ။ အယူအဆကွဲလွဲနေဘို့ မလိုကြပါ။ ဂင်္ဂါဝါဠု၊ သဲမှုမကတဲ့ ဘုရားရှင်တို့ ဒါန အရင်းခံပြီး သဗ္ဗညုတ ဉာဏ်ကို ရကြတယ်ဆိုတာလဲ (နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာမှာ) ထင်ရှားစွာပြထားပေတယ်။

ဒါကြောင့်မို့ဒါန,သီလဆိုတဲ့ လုပ်ငန်းဟာလဲလွယ်လွယ်ကလေးနဲ့ အရေးရောက်တို့ လိုကြတယ်။ အချို့က သီလကိုပင် အချိန်လင့်နေတယ်ဟု ထင်တတ်ကြတယ်။ စင်စစ်မှာ သီလစခန်းကပင် တက်ကြမှ သမထခဏ်း, ဝိပဿနာခဏ်းသို့ရောက်ကြရလေတယ်။ ဘုရားစေတီ တည်ကြ သောအခါ ဝါးလုံးများ ငြမ်းဆင်ပြီး တည်ကြရတယ်။ ထီးတင်ပြီး၍ ဘုရားစေတီပြီးမြောက်တဲ့အခါ ငြမ်းဆင်ထားသော ဝါးလုံးများကို အသုံးမကျ တော့သဲ ဖျက်ဆီး ပစ်ထား သလို ဝိပဿနာဘာဝနာလမ်းအဆုံးခန်းပြီးမြောက်လျှင် ဒါနနှင့်သီလကို ခြေကန်၍ ချနိုင်ကြပေတာပေါ့။ ဘာဝနာလမ်း မပြီးမြောက်သေးရင်ဖြင့် ငြင်းပယ်နေဖို့မလိုကြပေဘူး။

**သာသနာ၏ အချက်အလက်တွေကို ထိုထို အဋ္ဌကထာ ကျမ်းဋီကာတို့မှ ထုတ်နုတ်၍ ထည့်သွင်း ဖော်ပြလိုက်ပါအံ့**

သာသနာဆိုတာ အထက်က ပြခဲ့တဲ့ သီလ, သမာဓိ, ပညာ ဤသုံးဖြာသော သိက္ခာသုံးရပ်ကို ခေါ်ဆိုကြောင်းတို့-

**သာရတ္ထဒီပနီဋီကာ-က**

(က) သာသနန္တိ အဓိသီလ အဓိစိတ္တ ဒဓိပညာ သင်္ခါတ သိက္ခတ္တယ သင်္ဂဟိတံ သာသနံ။

**သာသနန္တိ၊** သာသနာဟူသည်ကား။ အဓိသီလ, အဓိစိတ္တ အဓိပညာ သင်္ခါတ သိက္ခတ္တယ သင်္ဂဟိတံ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာဟု ဆိုအပ်သော သိက္ခာ သုံးပါးတို့ဖြင့် ရေတွက် အပ်သော။ သာသနံ၊ သာသနာတော်တည်း။

**ရှစ်လုံးဘွဲ့**

၁။ အဓိသီလ-စိတ္တပညာ၊
သိက္ခာသုံးရပ်-မြင့်မြတ်ပေါ်လော၊
သာသနာကြီး-နေမီးတဖြာ၊
သာရတ္ထ-ထုတ်ပြကျမ်းဋီကာ။

(ဝိမတိဋီကာ-က) သာသနန္တိ သိက္ခတ္တယ သင်္ဂဟိတံသာသနံ၊ ဟူ၍ပင် ထောက်ခံရှင်းလင်း ပြထားသည့်ပြင် သာသနာဆိုတာ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာနှင့် မုချအားဖြင့် (ဗောဓိပက္ခိယ)တရား ၃၇-ပါးတို့သည် သာသနာပါတဲ့။ ဒါကြောင့်-

**ဝိမတိဋီကာ-က**

(ခ) သာသနန္တိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဝသေန တိဝိဓံ သာသနံ။ နိပ္ပရိယာယတော ပန သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ။

သာသနန္တိ၊ သာသနာဟူသည်ကား။ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဝသေန၊ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာအစွမ်းအားဖြင့်။တိဝိဓံ၊ သုံးပါးအပြားရှိသော။သာသနံ၊ သာသနာပေတည်း။နိပ္ပရိယာယတော ပန၊ မုချ အားဖြင့်ကား။ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့သည်။ သာသနံ၊ဘုရားရှင် သာသနာတော်ပါပေတည်း။

**ရှစ်လုံးဘွဲ့**

၂။ သာသနာတွန်း-နေဝန်းပမာ၊
ပရိယတ်နှင့်-ပဋိပတ်ပါ၊
ပဋိဝေဓ-ထွန်းပသာသနာ၊
ဝိမတိ-ထုတ်ရှိကျမ်းဋီကာ။

သာသနာဆိုတာ ရှင်တော် ဟောကြား ခဲ့သော အဆုံးအမ ဒေသနာတော်သည် လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်၌သာလျှင် တည်ရှိလေသောကြောင့်-

**ဝဇိရဗုဒ္ဓိဋီကာ-က**

(ဂ) သကလံ နဝင်္ဂံ သတ္ထုသာသနံ၊ တေသွေဝ ပုဂ္ဂလေသု ပတိဋ္ဌိတံ ဟောတိ။

သကလံနဝင်္ဂံ၊ အလုံးစုံသောအင်္ဂါ ၉-ပါးနှင့် ပြည့်စုံတော်မူသော။သတ္ထုသာသနံ၊ရှင်တော်ဘုရား၏အဆုံးအမ သာသနာတော်

သည်။ တေသွေဝပုဂ္ဂလေသု၊ ထိုလဇ္ဇီ ပေသလသိက္ခာကာမ ပုဂ္ဂိုလ်တို့၌သာလျှင်။ ပတိဋ္ဌိတံ၊ တည်ရသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ရှစ်လုံးဘွဲ့

၃။ ရှင်တော်ဘုရား-ဟောကြားမိန့်မှာ၊
လိုက်နာသူများ-တရားတည်ကာ၊
ဝဇီရရှိ-ဗုဒ္ဓိငြိကာ၊
ထုတ်ဖော်ပြ-တည်ထသာသနာ။

ထိုမှတဖန် သာသနာ ဆိုတာ အဘိဓမ္မာ သာသနာသည် ရှေးဦးစွာ ကွယ်ပျောက်မည်။ အဘိဓမ္မာကွယ်ပျောက်လျှင် သုတ္တန် ဝိနည်း ပိဋကတ် နှစ်ပါး၌ တည်ရှိကြောင်းကို....

သမ္မောဟဝိနောဒနီ ဉာဏဝိဘင်း-က

(ဃ) တသ္မိံ အန္တရဟိတေ ဇာတရေသု ဒွိသု ပိဋကေသု ပတိဋ္ဌိတေသုပိ သာသနံ ပတိဋ္ဌိတမေဝ ဟောတိ။

တသ္မိံ၊ ထိုအဘိဓမ္မာ ပိဋကတ်သည်။ အန္တရဟိတေ၊ ကွယ်လွန်သည်ရှိသော်။ ဇာတရေသု၊ ဤအဘိဓမ္မာ ပိဋကတ်မှ တပါးကုန်သော။ ဒွိသုပိဋကေသု၊ သုတ္တန် ဝိနည်း ပိဋကတ် နှစ်ပါးတို့သည်။ ပတိဋ္ဌိတေသုပိ၊ ထင်ထင် ရှားရှား တည်ကုန်ငြား သော်လည်း။ သာသနံ၊ရှင်တော်ဘုရား သာသနာသည်။ ပတိဋ္ဌိတမေဝ၊ မပျောက်မပျက် တည်သည်သာလျှင်။ ဟောတိ၊ စင်စစ်မသွေဖြစ်တော့ပေ၏။

ရှစ်လုံးဘွဲ့

၃။ ရှေးဦးအစ-ကွယ်ကြအဘိဓမ္မာ၊
သုတ္တန်ဝိနည်း-တည်ပြီးသာသနာ၊
ဉာဏဝိဘင်း-ထင်ထင်းသေချာ၊
သမ္မောဟ-ဟောပြကျမ်းအလာ။

ထိုမှတဖန် သာသနာဆိုတာ အဘိဓမ္မာကွယ် လွန်သည့်နောက် သုတ္တန်ထပ်၍ ကွယ်ပျောက်ပြန်သော်လည်း ဝိနည်း ပိဋကတ်တည်ရှိပြန်သော် သာသနာသည် တည်ရှိပြန်ကြောင်းကို-

**သမ္မောဟဝိနောဒနီ ဉာဏဝိဘင်း-က**

(င) ဒွိသု ပိဋကေသု အန္တရဟိတေသု ဝိနယပိဋကေ ဌိတေ သာသနံ တိဋ္ဌတိ။

ဒွိသု၊ နှစ်ပါး ကုန်သော။ ပိဋကေသု၊ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်တို့သည်။ အန္တရဟိတေသု၊ ကွယ်ကုန်သည် ရှိသော်။ ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်သည်။ ဌိတေ၊ တည်သည် ရှိသော်။ သာသနံ၊ ရှင်တော်ဘုရား သာသနာသည်။ တိဋ္ဌတိ၊ တည်ရှိပြန်တော့၏။

**ရှစ်လုံးဘွဲ့**

၅။ သုတ္တန်အဘိ-ကွယ်ရှိပြန်ရာ၊
ဝိနည်းဓမ္မ-တည်ထသာသနာ၊
ဉာဏဝိဘင်း-ထင်လင်းသချာ၊
သမ္မောဟ-ဟောပြကျမ်းအလာ။

ထိုမှတဖန် သာသနာဆိုတာ မာတိကာသည် ကွယ်ပျောက်ခဲ့သည်ရှိသော် ပါတိမောက်ထမ်း ရှင်ရဟန်းတို့သည် ရှိကုန်ငြားအံ့။ မြတ်စွာဘုရား သာသနာသည် တည်ရှိကြောင်းကို-

**သမ္မောဟဝိနောဒနီ အဋ္ဌကထာ-က**

(စ) မာတိကာယ အန္တရဟိတာယ ပါတိမောက္ခ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါသု ဌိတာသု သာသနံ တိဋ္ဌတိ။

မာတိကာယ၊ မာတိကာသည်။ အန္တရဟိတာယ၊ ကွယ်ခဲ့သည်ရှိသော်။ ပါတိမောက္ခပဗ္ဗဇ္ဇာ ဥပသမ္ပဒါသု၊ ပါတိမောက်ထမ်း ရှင်ရဟန်းတို့သည်။ ဌိတာသု၊ တည်ကုန်သည်ရှိသော်။ သာသနံ၊ ရှင်တော်ဘုရား သာသနာသည်။ တိဋ္ဌတိ၊ တည်ရှိပြန်တော့၏။

**ရှစ်လုံးဘွဲ့**

၆။ မာတိကာမှောက်-ကွယ်ပျောက်ပြန်ရာ၊
ပါတိမောက်ထမ်း-ရဟန်းတို့မှာ၊

တည်ပြန်ကုန်ငြား–ဘုရားသာသနာ၊
သမ္မောဟ–ဟောပြ အဋ္ဌကထာ။

ထိုမှတဖန် သာသနာဆိုတာ ရဟန်းတော်တို့၏ အသွင် အပြင်သည် သာသနာ ၅၀၀၀–အတွင်း၌ မကွယ်ပျောက်သမျှ သာသနာ တည်ပြန်တော့သည်။ လိင်္ဂသာသနာကို ဆိုတာပေါ့။ ဒါကြောင့်–

သမ္မောဟဝိနောဒနီ အဋ္ဌကထာက

(ဆ) လိင်္ဂံ အဒ္ဓါနံ ဂစ္ဆတိ။ ။လိင်္ဂံ၊ ရဟန်းတော်တို့၏ အသွင်အပြင်သည်။ အဒ္ဓါနံ၊ အဓွန့်ရှည်စွာ အခါကာလသို့။ဂစ္ဆတိ၊ ရောက်၍ တည်ပြန်လေတော့၏။

ရှစ်လုံးဘွဲ့

၇။ သုတ်,ဘိ,ဝိနည်း–ကွယ်ပြီးတခါ၊
အသွင်တခဏ်း–ရဟန်းတူစွာ၊
တည်ပြန်ကုန်ငြား–ဘုရားသာသနာ၊
သမ္မောဟ–ဟောပြအဋ္ဌကထာ။

ထိုမှတဖန် သာသနာဆိုတာ ၅၀၀၀–ပြည့်၍ မဟာဗောဓိသို့ ဓာတ်တော်တို့ စုဝေးပြီး ဓာတုပရိနိဗ္ဗာန်ပြုပြီးသောအခါ ရှင်တော် ဘုရား သာသနာသည် အရောင်မဖ တောက်ဘဲ ကွယ်ပျောက် ကြောင်းကို–

သမ္မောဟဝိနောဒနီပါဠိက–

(ဇ) ဓာတူသု အန္တရဟိတာသု သာသနံ အန္တရဟိတာနာမ ဟောတိ။ ။ဓာတူသု၊ ဓာတ်တော်, မွေတော်တို့သည်။ အန္တရ ဟိတာသု၊ ကွယ်သည်ရှိသော်။ သာသနံ၊ရှင်တော်ဘုရားသာသနာ တော်သည်။ အန္တရဟိတာနာမ၊ ကွယ်ပျောက်သည်မည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်တော့ပေ၏။

ရှစ်လုံးဘွဲ့

၈။ ရှည်ကြာမြားမြောင်–ငါးထောင်သာသနာ၊
သရီရဓာတ်–ကျွမ်းပြတ်ကုန်ကာ၊

သာသနာမှောက်-ကွယ်ပျောက်တော့တာ၊
သဓမ္မာဟ-ဟောပြပါ၌အလာ။

၉။ သာသနာမြတ်-ထွန်းလတ်တည်နေ၊
လူ့နတ်အများ-အားထားရှိပေ၊
သာသနာကွယ်ပျောက်-မှောင်ရောက်တည်နေ၊
လူ့နတ်များ-အားထားပျက်မသွေ။

ဤတား သာသနာတည်ပုံပြချက်နှင့် သီလဝိသုဒ္ဓိစခန်းပြီး၏။

---

## မနောဟုတ်မှ လောကုတ္တရာဖြစ်ပုံ
## စိတ္တဝိသုဒ္ဓိစခန်း

သီလ ဝိသုဒ္ဓိ စခန်း ပေါက်ရောက်လျှင် စိတ္တဝိသုဒ္ဓိ စခန်းသို့ တက်ကြရ ပေလိမ့်မည်။ ဝိတ္တဝိသုဒ္ဓိစခန်းက အတော်လှမ်းပေတယ်။ ဘာကြောင့်လဲဆိုတော့ (အာရမ္မဏံ စိန္တေတီတိ စိတ္တံ) အာရမ္မဏံ၊ အာရုံဟူသမျှကို စိန္တေတိ၊ နေ့နေ့-ညည နိစ္စမသွေ အမြဲကြံစည်၍ နေတတ်လေ၏။ ဣတိတသ္မာ၊ ထိုသို့အာရုံဟူသမျှကို နေ့နေ့-ညည နိစ္စမသွေ အမြဲ ကြံစည်၍ နေတတ်လေ သောကြောင့်။ စိတ္တံ၊ စိတ်မည်၏။

ကိုင်း-အဲဒီစိတ်က အတော်ဘဲဆုံးမဘို့ခက်သေးတယ်။ စိတ်သတ္တိသည် ဟိုကြံ-ဒီကြံ လျင်မြန်သောသဘောရှိတတ်သတဲ့။ စိတ်ကြောင့်သတ္တဝါတွေ ဒုက္ခများနေကြတယ်။ စိတ်ဆွဲရာကိုယ်ပါလို့ လိုရာကိုမရောက်နိုင်ကြဘဲ မျောက်မှိုင်သလို မှိုင်နေကြတယ် ဆိုရှင်မလွဲဘူးပေါ့။ ကိုယ့်စိတ်ကိုဘဲ နှိုင်းစာကြည့် လိုက်လျှင် သိနိုင်စရာအကြောင်းရှိပါရဲ့။ မကောင်းသည့် စိတ်ဝိညာဏ်မှာ တသုံသုံစီးဆင်းတဲ့ ရေအယဉ်တွေနဲ့ မတူပေဘူးလား။ ရေများ၏သဘောသည် တောင်မြင့်များပေါ် ကျသွာတဲ့ရေဟာ (နိမ့်ရာကိုသာ စီးဆင်းပြီး ဒသဟောသွားတာလို) နာမက္ခန္ဓာဆိုတဲ့ စိတ်တရားသည် ကုသိုလ်တည်းဟူသော အမြင့်ပေါ်မှ အကုသိုလ် တည်းဟူသော အနိမ့်ဘက်သို့ မြန်မြန်ကြီးဆင်းသက်လို့ သွားတတ်ကြပေတယ်။

ဒါကြောင့်မို့ ရှင်တော် ဘုရားက (ဓမ္မပဒ ပါဠိတော်ကြီးမှာ) (ပါပသ္မိံရမတိ မနော)နေဘ၊ တွက်ချင့်ကာမမျှော်ဘဲ လက်သင့်ရာ စားတော်ခေါ်တတ်တဲ့ စိတ်မိုက်ကြီးသည်။ ပါပသ္မိံ၊ မကောင်းမှု အကုသိုလ် ဒုစရိုက်တရား၌။ ရမတိ၊ မွေ့လျော်တတ်၏။ ရမတိ၊ အခြေမနိမ့်စရာ ပဉ္စေနဲ့မကြီးတဲ့အပြင် အနေလှိမ့်ကာ အထွေထွေ မှိုးခဲ့လို့ အခြေမိန့်ကာ ဓမ္မနှင့် မနီးပေသပေါ့ သတ္တဝါတွေမှာ (မြေနိမ့်ရာရေစီး) ဖြစ်ရလေတော့သတည်း။

အဲဒီစိတ်မိုက်၊ စိတ်ရိုင်းကြီးကို ဆွဲနိုင်၊ချည်နိုင်မှ သမထ လုပ်ငန်း ကြီးကိုရကြမယ်။ သမထလုပ်ငန်းနှင့် ဆွဲနိုင်၊ ချည်နိုင်တယ် ဆိုတာ သမာဓိမဏ္ဍိုင် ခိုင်ခိုင်ကြီး စိုက်ရတာ ဖြစ်ပေတယ်။ ဤသို့ဖြစ်လေ သောကြောင့် ကာမဂုဏ် အာရုံတရားတွေကို အမြဲ ကျက်စားပြီး ကြံစည်သွားလာနေတဲ့ စိတ်ကောက်ကို တဆိပ်လောက် ကလေး သမထအလုပ်နှင့် ချုပ်နှောင် ကြည့်နိုင်လျှင် သိနိုင်ဘို့ရာ ဘုရား ဟောတခု (ဓမ္မပဒပါဠိတော်ကြီးက) ထုတ်ပြ လိုက်မယ်။ အဟုတ် ရအောင် ကျက်ထားရန်ကတော့....

## အသိးတရာ တည္ဆာတခု
## တရားမှန်ပြလင်္ကာ

ရူပ,သဒ္ဒ၊ ဂန္ဓ,ရသ၊ ဖောဋ္ဌဗ္ဗဟုခေါ်ဖြာစုံရင်း၊ အာရုံတွင်း၌၊
ဝင်ဆင်းချာချာ၊ သူဆွဲရာကို၊ လိုက်ပါတုံပြေး၊အို–လူများတို့၊
တို့ကားမကြည့်၊ တို့သတိနှင့်၊ တို့သိဘို့ရန်၊ ရွှေကျမ်းဂန်၌၊

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

ဟောဟန်တန်တု၊ မှန်ကိုရှုလော့၊ တခုအချုပ်၊ သူ့သရုပ်ကို၊ ပြုထုတ်စစ်သော်၊ အမှန်ပေါ်လိမ့်၊ အဖော်တသိုက်၊ တွေ့ကြုံ လိုက်က၊ နှစ်ခြိုက်တူပျော်၊ သူခေါ်လျှင်ပေါင်း၊ သူထောင်း လျှင်ကြေ၊ သူသေလျှင်ချုပ်၊ သူရပ်ထူထောင်၊ သူမိုက်မှောင် ကြောင့်၊သူကောင်စားစား၊ ဖြစ်ခဲ့များကို၊ တို့ကားနှောင်ခါ၊ ဉာဏ်မှိုးရာသည်။ (အသိးတရာ အညှာတခု) သိဘို့သော်။

ဘိက္ခဝေ၊ သံသရာအစဉ်ခန္ဓာ၀န်ကို စိတ်ပင် ဆောင်ပြောအိ-ချစ်သားတို့။ ဖန္ဒနံ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်အာရုံတို့နှင့် ပေါင်းဆုံ ထိခိုက်၊ တွေ့ကြုံ ကြိုက်၍ လေတိုက်တဲ့ သစ်ပင်ကို ပင်ကိုက ယိမ်းယိုင် ထိန်းမနိုင်ဘဲ အာရုံထဲသို့ ခုန်လွဲဆွဆွ တုန်လှုပ်ခြင်းရှိပေထသော။ စပလံ၊ ဇာခြွေမရ လျှပ်ပေါ်လော်လီခြင်းရှိထသော။ ဒုရက္ခံ၊ သမထဝိပဿနာအလုပ် တည်အောင်ချုပ်မည်သို့ အဟုတ်ပင် နှဲသော်လဲ စောင့်နိုင်ခဲ့ထသော။ ဒုန္နိဝါရယံ၊ ဝိသဘာဂအာရုံကာမဂုဏ် အမိုက်အမှားနှင့် လိုက်သွားခြင်းကိုလည်း တားမြစ်နိုင်ခဲထသော။ စိတ္တံ၊ သူခေါ်လျှင်ထူး သူမြူးလျှင်မျှော် သူ့အဖော်တသိုက်များနှင့် လိုက်စားကာ မိုက်မှားကာကြွားဝါ၍ နေသော စိတ်ကောက်ကို။ မေဓာဝီ၊ စိတ်ကောက်၏အကြောင်းကို တဆိတ်လောက် ပေါင်းကြည့် တာနှင့် ကောင်းကောင်းကြီးသိတတ်တဲ့ ပညာရှိသည်။ ဥဇုံကရောတိ၊ သမထအလုပ်ဘာဝနာနှင့် တခဏမျှချုပ်ပြီး ဖြောင့်တန်းစွာ ပြုပြင်ရာ၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ဥသုကာရော၊ ပြုပြင် အဟုတ်အားပါးထုတ်၍ အလုပ်ရှေသွား မြှားသမားသည်။ တေဇနံ၊ အသွားထက်ထက် ကောက်လှသော မြှားလက်နက်ကို။ ဥဇုံကရောတိယထာ၊ မကွေ့မကောက် ဖြောင့်အောင်ပြုပြင် စီရင်လေသကဲ့သို့ အမှန်မုချ ပြုပြင်စီရင်ရလေတော့သတည်း။

## စိတ်ချည်နည်း

ကဲ-သီလဝိသုဒ္ဓိစခန်းမှာပြခဲ့တုန်းက သမထဘာဝနာ ဝိပဿနာဘာဝနာတို့ မပါလာခဲ့ဘူး။ စိတ္တဝိသုဒ္ဓိစခန်းကျမှ ဘာဝနာလမ်းစဉ်တွေ အကုန်ဆုံကြပေတယ်။ သမထဆိုတာ ,ကိလေသာ နီဝရဏတရားတွေငြိမ်းချုပ်မှုကို ခေါ်ဆိုပေတယ်။ ဝိပဿနာဆိုတာ ပရမတ်သဘောပေါက်အောင် ပွားများမှုကို ဆိုပေတယ်။ သမထတရားက ၄၀၊ ဝိပဿနာတရားက ၄၀၊ ဤသို့ (၈၀) သော ဘာဝနာ တို့သာ ပြဆိုကြတယ်။

ဤ(၈၀)သော ဘာဝနာ အလုပ်တို့တွင် ဗုဒ္ဓါနုဿတိ ဆိုတဲ့ သမထ အထွဋ်အမြတ်ဆုံးပေါ့။ (ဗုဒ္ဓါနုဿတိ) ဆိုတာ ဘုရား

အသွင်ကို ရွှေဝယ်တွင်ထားပြီး သောဘဂဝါ ဇာတိပိအရဟံ အစရှိ သော ဂုဏ်တော် ကိုးပါးကို အဖန်ဖန် အောက်မေ့ဆင်ခြင် နှလုံး သွင်းမှု ဒီတခုကို ဆိုလိုတယ်။ ဒီနေရာမှာ စိတ်စေတသိက်တွေ တခြားကိုမဟုန်ဘဲ ဘုရားအာရုံနှင့် အရဖမ်းပြီး ကမ္မဋ္ဌာန်း အလုပ် ပေးလိုက်လျှင် ရှပ်သေးကြိုးဖြတ်သလို ဂျပ်ကနဲမိရောပေါ့။

## အာရုံတွင်း၌ ထင်လင်းအောင်ဘုရားပင့်ပုံနှင့် တရားတော် သံဃာတော်ပင့်လျှောက်ပုံ

ဘန္တေ, ဘဂဝါ အမှာကံ ဥာမံ အတ္တဘာဝံ တုမှာကံ ပရိစဇာမိ။

ဘန္တေဘဂဝါ၊ ရွှေဘုန်းတော်သခင် ခြောက်ရောင် ရှင်လျက် လူတွင်ထင်ရှား အရှင်ဘုရား။ အမှာကံ၊ ခန္ဓာနာမ်ရုပ် ဝဋ်လုပ်၌ နစ်မြုပ်မည်ကာ နေရပါသော တပည့်တော်တို့၏။ ဥာမံအတ္တဘာဝံ၊ ဤအတ္တဘောတည်းဟူသော ခန္ဓာကိုယ်ကို။ တုမှာကံ၊ကျေးဇူးတော် သခင် အရှင်ဘုရားတို့အား။ ပရိစဇာမိ၊ မငဲ့မညှာ အသက်ပါ ရဲရဲ ဝံ့ဝံ့စွန့်လွှတ် ပေးလှူလိုက်ပါ၏အရှင်ဘုရား။

၁။ အရဟံအစ ဘဂဝါအဆုံးရှိသော ၉-ပါးသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတ မြတ်စွာ ဘုရားကိုယ် တော် အရှင်မြတ်သည် အကျွန်ုပ်၏ ကိုယ်တွင်း၌ ၁၀-ပါးသော ကိလေသာ၊ ဆဲ့တဝသော မီးကြီးတို့ကို ငြိမ်းချမ်း ပပျောက်စေခြင်း အကျိုးငှာ ကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်နေကိန်းဝပ်တော် မူပါ အရှင်ဘုရား။

## တရားတော်ပင့်ရန်

၂။ သွာက္ခာတော- အစရှိသော ၆-ပါးသော ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ် သည် ကျွန်ုပ်၏ကိုယ်တွင်း၌ အသိဉာဏ်ပွင့်လင်းစေခြင်း အကျိုးငှာ ဟဒယနှလုံးလိုဏ်ဂူ၌ တည်နေကိန်းဝပ်တော်မူပါ အရှင်ဘုရား။

## သံဃာတော်ပင့်ရန်

သုပ္ပဋိပန္နော-အစရှိသော ၉-ပါးသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါအစရှိသော အဂ္ဂသာဝက၊မဟာသာဝက၊ ပကတိသာဝက အရိယာ သူတော်ကောင်းအပေါင်းတို့သည် အပြစ်မှလွတ်ကင်း၍ ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုး ပွားတိုးစေခြင်းငှာ အကျွန်ုပ်၏ လက်ဝဲပုခုံး, လက်ျာပုခုံး၌ တည်နေကိန်းဝပ်တော်မူပါအရှင်ဘုရား။

ဤသည်လျှင် ဘုရား, တရား, သံဃာ-ပင့်လျှောက်ပုံပြီး၏။

---

### ဂုဏ်တော်ကိုးပါးကိုနှလုံးသွင်းပုတီးစိပ်၍အကျိုး

### တရားပြပုံနှင့် စေတီထိုက်ပုံပြခြင်း

၁။ သော ဘဂဝါ ဣတိပိ အရဟံ-
ဘုန်းကြွက်သရေ တိုးတက်သည်။

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ-
အကြံကောင်း,ဉာဏ်ကောင်းပေါ်လာသည်။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော-
အကြံဟူသမျှ ထွင်းဖောက်၍သိတတ်သည်။

၄။ သော ဘဂဝါ ဣတိပိ သုဂတော-
ပြောသမျှစကားကို အောင်မြင်သည်။

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ-
ထင်ပေါ်ကျော်စောသည်။

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဓမ္မသာရထိ-
ဆိုးဝါးသော တိရစ္ဆာန်,လူ,နတ်တို့ကို နိုင်နင်း ချစ်ခင်မြတ်နိုးသည်။

၇။ သော ဘဂဝါ ဉာတိဝိ သတ္တာဒေဝမနုဿာနံ-
သူတပါးတို့၏ အလိုဆန္ဒ ဟူသမျှကို ဖြည့်စွမ်း ကယ်ဆယ် နိုင်သည်။
၈။ သော ဘဂဝါ ဉာတိဝိ ဗုဒ္ဓေါ-
စိန္တာမယဉာဏ်ကဲ့သို့ အရာရာမှာ ကြံဆသိနိုင်သည်။
၉။ သော ဘဂဝါ ဉာတိဝိ ဘဂဝါ-
သူတပါးတို့ မတုဝံ့ မပြိုင်ဝံ့ ကြောက်ရွံ့ ရှိသေသည်။

---

### ဘုရားဂုဏ်တော်ကိုးပါး ဘာသာပြန်ကား

၁။ ထိုမြတ်စွာဘုရားသခင်သည် ပူဇော်အထူးကို ခံတော်မူထိုက် သော အကြောင်းကြောင့် အရဟံဂုဏ်တော် မည်ပါပေ၏။

၂။ ထိုမြတ်စွာဘုရားသခင်သည် ခပ်သိမ်းသောတရားတို့ကိုဆရာ မရှိ အလိုလို ကိုယ်တော်တိုင် သိတော်မူသော အကြောင်း ကြောင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် မည်ပါပေ၏။

၃။ ထိုမြတ်စွာဘုရား သခင်သည် ဝိဇ္ဇာ ရှစ်ပါး,စရဏ တဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် ဝိဇ္ဇာ စရဏသမ္ပန္န ဂုဏ်တော်မည်ပါပေ၏။

၄။ ထိုမြတ်စွာ ဘုရား သခင်သည် ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့် သုဂတဂုဏ်တော် မည်ပါပေ၏။

၅။ ထိုမြတ်စွာဘုရား သခင်သည် လောက သုံးပါးကို သိတော် မူသောအကြောင်းကြောင့် လောကဝိဒူ ဂုဏ်တော် မည်ပါ ပေ၏။

၆။ ထိုမြတ်စွာဘုရားသခင်သည်မယဉ်ကျေးသောလူယောကျ်ား, နတ်-ယောကျ်ား, တိရစ္ဆာန် ယောကျ်ားတို့ကို ယဉ်ကျေး အောင်ဆုံးမတော်မူသော အကြောင်းကြောင့် အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်မည်ပါပေ၏။

၇။ ထိုမြတ်စွာဘုရားသခင်သည် လူ,နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့် သတ္တာဒေဝ မနုဿာန ဂုဏ်တော်မည်ပါပေ၏။

၈။ ထိုမြတ်စွာဘုရား သခင်သည် သစ္စာလေးပါး တရားတို့ကို သိတော်မူသော အကြောင်းကြောင့် ဗုဒ္ဓဂုဏ်တော်မည်ပါ ပေ၏။

၉။ ထိုမြတ်စွာဘုရား သခင်သည် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် ဘဂဝါဂုဏ်တော် မည်ပါပေ၏။ ဤကား-ဘုရားဂုဏ်တော် ပုတီးစိပ်ပြီး၏။

အဲဒီ ဂုဏ်တော်ကိုးပါးကို တခုခုစွဲ၍ရင်း၊ ကိုးပါးစလုံးကိုသော် ၎င်း; အထွဋ်အဖူး ဖြစ်သော ဂုဏ်တော်ကို သဒ္ဓါတရား ညွတ်နူး အောင် ယုံကြည်အားထားပြီး ထင်မြင်အောင် ပွားများပါလျှင် လောကကြီး တရပ်လုံးမှာ အမြတ်ဆုံး ရယ်လို့ ခေါ်ရတယ်။ ရက်အပိုင်းအခြား, လအပိုင်းအခြား, နှစ်အပိုင်းအခြား ထားပြီး တော့ အဓိဋ္ဌာန် ပါရမီမြောက်အောင် အားထုတ်ရမယ်။ ကိုယ် ခန္ဓာလဲ ဂုဏ်တော်စေတီအိမ်ဖြစ်ကြောင်းကို (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကြီးမှာ) (ဗုဒ္ဓဂုဏာ နုဿတိယာ အဇ္ဈာဝုတ္ထဥ္စသ သရီရမ္ပိ စေတိယဃရမိဝ ပူဇာရဟံဟောတိ။) ဤသို့ ပါရှိသည့်အပြင် ဘုရား ရှင်နှင့် အတူတကွ နေရတိ သကဲ့သို့ ထင်မှတ်လျက် သဒ္ဓါတွေ တိုးတက်ပြီး ကောင်းကျိုးဆက်ကာ ဆက်တာဖြစ်လို့နေပေတယ်။

### ဂုဏ်တော်၏အကျိုးဆက် ရှစ်လုံးဘွဲ့

၁။ ဘေးကင်းရန်ရှင်း-ကောင်းခြင်းအာရုံ၊
မြတ်ဘုရား၌-ညွတ်တွားစိတ်ထုံ၊
စေတီချိန်ခွင့်-အိမ်နှင့်တူပုံ၊
အကျိုးဆက်-တိုးတက်မြတ်ကိုးဂုဏ်။

၂။ သက်တော်ထင်ရှား-ဘုရားနှင့်သာ၊
တူနေတုံလတ်-ထင်မှတ်ရတာ၊

သဒ္ဓါတိုးတက်-ကျိုးဆက်ဖြာဖြာ၊
ဝိသုဒ္ဓိ-ထုတ်ရှိနေတ္တိလာ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် နေတ္တိအဋ္ဌကထာကြီးများ၏
အကျိုးဆက်ပြပုံ ပြီး၏။

---

## ဥဂ္ဂဟနိမိတ်ထင်မြင်ပုံ

စိတ္တဝိသုဒ္ဓိစခန်းက အလှမ်းကွာပြီး ဘရမ်းဘတာမဖြစ်ရအောင် သွားလာလျှင် မြန်တဲ့စိတ် ရှင်တော်ဘုရား အသွင်ကို ရှေ့ဝယ်တွင် ထားပြီး သောဘဂဝါ ဣတိပိ အရဟံ စသော ဂုဏ်တော်နှင့် အာရုံကိုမလွှတ်စေဘဲ အဖန်ဖန်အထပ်ထပ်ပွားများတာက(ပရိကမ္မ ဘာဝနာ)လို့ ခေါ်တယ်။ ဘုရားအသွင်ကိုမြင်၍နေတာက (ပရိကမ္မ နိမိတ်)လို့ ခေါ်ပြန်တယ်။

တဖန် ပရိကမ္မဘာဝနာနိမိတ်ကိုခွါခဲ့၍ ကိုယ်လိုချင်တဲ့နေရာကို ကောင်းစွာ ထိုင်ပြီး မိမိအာရုံ အတွင်းမှာ သောဘဂဝါ ဣတိပိ အရဟံ စသည်ဖြင့် ပွားများလိုက်တော့ ဘုရားအသွင် ဘွားကနဲ လာပြီးထင်လိုက်ခြင်းသည် (ဥဂ္ဂဟနိမိတ်)လို့ ခေါ်ရတယ်။ စားရင်း, သွားရင်း ဘုရားအာရုံ၊ နေရင်း, ထိုင်ရင်း, ဘုရားအာရုံ၊ အိပ်ရင်လဲ ဘုရားအာရုံ၊ ရောင်ခြည်တော်ခြောက်စုံ တဟုန်တည်းလွှတ်ပြီးနေတဲ့ ဘုရားအာရုံကိုအဖန်ဖန်အထပ်ထပ်ထုံ၍ ထင်လာ,မြင်လာခြင်းကား (ဥဂ္ဂဟနိမိတ်)တွေလို့ ခေါ်ဆိုရပေတယ်။

တဖန် အဲဒီ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် ဖြစ်သော ရှင်တော် ဘုရားရဲ့အသွင်အပြင်ကို မိမိအာရုံတွင်းသို့ စွဲစွဲမြဲမြဲ မထင်လာသေး သမျှ ခဏခဏ အဖန်ဖန်အထပ်ထပ် သောဘဂဝါ ဣတိပိ အရဟံ စသော ဂုဏ်တော်ကို ပွားများနေတာကတော့ (ပရိကမ္မ ဘာဝနာ) လို့ ဆိုရသေးတယ်။

တဖန် အဲဒီထင်မြင်လာတဲ့ ဘုရားအသွင် အပြင်အဆင် ကျနယူ၍ ရသော (ဥဂ္ဂဟနိမိတ်)ကို မြဲမြံစွာ အာရုံပြုပြီး တခြား တပါးသို့ စိတ်မလွှင့်ဘဲ တည်ကြည်သောကေဂ္ဂတာအဖြစ်သို့ရောက်၍ နီဝရဏ

စသော ကိလေသာ ကင်းရုံသာဖြစ်ခြင်းသည် (ဥပစာရဘာဝနာ)လို့ ခေါ်ဆိုရပြန်တယ်။ အဲဒီဘုရားအာရုံဟာ ဥပစာရသမာဓိသို့ ခရီးရောက်နိုင် ပေါက်နိုင်၍ ဘုရားဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် ဝတ်ထား၍ ပွားများအပ်ပေသည်။

ဤကား ဗုဒ္ဓနိမိတ် ထင်မြင်လာပုံ ပြီး၏။

---

## တရားဂုဏ်တော် ပုတီးစိပ်ပုံ

၁။ ဘဂဝတာ ဓမ္မော သွာက္ခာတော
၂။ ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော
၃။ ဘဂဝတာ ဓမ္မော အကာလိကော
၄။ ဘဂဝတာ ဓမ္မော ဧဟိပဿိကော
၅။ ဘဂဝတာ ဓမ္မော ဩပနေယျိကော
၆။ ဘဂဝတာ ဓမ္မော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

(၁) မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်၏။ (၂) ကောင်းစွာ ပြတော်မူတတ်၏။ (၃) အခါမလင့် အကျိုးကိုပေးတော်မူတတ်၏။ (၄) လာလှည့်ရှုလှည့်ဟူသော အစီရင်ကို ခံတော်မူထိုက်၏။ (၅) နိဗ္ဗာန်သို့ဆောင်တော်မူတတ်၏။ (၆) ပညာရှိတို့ အသီးအသီး သိတော်မူအပ်၏။

ဤကား တရားဂုဏ်တော် ပုတီးစိပ်ပုံ ပြီး၏။

---

## သံဃာ့ဂုဏ်တော် ပုတီးစိပ်ပုံနှင့် သံဃိက ပုဂ္ဂလိက ဆည်းကပ်၍ အကျိုးပေးခြားနားပုံ

၁။ ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော
၂။ ဘဂဝတော ။ ။ ဥဇုပ္ပဋိပန္နော
၃။ ဘဂဝတော ။ ။ ဉာယပ္ပဋိပန္နော
၄။ ဘဂဝတော ။ ။ သာမီစိပ္ပဋိပန္နော
၅။ ဘဂဝတော ။ ။ အာဟုနေယျော

၆။ ဘဂဝတော ။ ။ ပါဟုနေယျော
၇။ ဘဂဝတော ။ ။ ဒက္ခိဏေယျော
၈။ ဘဂဝတော ။ ။ အဉ္ဇလိကရဏီယော
၉။ ဘဂဝတော ။ ။ အနုတ္တရံပုညခေတ္တံ

**သံဃဂုဏ် ၉-ပါး ဘာသာပြန်ကား**

(၁) မြတ်စွာဘုရား၏ သားတော်များသည် ကောင်းမြတ်သော အကျင့်ကို ကျင့်တော်မူကြ၏၊ (၂) ဖြောင့်မတ်သော အကျင့်ကို ကျင့်တော် မူကြ၏။ (၃) နိဗ္ဗာန်အကျိုးငှာ ကျင့်တော် မူကြ၏။ (၄) ရိုသေ လေးမြတ်သောအကျင့်ကို ကျင့်တော် မူကြ၏။ (၅) အဝေးမှဆောင်၍ လှူအပ်သောဝတ္ထုကို ခံတော် မူထိုက်၏။ (၆) ဧည့်သည်တို့အလို့ငှာ ရည်မှန်း၍ထားအပ်သော ဝတ္ထုပစ္စည်းကိုလဲ အလှူခံတော်မူထိုက်၏။ (၇) တမလွန်လောကကို ယုံကြည်၍လှူအပ်သော ဝတ္ထုပစ္စည်း များကိုလဲ အလှူခံထိုက်၏။ (၈) လက်အုပ်ချီခြင်းကို ပြုခြင်းငှာ ခံတော်မူ ထိုက်၏။ (၉) မြတ်သော ကောင်းမှုတည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်ယာမြေကောင်း သဖွယ်လဲ ဖြစ်တော်မူ၏။

ဤကား သံဃာ့ဂုဏ်တော် ပုတီးစိပ်ပုံ ပြီး၏။

---

**ပုဂ္ဂလိကကို သံဃိကဖြစ်အောင် ဆည်းကပ် ကိုးကွယ်ပုံ**

သံဃဂုဏ် ၉-ပါးကို အောက်မေ့၍ ပူဇော်ဆည်းကပ် ရမယ်။ အာရုံသိမ်းပိုက်ရန်က ဩဝါဒ်-ဤအရှင်သူမြတ်သည် ရှင်တော်ဘုရား လက်ထက်က အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အစရှိတဲ့ သံဃာတော်များနှင့် တဂိုဏ်းတည်းပါကလား၊ အယူသီလ,သိက္ခာ ကာမ ညီမျှကြပေတယ်။ ဘုရားသားတော်ချည်း ဖြစ်ကြပေတယ်။ အယူသီလမကွဲမပြားကြဘူး။ ဂုဏ်တော် ၉-ပါးနှင့်ပြည့်စုံတဲ့ သံဃ ဂိုဏ်းဝင် ပုဂ္ဂိုလ်ချည်း ဖြစ်ကြပေတယ်။ ဤသို့ နှလုံးသွင်း၍ ပူဇော် ဆည်းကပ်ကြရမယ်။ လှူသောအခါ မိမိအာရုံက ရှေ့ဝယ်တွင်ရှိနေ

သော ပုဂ္ဂိုလ်တဦးထဲ၌ ဉာဏ်မျက်စိမဆုံးတဲ့နှင့် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့ တိုင်အောင် ဉာဏ်ကရောက်အောင် ဖြန့်လွှတ်ရမည်။ သံဃာဂိုဏ်းဝင်ပုဂ္ဂိုလ်တွေဟာ နှလုံးသွင်းလိုက်ရင် ဂဂ်ါဝါဠု သဲစုမက ပွင့်ပြီး, ပွင့်ဆဲ, ပွင့်လတ္တံ့ သံဃာ အပေါင်း အကုန်လုံး ပါဝင်၍ သိမ်းမိလေတယ်၊ မိမိဉာဏ်ကလဲ ဖြန့်လွှတ်လိုက်ရမည်။

## ပုဂ္ဂိုလ်ကောင်းကို ဆည်းကပ် ကိုးကွယ်သောသူထက် သံဃာအများကို ဆည်းကပ်ကိုးကွယ်သော သူက သာလွန်၍မြတ်သွားပုံ

အချို့သော သူများသည် ပုဂ္ဂိုလ် ကောင်းကောင်းကို စိတ်ညွှတ်ကာ ကိုးကွယ်တတ်ကြတယ်။ ထိုသို့ ကိုးကွယ်ကြသူများက သံဃာမြင်တိုင်လဲ ရှတ်တရက် မကြည်ညိုနိုင်ကြဘူး။ ပုဂ္ဂိုလ်ကို ရွေးချယ်တတ်ကြတယ်။ အပြစ်လဲမြင်တတ်တယ်။ ပုဂ္ဂိုလ်ရွေးချယ်၍ကိုးကွယ်ဆည်းကပ်မှ အကျိုးကြီးမြတ်တယ်လို့ အယူရှိနေကြ ခြင်းဟာ မိမိ၏စိတ်က မြင့်မြတ်အောင် မထားတတ်ဘူးလို့ ဆိုရပေမယ်။ ထိုသူ ကိုးကွယ်ဆည်းကပ်နေခြင်းဟာ ပုဂ္ဂလိကဖြစ်နေတာအမှန်ဘဲ။

အချို့သော သူများက ပုဂ္ဂိုလ်ကောင်းကောင်း မရွေး ချယ်ဘဲ သံဃာမြင်သမျှ ဘုရားသားတော်ချည်းဘဲ၊ သံဃာ့ ဂိုဏ်းဝင်ချည်းဘဲဟု ငါ့ကိုယ်တော်, သူ့ကိုယ်တော်မရွေးချယ်ဘဲ တသမတ်တည်း မြင့်မြတ်အောင် ထားတတ်ကြတယ်။ သံဃာ-ဟူ၍လည်း ယုံကြည်မြတ်နိုးတတ်ကြတယ်။ ဤပုဂ္ဂိုလ်က ယုတ်တယ်, ဤပုဂ္ဂိုလ်ကမြတ်တယ်ဟူ၍လည်း မအောက်မေ့ မထင်မှတ်၊ ထိုကဲ့သို့ သဒ္ဓါလေ့ဖြင့် ပျော်မွေ့စွာကိုးကွယ်ခြင်းဟာ ပုဂ္ဂိုလ်ရွေးချယ်သောသူထက် အလွန်အကျိုး ကြီးမြတ်တယ်ဟု မှတ်ရမယ်။ သံဃာကို ဆည်းကပ်သည်မည်သောကြောင့် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် စသော သံဃာများကိုလ ကိုးကွယ်ဆည်းကပ်သည်မည်တယ်။ အရေဌာနသို့လိုက်၍ မြင့်မြတ်ကြလေတယ်။

## အနဝဒတ္တရေအိုင်ဥပမာ

ပြည့်ရှင်မင်းသည် လိုရာကိစ္စ ပြီးမြောက်ရန် ဟိမဝန္တာတော အတွင်း၌ရှိသော အနဝဒတ္တရေအိုင်ကရေကို သောက်ခြင်းငှာ အလို ရှိ၍ မှူးဆိုးအားရေခပ်ခိုင်းရာဝယ် မှူးဆိုးသည် အနဝဒတ္တ ရေအိုင်သို့ ရောက်လျှင် သန့်ရှင်း ကြည်လင်သော ရေကိုမြင်သော် မှီရာကမ်း စပ်ကရေကိုခပ်ယူ၍ ပြည့်ရှင်မင်းအား ဆက်သ လေတယ်။ ထိုသို့ ဆက်သလေရာမှာ ပြည့်ရှင်မင်းသည် အနဝဒတ္တအိုင်က ရေဟူသော အမှတ်ဖြင့် သောက်ခြင်းကြောင့် လိုရာကိစ္စ ပြီးမြောက်လေတယ်။ စင်စစ်မှာ အနဝဒတ္တအိုင်အတွင်းက ရေမှန်သမျှမှာ တိမ်သော နေရာကရေ၊ နက်သောနေရာကရေ၊ အိုင်လယ်ကရေ၊ ကမ်းစပ်က ရေဟူ၍ သီးခြားရှာနေဘို့မလိုဘူး။ တိမ်သော၊ နက်သော ရွေးနေလို့ အကြောင်းမထူးကြ။ ကမ်းစပ်ကရေကိုသောက်လျှင် အိုင်၏အလယ် ကရေကို သောက်သည်မည်တယ်၊ ဤအချက်ကို စဉ်းစား၍ ညာဏ်၌ အသုံးပြုကြပါလေ။

## ဒုဿီလကို ပေးလှူရသော်လဲ အလှူပေးပုဂ္ဂိုလ်က စိတ်ထားတတ်၍မြတ်သွားပုံ

အလှူခံ ပုဂ္ဂိုလ်က ဒုဿီလဖြစ်သော်လဲ အလှူပေး ပုဂ္ဂိုလ်က ဒုဿီလမထင်ဘဲရဟန္တာဘဲဟု မှတ်ထင်ကြည်ညိုပါလျှင် မှချထိုအလှူ သည် ဒိဋ္ဌဓမ္မမြင့်မြတ်၍ အကျိုးထင်ရှား လာနိုင်သည်။ စင်စစ်မှာ အလှူပေးသူက စိတ်ထား တတ်ဘို့ လိုပါတယ်၊ ကြည်ညိုတတ်ဘို့ လိုပါတယ်၊ မိမိစိတ်က စိတ်ထားတတ်လျှင် မြတ်၍ သွားတယ်။ (ဝဏ္ဏုပထ်သေတခု မဟာဝင်ကထုတ်ပြလိုက်အံ့။)

တိုင်းတော်ပြည်တော်ကြီး၏ မြို့စွန်မြို့နား၌ အလွန် ဆင်းရဲသော လင်မယား ၂-ယောက်ရှိကြလေတယ်။ ထိုသို့ရှိရာ မယားလုပ်သူက ရှင်ဘုရင်စားသောထမင်းကို အလွန်စားချင်လှ၍ မိမိ၏ လင်အား ပြောကြား၍ပူဆာလေသော် လင်ယောက်ျားက ရှင်မရယ်--ပြည့်ရှင် ဘုရင်မင်းမြတ်စားတော်ပွဲကို ငါတို့လို ဆင်းရဲစုတ်ချာ အဘယ်မှာ

လျှင်ရနိုင်ပါမလဲ။ စားရဘို့ အလွန်ခက်ပါတယ်၊ ဒီလိုပြောတော့ မယားလုပ်သူက အမောင်ရယ်-စားရဘို့ မခက်ပါဘူး၊ ဆံပင်ကို ဖြုတ်ပယ်၍ ရဟန်းအသွင်ဖြင့် သပိတ်ပိုက်လျက် ရှင်ဘုရင် ပွဲတော်ဆက်ချိန်ကို နန်းတွင်းသို့ ဗျာကရာဝင်ပြီး ဆွမ်းခံလျှင် အလွယ်တကူနှင့် ခဲဘွယ်ထမင်းကို. သယ်ယူ၍ ရနိုင်ပါတယ်။

အဲဒီတော့ ဒီကဲအကြံပေးသလို အမောင်ခပ်မြန်မြန်ကြီး သွားပါလေဟု မယားကပူဆာ၍ စေခိုင်းလေသော် ဒီအကြံအတိုင်းပြုလုပ်၍ ပြည့်ရှင် ဘုရင်မင်းမြတ်၏ ပွဲတော်ဆက်ချိန်ကို နန်းတော် တွင်းသို့ ဝင်သွားလေတယ်၊ ထိုသို့ဝင်သွားသောအခါ ဘုရင်မင်းမြတ်သည် စားတော်ပွဲကိုရှေ့တွင်ထား၍ ထမင်းစားမည့်အပြုတွင် ကာယိန္ဒြေ, စက္ခုန္ဒြေကို စောင့်စည်းလျက် ရှေ့ဝယ်တွင်ကြွရပ်၍ ဆွမ်းခံသော ရဟန်းကိုမြင်လေသော် အော်-အရှင်မြတ်တပါး ငါစားမည့်အပြုတွင်ကြွရပ်၍ ငါ့အားမျိုးမြှင့်တာဘဲဟု သဒ္ဓါကြည်လင်ပြီးပွဲတော်ကို ချီပွေ့၍ အရှင်မင်းမြတ်၏ ရှေ့တွင် သပိတ်တွင်းသို့ သိပ်သွင်းကာ လောင်းလိုက်ရှာတယ်။

ထိုသို့လောင်းပြီးသော် ရဟန်းသည် ပြန်ကြွလို့ အသွားတွင် ဘုရင်မင်းမြတ်က အမတ်တယောက်ကို ခေါ်တော်မူ၍ အချင်း အမတ်၊ ဤရဟန်းကား အဘယ်ကို ကြွသွားမည်လဲ သေချာစွာ သိရအောင်ရဟန်း၏ မနီးမဝေး နောက်နားကလေးက မထင်မရှား သွား၍ကြည့်ပါလေဟု စေခိုင်းလိုက်ခလတယ်။ ထိုသို့ စေခိုင်းသည့် အတိုင်း လိမ္မာသောအမတ်က သေချာစွာ ကြည့်ရှုလေသော် မြို့ပြင် ရောက်၍ ရဟန်းသည် ချုံကိုကွယ်လျက် သင်္ကန်း အသွင်ကိုဂယ် ဖြုတ်၍ လူ့အဝတ်ကိုလဲလှယ်ပြီး မိမိ၏ မယားရှိရာသို့ သွားလေ တယ်။ ထိုအခါ မယားက သပိတ်ကိုဆီး၍ယူသည်ကို အထင်အရှား အမတ်ကြီးမြင်ခဲ့လေသည်။

မြင်ခဲ့သည့်အတိုင်း ရှင်ဘုရင်အား လျှောက်ကြားလျှင် ဆင်းရဲသားလင်မယား ရာဇဒက်တိရာ၏။ ထိုကဲ့သို့ ရာဇဒက်ထိသည့်အပြင် ဘုရင်မင်းမြတ်အားလည်း ဒါနစေတနာ ပျက်ပြား၍ အကျိုးပေး

နှံ့ရာ၏။ နှစ်ဦးနှစ်ဝ ချမ်းသာရအောင် ကြံဆောင်၍ သံတော်ဦး တင်ရှာလေတယ်။

ရေမြွေသခင်အရှင်မင်းမြတ်-ကျွန်ဘော်မျိုးသည် မြို့ပြင်သို့ရောက် အောင်ရဟန်းအား အသေအချာ ကြည့်ရှုလေရာ ယိုရဟန်းသည် မျက်စိအောက်တွင်ပင်ချုံကွယ်ကိုလဲ ရောက်ရော ရဟန်း အသွင်လဲ တခါထဲ ပျောက်ကွယ်၍ သွားတယ် ဘုရားဟု လျှောက်ကြားလေ တယ်။ ထိုသို့လျှောက်ကြားသောစကားကိုကြားရ၍ ရှင်ဘုရင်သည် အာရနှစ်ခြိုက်စွာ ငါကဲ့သို့သောမင်း ဤဇမ္ဗူမှာ ရှိကြသေးရဲ့လား ဟုဆို၍ နန်းကြမ်းပြင်မှ အားရစွာ ထ၍ခုန်လိုက်ရာ နန်းကြမ်းပြင်သို့ ခြေအကျတွင် ခြေနင်းစကြာ ရတနာကြီးကို ဒိဋ္ဌဓမ္မ ရလေတယ်၊ ဤအရာကို ထောက်ဆ၍ နှလုံးသွင်းကြ ပါလေ။ ။ဘုရားဟော ဖြစ်သော ကုဋ္ဋမ္ဗိက သူကြွယ်ဝတ္ထု မှာလဲ ဤမဟာဝင် ကဲ့သို့ ထင်ရှားစွာပါသည်ကို သိကြပါလေ။

ဤကား ပုဂ္ဂလိက သံဃိက ဆည်းကပ်ပုံ, ကိုးကွယ်ပုံ
အကျိုးပေးပြပုံ ပြီး၏။

---

## ရတနာသုံးပါးကို ပူဇော်ဆည်းကပ်ပွားများရခြင်းအကျိုးပြပုံ

ဘုရားအာရုံကို ပူဇော်ခြင်း, ဆည်းကပ်ခြင်း, ပွားများခြင်းတို့ ကား တန်ခိုးအာနုဘော်ကြီးလှပေ၏။ တရားတော်ကို ပူဇော်ခြင်း, ပွားများခြင်းတို့ကား အသိဉာဏ်ပညာ ကြီးမားလှပေ၏။ သံဃာ တော်ကိုပူဇော်ခြင်း၊ ဆည်းကပ်ခြင်း၊ ပွားများခြင်းတို့ကား ပစ္စည်း ဉစ္စာ,ရတနာ,ဘောဂ,ပြည့်ဝပေ၏။ ။ဤသို့ မှန်ကန်သော သစ္စာ ဓမ္မဖြင့် နှုတ်ဟ၍ ပြုရန်ကား-

### သစ္စာပါရမီပြုပုံတရား

ဗုဒ္ဓသ ပူဇံ မဟာတေဇဝဍ္ဎနံ၊ ဓမ္မဿပူဇံ မဟာပည ဝဍ္ဎနံ၊ သံဃဿပူဇံ မဟာဘောဂဝဍ္ဎနံ၊ ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဗုဒ္ဓသာ၊ သစ္စာလေးဆင့် မြိုက်ပန်းပွင့်ကို လှမ်းလင့် ရှယ်ချူ အရ ယူတော်မူပြီးသော ရှင်တော်မြတ်ဘုရားအား။ ပူဇာ၊ သဒ္ဒါညွတ်နူး ထွဋ်ဖူးကိုးဂုဏ် ဖြိုးစုံအသပ်ထပ် ဆည်းကပ် မြတ်နိုး ရှိခိုးပူဇော် ဖူးမြော် ပွားများရခြင်းသည်၊ မဟာတေဇဝန္တော၊ အာနုဘော် တက်တိုး လွှမ်းမိုးအုပ်စိုး၍ အလွန်တရာ တန်ခိုးကြီးမားလှပါပေ၏။ ဓမ္မသာ၊ အပါယ်ဘေးအပေါင်း ကင်းဝေးစေကြောင်း သူတော်ကောင်းတို့ မတိမ်းမစောင်းအောင် နိဗ္ဗာန်သို့ ဆောင်တော်မူသော တရားစစ်, တရားမှန်, တရားဓမ္မကွန် ဆယ်တန်သော တရားတော်မြတ်အား။ ပူဇာ၊ နေ့-ည မပြတ် အထပ်ထပ် အားထုတ် ကျင့်ကြံ အဖန်ဖန် ဆည်းကပ်ပူဇော် မြတ်နိုးခြင်းသည်။ မဟာပညာဝန္တော၊ လောကုတ်,လောကီနှစ်လီ ထွင်းဖောက် ပညာရောင်တွေ ထိန်ထိန်တောက်၍ အံ့လောက်စရာအလွန်တရာ အသိဉာဏ်ပညာ ကြီးမားလှပေ၏။ သံဃာသာ၊ အရိယာ သမုတိ တုတိမင်္ဂလာ ဂုဏ် ၉-ဖြာနှင့် စုံနှသာမြိုင်တွင်း ဝါဝါဝင်းတဲ့ရတနာအလင်းတွေ အံ့မဆုံးနိုင်သော သာသနာတော်မြတ်၏ ပန်းကုံးကို သိမ်းကြိုးကာ အဆက်ဆက်ဖြင့် အထက်ထက်က မပျက်မကွက်ဆောင်တော်မူခဲ့တဲ့ သံဃာတော်မြတ်အပေါင်းအား။ ပူဇာ၊ အကျွမ်းတဝင် သဒ္ဒါပန်းတွေ တရှင်ရှင်နှင့် ဒေသနာအစဉ် နာသိုနာ ဘွမ်းအပင်တွေ ဖိုက်လိုဖိုက်၊ သိုက်သိုက်မြိုက်မြိုက် လယ်မြေသတွယ် ကောတွေကလဲ အတော် ကျယ်သမို အသွယ်သွယ်အဝဝ ဆည်းကပ်မြတ်နိုး ရှိခိုး ပူဇော်ကြ ခြင်းသည်။ မဟာဘောဂဝန္တော၊ သုံးမကုန် စားမကုန် ဇောတိကပုံတန္ဒန်းကဲ့သို့ မြေအပြင်က ရွှေပင်,ငွေပင်တွေ ဖြိုးတာနဲ့ပေါက်သလို ထိန်တောက်လျှံတွေ ပစ္စည်း ဥစ္စာတွေအလွန်မှ ပေါများလှပါ ပေ၏။ တေန သစ္စဝစ္စေန၊ ဤသို့မှတ်သား မိဋ္ဌာန်ဟား၍ ပေါကြား ပြောကြား လိုက်ရသော စကားကြောင့်။ မေဝမ၊ ရုပ်ခဲ, နာမ်ခဲ, ဓာတ်ခဲအစု ခေါ်မှုသမုတ် အကျုံးဝင်အား။ သဒ္ဒါ၊ အခါခါသိမ်း။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ လိုဇာသာနှင့် ကောင်းစွာ ချမ်းသာရ ခြင်းသည်။

ဇာဿာသယ ၅၀၆-၇

(တတိယအကြိမ်)

ဟော့တု၊ နှစ်ဆဲ့လေးပါး ဂုဏ်အများကြောင့် စိတ်သွားတိုင်းသာ ပြည့်စုံစွာ ဖြစ်ပါစေသတည်း။

ဤကား ဗုဒ္ဓါနုဿတိစသော ဂုဏ်တော်ပွားများပုံနှင့် စိတ္တဝိသုဒ္ဓိစခန်း ပြီး၏။

---

**မနောဟုတ်မှ လောကုတ္တရာဖြစ်ပုံ ပညာဝိသုဒ္ဓိစခန်း**
**ကိုယ်လုပ်မှ ကိုယ်ရမဲ့ တရားတော်**

အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရော သိယာ။
အတ္တနာဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

ဘိက္ခဝေ၊ ပညာဝိသုဒ္ဓိ စခန်းသွားကိုတခမ်းတနားကြီးတိုးပွား၍ ကြိုးစားအားထုတ်လျက်ရှိကြကုန်သော အို–ချစ်သားတို့။ အတ္တာဟိ၊ မိမိကိုယ်ပင်လျှင်။ အတ္တနော၊ မိမိကိုယ်၏။ နာထော၊ ပဋ္ဋပွန် သံသရာနှစ်ဖြာသောအကျိုး အားကိုးရာ, အားထားရာ အစစ်ကြီး သည်။ သိယာ၊ အမှန်စင်စစ် ကေန် ဖြစ်ပါပေ၏။ ဟိ၊ ဤသည့် စကားကို ငါဘုရား မိန့်ကြားသည်ကား ဟုတ်လေစွ။ အတ္တနာ၊ မိမိကိုယ်မှ။ ပရော၊ တပါးသောဆွေမျိုး,ဉာတိ မိဘ,မိတ်,ဆွေသင်္ဂဟ သည်။ ကောနာထော၊ အဘယ်မှာလျှင် ကိုးကွယ်ရာ, အားထားရာ ဖြစ်ချိမ့်မည်နည်း။ အတ္တနော၊ မိမိကိုယ်သည်။ သုဒန္တေန၊ ကိုယ့်ရုပ်, ကိုယ့်နာမ်ကို ယဉ်ကျေး လိမ္မာလာအောင် တရားတည်းဟူသော ကျောက်လုံးဖြင့် အမိုက်တုံးတွေကို ကြိတ်ချေ၊ အမိုက်စိတ်တွေကို လွှင့်ဖျောက် လိမ္မာ ယဉ်ကျေးခြင်း တည်းဟူသော အဖြစ်သို့ ကောင်းမွန်စွာရောက်၍ လာသည်ရှိသော်။ ဒုလ္လဘံ၊ တွေ့ခဲ, ရခဲ, အလွန်ရဘို့ခဲယဉ်းစွာထသော။ နာထံ၊ လူတကာ,နတ်တကာ,ဗြဟ္မာ တကာတို့၏ နှုတ်ဖျားမှာ အဟုတ်မနားတဲ တောင့်တ၍ နေကြတဲ့ အားကိုးရာ အားထားရာ သုခအစစ်ကြီးကို။ လဘတိ၊ မချပိုင်ပိုင် ကိုယ့်အစွမ်းနိုင်သဖြင့် ကေန်ဧကန် ကိုယ်ပိုင်ဘဲ ရရှိကြ လေတော့ သတည်း။

## ရှစ်လုံးဘွဲ့

ကိုယ်ကျင့်တရား-မမှားရှာသွေ၊
ကိုယ်အားထုတ်မှ-ကိုယ်ရမလေ၊
ကိုယ့်ကိုယ်ကောင်းမှ-ကိုယ်ကောင်းတွေ့တွေ့၊
ကိုယ်မခွဲ-ကိုယ်ဘဲရကြမလေ။
ကိုယ်သိ ကိုယ်ကြိုး-ကိုယ်ယုံမတွေ့ရင်၊
သူ့အလုပ်ထဲ-ကိုယ်လဲမပြင်၊
သူလုပ်ပေးလို့-ကိုယ်ရေးမစင်၊
ကိုယ့်အတွက် ရလျက်မရှိအင်။

အဲဒီ အထက်ပါစကားကို စဉ်းစားကြည့်လျှင်ဖြင့် သူတပါးကို အားမကိုးပါနှင့်တဲ့၊ မိမိကိုယ်ကိုအရင်းထားပြီး ချမ်းသာတဲ့ တရားများကိုပွားများအားထုတ်ကျင့်ရမယ်။ မိမိစိတ်ကို ယဉ်ကျေးအောင် သဘာဝထုတ်ပြီး ပဓာန အလုပ်ကြီးကို တက်ရောက်၍ ဘယ်လူ့, ဘယ်နတ်, ဘယ်ဗြဟ္မာမှမဟောနိုင်, မပြနိုင်, မထုတ်နိုင်မဖော်နိုင်တဲ့ ချမ်းသာစစ် ချမ်းသာမှန် တရားကြီးတွေကို လက်ရဘမ်းပြီး ခမ်းခမ်းနားနားကြီး အားတုတ်သင့်ပေတယ်။ စိတ္တဝိသုဒ္ဓိစခန်းက အလှမ်းကွာတယ်ဆိုရင် ပညာဝိသုဒ္ဓိစခန်း အရေးကြီးက သာပြီးအလှမ်းဝေးအုံးမယ်။

မဝေးဘဲနေမလား၊ ပညာဆိုတာဟာသစ္စာလေးပါးကို ထိုးထွင်းစူးရှပြီး ထူးလှတဲ့ ပရမတ်သားတွေကို အကွက်လိုက် အကွက်လိုက် မြင်သိနိုင်တာကို မင်လေးပါး၌ရှိတဲ့ သမ္မာဒိဋ္ဌိကိုပင်ခေါ်ရပေတယ်၊ အသိ စင်ကြယ်ခြင်း၊ အမြင် စင်ကြယ်ခြင်း၊ အကျင့် စင်ကြယ်ခြင်း တခုပေဘဲ။ သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ အသိ သုံးမျိုးမှာ ဤအရာ၌ ပညာသိကို ကောက်ယူရတဲ့ သမ္မာဒိဋ္ဌိပါဘဲ။ နတ္ထိကဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကြိယ ဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိကြီးတွေ။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ၆၂-ပါးသောဒိဋ္ဌိစုတွေ။ ၉၆-ပါးသော ပါသဏ္ဍ အယူတွေ။ သက္ကာယဒိဋ္ဌိ ၂၅၆-ပါးသော ဒိဋ္ဌိစုတွေ ကင်းစင်ပျောက်ပြီး အလင်းရောက်တဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာစခန်း ပေဘဲ။

ဒါကြောင့်မို့ ရှင်တော်ဘုရား၏ မိန့်ကြားပုံကတော့ (သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ)။

ဘိက္ခဝေ၊ ပညာဝိသုဒ္ဓိအရေး ချျော်တွေးငံ့စား အို–ချစ်သားတို့။ ကတမာ၊ အဘယ်မည်သော တရားသည်လျှင်။ သမ္မာဒိဋ္ဌိ၊ အဝိဇ္ဇာ မှောင်ကင်း၍ ကောင်းသော မြင်ခြင်းမည်သနည်း။ (၁) ယံဒုက္ခ ညာဏံ၊ အကြင်ဘိုသုံးပါး၌ တဝဲလယ်လယ် ဖြစ်သော ဝဋ်ဆင်းရဲ အပေါင်းကိုမြင်တတ်သော ပညာသည်ဇင်း။ (၂) ယံဒုက္ခ သမုဒယ ညာဏံ၊ အကြင် ဘုံသုံးပါး၌ ဖြစ်ရတာ ဘယ်သူ့ကြောင့် လဲလို့ အကြောင်းကိုရှာသော် သူ့ကြောင့်ဘဲရယ်လို့ မြင်တတ်သောပညာ သည်ဇင်း။ (၃) ယံဒုက္ခနိရောဓေညာဏံ၊ အကြင် ချာချာလယ်စက် ဒုက္ခဗ္ဗက်၏ ချုပ်ပျက်ရာနိဗ္ဗာန်ကို လျှင်မြန်စွာမြင်တတ်သော ပညာ သည်ဇင်း။ (၄) ယံဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါညာဏံ၊ အကြင် ဝဋ်ဆင်းရဲ၏ချုပ်ပျက်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ကောင်းကို မစောင်းအောင်မြင်တတ်သော ပညာသည်ဇင်း။ အတ္ထိ၊ စင်စစ်မသွေရှိပါပေ၏။ အယံဝုစ္စတိ၊ ဤသို့သော တရားစစ် တရား မှန်ကို။ သမ္မာဒိဋ္ဌိ၊ ကောင်းသော မြင်ခြင်းဟူ၍။ ဝုစ္စတိ; အဖန်ဖန် အထပ်ထပ် မိန့်ဆိုအပ်ပေသတည်း။

အဲဒီ တရားအချုပ်ကတော့ ဒုက္ခအပေါင်းကို သိတတ်သော ပညာ၊ ဒုက္ခ၏ဖြစ်ကြောင်း သမုဒယကိုသိတတ်သောပညာ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကိုမြင်တတ်သောပညာ၊ ဒုက္ခ၏နယ်မှထွက်မြောက်ရာ နိဗ္ဗာန်ကိုရောက်ကြောင်း အကျင့်ကောင်း မဂ္ဂင်တရားကို မြင်တတ် သောပညာ၊ ဒိဋ္ဌိကင်းစင် ကောင်းသောမြင်ခြင်းကိုပင် ပညာဝိသုဒ္ဓိ စခန်းဟု မှတ်ရမည်။ ။ဤကား ပညာစစ် ပညာမှန်ကိုပြခြင်းတည်း။

## သစ္စာလေးပါး လမ်းဆုံကြီးသို့ ဆိုက်ရောက်ပုံ

ဒါကြောင့်မို့ နိဗ္ဗာန်သို့ ရောက်ကြောင်းတရား သစ္စာလေးပါးမှ တပါးမရှိပေဘူး၊ မည်သည့်တရားမဆို သစ္စာလေးပါးမှ မလွတ် ထွက်ကြပေဘူး၊ ဒါကြောင့်မို့ (စတုသစ္စဝိနိမုတ္တော၊ ဓမ္မောနာမ

နတ္ထိ။) မည်သည့် တရားမဆို ကမ္မဋ္ဌာန်းမှ မလွတ်မထွက်ကြ ပေဘူး၊ (ကမ္မဋ္ဌာန ဝိမုတ္တော ဓမ္မော နာမနတ္ထိ၊) ဤသို့စသည်ဖြင့် အဋ္ဌကထာဆရာများ ထင်ရှားအောင်ပြကြပေတယ်။

ရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူစ ကပင် ဣသိပတနမိဂဒါဝုန်တော၌ပဥ္စဝဂ္ဂီငါးဦးတို့အား တရားထူးဟောရာဝယ် သစ္စာလေးပါးကိုအရင်းထားပြီး တခမ်းတနားကြီးဟောတော်မူတယ်။အဲဒီသစ္စာလေးပါးတို့တွင် တပါးတပါး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ကတဉာဏ်အားဖြင့် သုံးပါး၊ သုံးပါးစီရသောကြောင့် ၁၂-ပါးသော အလင်းခတ်ဉာဏ်၌ ထင်မြင်ကြောင်းကို(စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ) စသည်ဖြင့် ပိုင်းခြား၍ သဘောသွားကို ဟောကြားတော်မူတယ်။

ထိုလေးပါးသော သစ္စာတရားလဲ မဂ္ဂင်ရှစ်ပါးမှ ပေါ်ထွက်လာသော တရားဖြစ်သောကြောင့် အလယ်အလတ် အကျင့်ဖြစ်၍ မဇ္ဈိမပဋိပဒါရယ်လို့ ခေါ်ဆိုရတယ်။ သစ္စာလေးပါးကိုထွင်းဖောက်၍သိသော ပညာဉာဏ်လဲ မဂ္ဂင်ရှစ်ပါးမှ ပေါ်ထွက်လာကြောင်းကို အပြန်အလှန်သိကြရမယ်။ သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော စခန်းအစဉ် လမ်းစဉ်တွေလဲမဂ္ဂင်ရှစ်ပါးမှ ပေါ်ထွက်လာကြောင်းကိုလဲ သိရှိကြရမယ်။

(၁) သမ္မာဝါစာ။ (၂) သမ္မာကမ္မန္တ။ (၃) သမ္မာအာဇီဝ။
ဤသုံးဌာနက သီလဝိသုဒ္ဓိစခန်း၊ သီလသာသနာ။
(၄) သမ္မာဝါယာမ။ (၅) သမ္မာသတိ။ (၆) သမ္မာသမာဓိ။
ဤသုံးဌာနက စိတ္တဝိသုဒ္ဓိစခန်း၊ သမာဓိသာသနာ။
(၇) သမ္မာဒိဋ္ဌိ။ (၈) သမ္မာသင်္ကပ္ပ။
ဤနှစ်ဌာနက ပညာဝိသုဒ္ဓိစခန်း၊ ပညာသာသနာ။

အဲဒါလိုဒေသနာအစဉ်ဖြင့် ကြောင့်တန်းစွာနှင့် ဆိုင်ရာဆိုင်ရာသို့ သက်ဝင်ကြ ပေတယ်။ အဆုံးမှာတော့ မမြဲတဲ့ အနိစ္စသဘော၊ ဆင်းရဲတဲ့ဒုက္ခသဘော၊ အစိုးမရတဲ့ အနတ္တသဘော ဤလက္ခဏာ

သုံးပါးသို့ သမ္မာဒိဋ္ဌိဆိုတဲ့ မင်ဂ်ဉာဏ်ဖြင့် လျင်မြန်စွာ သိမြင်တဲ့ သတောသို့ ဆိုက်ရောက်လျှင် လမ်းဆုံးတော့သဖြင့် ရှေ့သို့ တက်ရောက်ရန် လမ်းမရှိတော့ဘူး။

## အဆီအနှစ်ညှစ်ယူပုံ

တရားတော်ဆိုတာ ဝိမုတ္တိရသအားဖြင့် တပါးသာ၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ် အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ဆိုတော့ ရှစ်သောင်းလေးထောင်။

အဲဒီလောက်ပြားမြောင်တဲ့ ပိဋကတ်တော်ကြီးမှာလိုရင်းအချုပ် အဆီကို ထုတ်ယူလိုက်လျှင် ရတနာသုံးပါးနှင့် လက္ခဏာသုံးပါး ရယ်လို့ ၆–ပါးသောအဆီအနှစ် အရသာထွက်ပေါ်၍လာတယ်။

## အဆီကိုထုတ်ယူသောဂါထာ

> ဗုဒ္ဓေါ မဓမ္မော စ သံဃော စ၊
> အနိစ္စံ ဒုက္ခလက္ခဏံ၊
> အနတ္တာ မေ ဆဝါ စာဝ၊
> သာရာဟိ ပိဋကတ္တယေ။

ဗုဒ္ဓေါ စ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်သည်၎င်း။ ဓမ္မော စ၊ မင်ဖိုလ်ရှစ်တန် မြတ်နိဗ္ဗာန်နှင့် ဓမ္မက္ခန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည် ၎င်း။သံဃော စ၊ မဂ္ဂဋ္ဌာန်ဖလဋ္ဌာန် ရှစ်တန်အရိယာသမုတိအပြာပြာ မြတ်သံဃာ အပေါင်းသည်၎င်း။ အနိစ္စံ၊ ဖြစ်လျှင်ပျက်ကြ အနိစ္စ လက္ခဏာသည်၎င်း။ ဒုက္ခလက္ခဏံ၊ ဖြစ်သျှင်မုချ ဆင်းရဲလှတဲ့ ဒုက္ခ လက္ခဏာသည်၎င်း။ အနတ္တလက္ခဏံ၊ သဘာဝဓမ္မ ဘယ်အခါမှ အစိုးမရခြင်း လက္ခဏာသည်၎င်း။ ဣမေဆဝါစာဝ၊ ဤခြောက်ပါးသော တရားအစုတို့သည်သာလျှင်။ပိဋကတ္တယေ၊ ပိဋကတ်သုံးပုံ အလုံးစုံ၌။ သာရာ၊လိုရင်းအချုပ် အဆီကိုထုတ်လိုက်တော့ အဖုတ် ငှိုအနှစ်တရားတို့ပါပေတည်း။

ကဲရတနာ သုံးပါးကတော့ အဆီအသား ထင်ရှားပေတယ်။ လက္ခဏာသုံးပါးကို အဆီအနှစ်ဖြစ်ပုံကတော့ ဒီလိုမှတ်ကြရမယ်။ သုတ္တန်ဟူသမျှ ဝိနည်းဟူသမျှ အဘိဓမ္မာဌာနသို့သက်ဝင်ကြရတယ်။ အဲဒီအဘိဓမ္မာ ခုနစ်ကျမ်းကို အဆီအနှစ် ထုတ်လိုက် ပြန်လျှင် ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါး ထွက်ပေါ်လာတယ်။ အဲဒီ ဗောဓိပက္ခိယ သုံးဆဲ့ခုနစ်ပါးကို အဆီအနှစ် ထုတ်လိုက်ပြန်လျှင် မဂ္ဂင်ရှစ်ပါး ပေါ်ထွက်လာတယ်။ တဖန်အဲဒီမဂ္ဂင်ရှစ်ပါးကို အဆီအနှစ် ထုတ်လိုက်ပြန်လျှင် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ပညာဝိသုဒ္ဓိ ရယ်လို့ သုံးပါး ပေါ်ထွက်လာတယ်။ အဲဒီသုံးပါးမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အဆီအနှစ်သုံးပါး ထွက်ပေါ်၍လာတယ်။

ဤကားပညာဝိသုဒ္ဓိစခန်းအကျဉ်းလမ်းပြီး၏။

နောက်ပြလတ္တံ့ကား- ပညာ ဝိသုဒ္ဓိစခန်း အပါအဝင် ခန္ဓာ, အာယတန, ဓာတ်,ပဋိစ္စသမုပ္ပါဒ်ပရမတ်တို့ကို ပြတော့မည်။စဉ်းစား ဉာဏ်သွင်း၍ရှုဟော်မူကြပါလေ။

---

## ခန္ဓာငါးပါး ဝိပဿနာတရား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ခန္ဓာငါးပါးဆိုတာ လူတိုင်းလိုပင်ကြားဘူးသိဘူးကြတာပါဘဲ။ ဓမ္မကထိက အသီးသီးတို့က ဟောရပြောရတာလဲ အံ့ဖွယ်လို့နေပါပြီ။ သို့ပေမယ်လို့ ခန္ဓာဆိုတဲ့သဘောကို အနည်းငယ်စိုက်ပြီး ဆင်ခြင် နှလုံးသွင်းဘို့ရန်လိုတယ်။ အချို့ကလဲ ခန္ဓာဆိုတာ အသီးအခြား သူ့ဘာပါးကို ဆိုတယ်လို့ ထင်နေတတ်ကြတယ်။ တဆိပ်လောက် ဉာဏ်သက်ဝင်ပြီးရှုလျှင်ဖြင့် ခန္ဓာဆိုတဲ့သဘောကို ပေါ်လောကြီး ပေါ်လာမယ်။

ခန္ဓာဆိုတာ အိုခြင်း နာခြင်း သေခြင်းတို့က အမြဲမပြတ် ခဲစားတတ် ကိုက်စားတတ်သောကြောင့် တရားအစုကို (ခန္ဓာ)လို့ အမည်တခု ပေါ်ထွက်လာတယ်။ ၎င်းပြင် (ရာသဋ္ဌေန ခန္ဓာ)ဟု

(သမ္မောဟဝိနောဒနီအဋ္ဌကထာ)၌ ပြထားခြင်းကြောင့် ၁၁–ပါး အပြားကိုပင် ပေါင်းသောအဖြစ်ကို ခန္ဓာရယ်လို့ခေါ် ဆိုရပြန်တယ်။

ခန္ဓာငါးပါးဆိုလိုက်ရင် အာယတန ၁၂–ပါးနှင့် ဓာတ် ၁၈– ပါးလဲ အတွင်းဝင်သွားတယ်။ သစ္စာဆိုတာလဲ နိရောဓသစ္စာကို ချန်လှပ်၍ သစ္စာသုံးပါး တခါထဲပါဝင်သွားတယ်။ ခန္ဓာငါးပါး ထဲမှာ နိဗ္ဗာန်မပါဘူး။ (၁၁)ပါးအပြားမရှိသောကြောင့် (ဘေဒါ ဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋ္ဌံ) လက်သန်းအဋ္ဌကထာ၌ပြထား ပေတယ်။

သရုပ်အတိုချုပ်

(၁) ရုပ်,ဝေ,သည်,သင်,စိတ်ဝိညာဉ်,ငါးအင်ခန္ဓာသာ။
(က) ရုပ်,ဆိုတာက ရူပက္ခန္ဓာ။
(ခ) ဝေ,ဆိုတာက ဝေဒနာက္ခန္ဓာ။
(ဂ) သည်,ဆိုတာက သညာက္ခန္ဓာ။
(ဃ) သင်,ဆိုတာက သင်္ခါရက္ခန္ဓာ။
(င) စိတ်,ဆိုတာက ဝိညာဏက္ခန္ဓာ။

ရူပက္ခန္ဓာဆိုတာက ရုပ် ၂၈–ပါး။ ဝေဒနာက္ခန္ဓာက ဝေဒနာ စေတသိက်တလုံး၊ သညာက္ခန္ဓာက သညာစေတသိက်တလုံး။ သင်္ခါ ရက္ခန္ဓာဆိုတာက ဖဿ,စသော စေတသိက်–၅၀။ ဝိညာဏက္ခန္ဓာ ဆိုတာက စိတ်–၈၉၊ အကျယ် ၁၂၁–ပါး၊ သင်္ဂြိုဟ်မှာကြည့်၍ သိကြမှ ဒေသနာပညတ္တိကိုသိကြမည်ဖြစ်ပေတယ်။

ဝိပဿနာရှုရာပွားများရော အလုပ်လုပ်ရာတို့၌ ဒေသနာနည်းမျိုး မလိုပါဘူး၊ (ဒေသနာတိ ပညတ္တိ)ဟူသော စကားအရ ဒေသနာ ဟူသည်မှာပညတ်မျှသာဖြစ်ပေ၏။ ပရမတ်ကို ထိခိုက်မှဝိပဿနာဟု ဆိုရလေတယ်။

အတ္တဘော တည်းဟူသော ကိုယ်ခန္ဓာကြီးရလာရင် မအိုချင်ပေ မယ်လို့မနေရဘူး၊ အိုအိုပြီးလိုက်လာတာဘဲ။ မနာချင် ပေမယ်လို့ မနေရဘူ၊ နာနာပြီးလိုက်လာတာဘဲ။ မသေချင်ပေမယ်လို့ မနေ ရဘူး၊သေသေပြီးလိုက်လာတာဘဲ။ အဲဒီခန္ဓာဘေးကြီးက နေ့ရှိသမျှ

ရက်ရှိသမျှ ခဲစား ကိုက်စားခြင်းကို ခံနေရသောကြောင့်(ခန္ဓာ)လို့ ခေါ်ဆိုရတာပေါ့။

ဤကား ခန္ဓာအမည်နှင့် ခန္ဓာခေါ်ဆိုပုံ ပြီး၏။

---

## အကန်းနှင့် အကျိုး ဥပမာ

အဲဒီခန္ဓာငါးပါးမှာ ရုပ်ခန္ဓာကတပါး၊ နာမ်ခန္ဓာကလေးပါး၊ ရုပ်ခန္ဓာကို နာမ်ခန္ဓာက ဆွဲဆောင်နေတာပေါ့။ နာမ်ခန္ဓာလေးပါး တို့တွင်လဲ ဝိညာဏက္ခန္ဓာသာ လျှင် ပြဓာန်းခြင်းရှိတယ်။ နာမ်ခန္ဓာ လေးပါးနှင့် ခရီးမရောက်နိုင်ပေဘူး။ ရုပ်ခန္ဓာ တပါးနှင့်လဲ ခရီး မရောက်နိုင်ပေဘူး။ အကန်းနှင့်အကျိုး ဤလူနှစ်ယောက်မှာအကန်း ကလဲ တယောက်ထည်း မသွားနိုင်ဘူး။ အကျိုးကလဲ တယောက် ထည်းမသွားနိုင်ဘူး။ ၂–ယောက်ပေါင်းမှ မိမိတို့လိုရာခရီးသို့ ပေါက် နိုင် ရောက်နိုင်ကြပေတယ်။ အဲဒီအကန်းနှင့် အကျိုး ဥပမာလိုဘဲ၊ ရုပ်တရားနှင့် နာမ်တရားတို့လဲ အချင်းချင်း တဦးနှင့်တဦး တကွ ပေါင်းမှ လိုရာခရီးသို့ပေါက်နိုင် ရောက်နိုင်ကြတယ်။ ရုပ်တရားက အကန်းကြီးပေါ့၊ နာမ်တရားက ရုပ်တရားကိုခိုင်းစေနေတဲ့ အကျိုး ဖြစ်ပေတယ်။

> ယမကံ နာမ ရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
> ဧကသ္မိံ ဟိ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။
> ဝိသုဒ္ဓိမဂ်။

ယမကံ၊ အစုံဖြစ်သော။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည် ၎င်း။ ဥဘော၊ ၂–ပါးသောတရားတို့သည်။ အညောညနိဿိတာ၊ အချင်းချင်း တဦးကိုတဦးကမှီကုန်၏။ ဧကသ္မိံ၊ တပါးသော တရား သည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်စီးသည် ရှိသော်။ ဥဘော၊ ၂–ပါးကုန် သော။ ပစ္စယာ၊ အကြောင်းဖြစ်သောနာမ်တရား,ရုပ်တရားတို့သည်။ ဘိဇ္ဇန္တိ၊ တပြိုင်နက် ပျက်စီးကြလေကုန်၏။

ဤကား ရုပ်နာမ်အကြောင်းတို့ အချင်းချင်းတကွ မှီကြပုံပြီး၏။

---

### အရူပ အသညသတ်ဘုံခန္ဓာ

ရုပ်ခန္ဓာ သက်သက်သာရှိသော အသညသတ် ဗြဟ္မာကြီးတွေ၊ နာမ်ခန္ဓာသက်သက်သာရှိသော အရူပ ဗြဟ္မာကြီးတွေ လိုရာခရီးသို့ မပေါက်နိုင်၊ မရောက်နိုင်ကြပေဘူး။ သို့ရာတွင် အရူပ ဗြဟ္မာကြီးတွေမှာ တိဟိတ်ပုဂ္ဂိုလ်မှတပါး အရိယာပုဂ္ဂိုလ် ၇-ယောက်တို့သည် အထက်မဂ်, အထက်ဖိုလ်သို့ရောက်နိုင်ကြသေးတယ်။ တိဟိတ်ဗြဟ္မာကြီးတွေမှာ အလွန်ဆုံး ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် နေပြီးမှ သောတာပတ္တိ မဂ်ခရီးသို့ မရောက်၍ အောက်လူ့ဘုံသို့ ပြန်လာရပေတယ်။ ရုပ်ခန္ဓာ သက်သက်သာရှိသော အသညသတ် ဗြဟ္မာကြီးတွေလဲ ကမ္ဘာပေါင်း ငါးရာနေပြီးမှ အောက်လူ့ဘုံသို့ ပြန်လာရပေတယ်။ (ယမိုက်ပါဠိတော်)အကောက်ကိုကြည့်လျှင်ဖြင့် သိနိုင်ကြတာပေါ့။

(က) ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတို့တွဲဘက်မှ လိုရာခရီးသို့တက်ရောက်နိုင်ကြ ပေတယ်။ ယခုလောကမှာ မြစ်ပင်လယ် ခရီးဖြင့် အဝေးကြီးသွားကြတဲ့လူတို့မှာ လှေသင်္ဘောကိုအမှီပြု၍ လိုရာခရီးသို့ အလွယ်တလူနှင့် သွားကြရတာလို ရုပ်ခန္ဓာကြီးက လှေသင်္ဘောသဏ္ဍာန်ကြီးပေါ့။ နာမ်ခန္ဓာကြီး ကတော့ ပွဲကိုင်, မီးထိုးကုလားများနှင့် တူကြတာပေါ့၊ အဆုံးမှာတော့ တခုကို တခုက မှီကြ၍ လိုရာအရပ်သို့ သွားကြရတယ်။

### ရုပ်ခန္ဓာ,နာမ်ခန္ဓာကို လှေသင်္ဘော ဥပမာပြပုံဂါထာ

ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ။
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။

နာဝံ၊ အဖုံဖုံအဖြာဖြာ လုံခြုံစွာ သစ်သားသံမဏိတို့ဖြင့် ညက်နိုသလိုကြံဖန်၍ အတန်တန်ဆောက်လုပ်ထားတဲ့ လှေသင်္ဘောကြီးကို၊ နိဿာယ၊ အမှီပြု၍။ မနုဿာ၊ ဟိုမြို့ဒေသဟိုဌာနသို့ သွားကြလိုသူများဗိုလ်လူတို့သည်။ အဏ္ဏဝေ၊ ကမ်းမမြင် လမ်းမမြင် ဒီလှိုင်းတွေတသွင်သွင်နှင့် ရေပြင်လေယဉ်ကကြီးတာမို့ အပြီးတိုင် အပြန့်

ကျယ် အံ့စဘွယ်ဖြစ်သော မြစ်ပင်လယ်ကြီး၌။ ယန္တိယထာ၊ ဘယ်ကလောက်ပင်ခရီးဝေးသော်လဲ အနီးကလေးမှတ်ထင်၍အကယ်ပင် အထူးအားဖြင့် ကူးသွားကြလေကုန်သကဲ့သို့။ ဝေမေဝ၊ လှေနာဝါ သဘော်ကြီးဖြင့် အဏ္ဏဝါမြစ်ပြင်ကြီးမှာ အပြီးတိုင်ကူးသွား ဤပုံနည်း အလားတူသာလျှင်။ ရူပံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသဟု ပေါင်းကြမျှားစွာ ဓာတ်ကလာပ်အဖြာဖြာရုပ်ခန္ဓာကို။ နိဿာယ၊ အမှီတကဲသဟဲပြု၍။ နာမကာယော၊ ဝေဒနာ, သညာ, စေတနာ သောင်းသောင်း တက်စီးသူအပေါင်းနှင့်တူတဲ့ နာမကာယသည်။

ပဝတ္တတိ၊ အကြောင်းတရား ပေါင်းအများကြောင့် ထင်ရှားမသွေ ဖြစ်ပေါ်၍ သွားလာနိုင်လေသတည်း။

ပဝတ္တတိ၊ သဥ္ဇာယတန ဓာဟီရနှင့် သဘာဝရှေးရှု ပေါင်းဆုံမှုကြောင့် ပေါ်မှုဖသ နာမကာယတို့ မုချမသွေ ဓာတ်သဘော အားဖြင့် လတ်တလောဖြစ်ပေါ်၍လာလေတော့သတည်း။

ဤကားအသည်သတ် အရူပက္ခန္ဓာနှင့် ပဥ္စဝေါကာရက္ခန္ဓာတို့ကို လှေသဘော်ဥပမာပြပုံပြီး၏။

---

## ခန္ဓာနှင့်ဒုက္ခ တွဲဖက်နေပုံ

အဲဒီ ရုပ်ခန္ဓာနာမ်ခန္ဓာတွေဟာ သုံးဆယ့်တဘုံတွင်ဘယ်ဘုံမှာမှ မသက်သာဘူး။ ခန္ဓာရယ်လို့ ဖြစ်ပေါ်လာလျှင် ဒုက္ခသစ္စာ အမှန်ပါဘဲ။ ဒီခန္ဓာတွေမပြတ်သမျှ ဒုက္ခမှမကင်းနိုင်ကြပါဘူး။ လူ နတ် ဗြဟ္မာသတ္တဝါတို့ ကိုယ်ခန္ဓာကိုမဆိုထားနှင့်တော့ အဓိပတိကြီးတွေ ဖြစ်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရား တို့သော်မှ ခန္ဓာလက်နက်ကြီးဖြင့် ညက်ညက်ကြေအောင်အနှိပ်စက်ခံကြရသေးတယ် မဟုတ်ပါလား။ ဒီခန္ဓာတွေပြတ်ချမှ ဒုက္ခမှကင်းမယ်။ ခန္ဓာမပြတ်လျှင်ဖြင့် ဒုက္ခတုံးကြီးတွေ, ဒုက္ခခဲကြီးတွေ, ဒုက္ခကောင်ကြီးတွေလို့ ဆိုရပေမယ်။

## သံသရာဝဋ်ခပင်းက ဒုက္ခနှင့် မလွတ်ကင်းနိုင်၍ ဒုက္ခသစ္စာဘွဲ့ ရစနာဂါထာ

တေဘူမကံ ဒုက္ခသစ္စံ၊ မမ ကာယော ဒုက္ခသစ္စံ။
ဉာတိမိတ္တော သုဟဇ္ဇောစ၊ မမ ပိယော ဒုက္ခသစ္စံ။

တေဘူမကံ၊ ပြေးလိုလဲမလွတ် ရှောင်လိုလဲမလွတ် သုံးဝဋ်နှောင်အိမ် ဒုက္ခစက်အရှိန်မှာ တလိမ့်လိမ့် တပိန့်ပိန့်နှင့် အကြိမ်ကြိမ်ခံနေကြရသော သတ္တဝါဟူသမျှသည်။ ဒုက္ခသစ္စံ၊ ချမ်းသာဆိုတာဘာတခုမျှမရှိ ဆင်းရဲအတိသာဖြစ်၍မို့ ဩော်-ဒုက္ခသစ္စာတရားပါပေတည်း။ မမကာယော၊ အလျားတလံ့အနံတထွာမျှရှိတဲ့ ဤခန္ဓာအစုအဝေးကြီးသည်။ ဒုက္ခသစ္စံ၊ ချမ်းသာမရှိ ဆင်းရဲ အတိသာဖြစ်၍မို့ ဩော်-ဒုက္ခသစ္စာ တရားပါပေတည်း။ ဉာတိမိတ္တောစ၊ ဆွေမျိုးဉာတိ အမိအဘ မိတ်ဆွေဟူသမျှသည်ရှင်း။ သုဟဇ္ဇောစ၊ ငါနှင့်ရွယ်တူ ကြည်ဖြူပေါင်းသင်း သူငယ်ချင်းသည်ရှင်း။ ဒုက္ခသစ္စံ၊ ချမ်းသာဆိုတာ ဘာတခုမျှမရှိ ဆင်းရဲအတိသာဖြစ်၍မို့ ဩော်-သူတို့လဲဒုက္ခသစ္စာတရားပါပေတည်း။ မမ၊ ငါ၏။ ပိယော၊အသက်တမျှချစ်မဝတဲ့ပိယခေါ်ဆို၍အမည်ရှိသောပုဂ္ဂိုလ်သည်။ ဒုက္ခသစ္စံ၊ ချမ်းသာဆိုတာ ဘာတခုမျှမရှိ ဆင်းရဲအတိသာ ဖြစ်၍မို့ ဩော်-ဘယ်လိုဘဲချစ်သော်လဲ ဒုက္ခအစစ်တရားပါပေတည်း။

ဤကား ခန္ဓာကို ဒုက္ခနှင့်ပြပုံ ပြီး၏။

---

## ခန္ဓာတွေ ဘယ်သူကြောင့်ဖြစ်သလဲ

သံသရာ ဆိုတာလဲ ဒီခန္ဓာကိုပင် ခေါ်တာဘဲ၊ ခန္ဓာအစဉ်ကို သံသရာလို့ခေါ်ရခြင်းသည် ဥပါဒ်၊ ဌီ၊ ဘင် အစဉ်ကိုပင်ခေါ်ဆိုခြင်းဖြစ်တယ်။ အဲဒီခန္ဓာ လက်နက်နှင့် အနက်ခံနေကြရတဲ့ သတ္တဝါတွေမှာ တဏှာဆိုတဲ့ သမုဒယကို အကြွင်းမဲ့ မဖြုတ်နိုင်ကြလို့ ခန္ဓာဆိုတဲ့အငုပ်က အခက် အလက်တွေ တဝေဝေနှင့် လူ့ပြည်မှာလဲ လူ့ခန္ဓာ၊ နတ်ပြည်မှာလဲ နတ်ခန္ဓာ၊ ဗြဟ္မာ့ပြည်မှာလဲဗြဟ္မာခန္ဓာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရာစတဲ့ သတ္တဝါအသင်္ချေတို့မှာလဲ ထိုထို

ခန္ဓာ အဲဒီခန္ဓာတွေ မမုန်းနိုင်ကြလို့ သံသရာ အညွန့်မတုံး နိုင်ကြတာပေါ့။

ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါနံ။

ဘိက္ခဝေ၊ သံသရာတခွင်မှာ ခန္ဓာအစဉ်ကို တဏှာပင် ဖြစ်ပွားအို-ချစ်သားတို့။ ဒုက္ခသစ္စံ၊ လူ့ခန္ဓာ,နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ,သတ္တဝါတို့ရဲ့ခန္ဓာ ဒုက္ခသစ္စာဆိုတဲ့ တရားသည်။ သမုဒယနိဒါနံ၊ အာရုံတွေဟူသမျှကို သူစလိုခင်မင်တွယ်တာ လောဘတဏှာ ဟူသော သမုဒယသစ္စာကြောင့်သာလျှင် ကေနိဒါန်ဖြစ်ပေါ်၍လာရလေသတည်း။

ကိုယ့်ဘဝကိုယ့်ခန္ဓာတွေကို တဏှာမပယ်ဘဲ တာတွယ်နေကြလို့ ခန္ဓာဆိုတဲ့ဝန်ထုပ်ကြီးကိုထမ်းဆောင်ပြီ နေကြရတာတော်တော်ကြီးများကြပေါ့။ ဒီလိုဝန်ထုပ်ကြီးကို တဘဝနဲ့လဲ မပစ်ချခဲ့နိုင်သေးဘူး။ နှစ်ဘဝ, သုံးဘဝစသော ဘဝတွေအနန္တ မပစ်ချခဲ့နိုင်ကြ ပေဘူး။ အရိယာဝင် သူတော်စင်တို့က ခန္ဓာဝန်ကြီးဟာ လေးလံလှသော ဝန်ထုပ်ကြီးဘဲဟု ဒီခန္ဓာတွေကို မီးနှင့်တွေ့သလို ငြီးငွေ့တော်မူပြီး ရဲရင့်စွာ စွန့်ပစ်တော်မူကြတယ်။

ဤကား ခန္ဓာတွေတဏှာကြောင့်ဖြစ်ရပုံ ပြချက်တည်း။

———

## ရထားကူလိဥပမာ

ယခုအခါမှာ မီးရထားနှင့်ခရီးသွားကြတဲ့ပုဂ္ဂိုလ်တွေ၊ သင်္ဘောခရီးဖြင့် စီးနင်း၍ သွားကြတဲ့ ပုဂ္ဂိုလ်တွေ ဘူတာရုံ, ဆိပ်ကမ်းသို့ ဆိုက်ရောက်ပြီဆိုမှဖြင့် ကုလားကူလီ, ဗမာကူလီ တို့က ခရီးသွား ပုဂ္ဂိုလ်တို့၏ အထုပ် အထည် တွေကို တပဲခြောက်ပြားနှင့် လိုရာ စခန်းသို့ ကူလီဝန်ထမ်းကြရတယ်။ ဒါလိုပါဘဲ သတ္တဝါတို့ မှာလဲ ခန္ဓာဆိုတဲ့ အထုပ် အထည်ကြီးကို ဘဝတိုင်းထမ်း၍ ပန်းတယ်လို့ ပဏင်၊ မောတယ်လို့ မအောက်မေ့ တရွှေ့ရွှေ့နှင့် တနေ့နေ့ကုန် ံသရာ ဘုံမှာ ဆုံလည်သည့် နွားပမာလို ခန္ဓာဆိုတဲ့ တဏှာဝန်ထုပ်ကို မဖြုတ်ရက်ဘဲနှင့် တွယ်တာ၍နေကြလို့ သုခအစစ်ကြီးကို မရနိုင်ကြဘူး။

## ခန္ဓာဘာဝဂါထာ
## ဘာရသုတ် ကူလီဝန်ထမ်း တရား

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရော စ ပုဂ္ဂလော၊
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။

ပဉ္စက္ခန္ဓာ၊ အပေါင်းတဏှာ ကြောင်းခြင်းရာကြောင့် ဖြစ်လာတုံပြား ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့သည်။ဟဝေ၊ စင်စစ်ကေန်အမှန်အားဖြင့်။ ဘာရာ၊သံသရာနှောင်ရေး အလွန်လေးသောဝန် မည်ကုန်၏။ ပုဂ္ဂလော၊ သံသရာနှောင်တွင်း ခန္ဓာမကင်းသော ပုဂ္ဂိုလ်သည်။ ဘာရဟာရော၊ လေးသောဝန်ကို ထမ်းဆောင်ရသောကြောင့် ကူလီကောင်မ၊ ကူလီကောင်ထီးတွေ မည်ပါပေ၏။ လောကေ၊ ခန္ဓာအစဉ်ကို ခင်မင်တွယ်တာ၍နေကြတဲ့ လောကကြီးထဲ၌။ ဘာရဒါနံ၊ သံသရာအစဉ် ခန္ဓာဝန်ကိုသည်ပိုးထမ်းဆောင်၍ နေရခြင်းသည်။ ဒုက္ခံ၊ မချိထန်သဲ အလွန်ပင်ဆင်းရဲလှပါ ပေ၏။ ဘာရနိက္ခေပနံ၊ ဘဝတိုင်းမဆုံးနိုင်လို့ ခန္ဓာတွေ မုန်းသဖြင့် အဆုံးတိုင်စွန့်ပစ်ချရခြင်းသည်။ သုခံ၊ လောကီချမ်းသာတွေမယှဉ်လာနှင့် တော့ ဘယ်ချမ်းသာနှင့်မှမတူ ဧရှုလူရှိတဲ့ ချမ်းသာအစစ်ကြီးပါ ပေတည်း။

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်ကြီးမှာ) ပြထားတဲ့ ခန္ဓာ၏ ဥပမာ တွေတယ်ပြီး ကြောက်စရာကောင်းတယ်၊ သူသတ်သမား များနဲ့ တူတဲ့ကိုယ်ခန္ဓာ၊ သတ္တဝါတို့ကို စူးရှ သေစေတတ်တဲ့ ဓား, လှံ, သံလျက်နှင့်တူတဲ့ကိုယ်ခန္ဓာ၊ ဝရဇိန် မိုးကြိုးစက်နှင့်တူတဲ့ ကိုယ်ခန္ဓာ သံတံကျင်နဲ့တူတဲ့ကိုယ်ခန္ဓာ၊ ငြုတ်ဆုံထဲကို ငြုတ်, ကြက်သွန်တွေ ထည့်ပြီး ငြုပ်ကျည်ပွေ့နှင့် ညက်ညက်ကြေအောင် ထောင်းထုတာ လိုပေါ့။ အဲဒီငြုတ်, ကြက်သွန်တွေ အထောင်းခံ နေရတာထက် ခန္ဓာတွေက အပြန်တရာမက,အသိန်းမက ထောင်းထုခြင်းတို့ကိုခံနေ ကြရပေတယ်။

အဲဒီခန္ဓာတွေ ထောင်းထုခြင်းကိုပင် တာတွယ်ပြီး တဏှာနယ်က မလွတ်မြောက်နိုင်တဲ့ သံသရာဝဋ်ပေါက်မှာ တစ်ဆို့ဆို့ ကြီးနှင့်

တဏှာဆိုတဲ့ အချစ်မီးတွေ တောက်လောင်နေကြတာပေါ့။ တဏှာဆိုတာလဲ ချစ်တယ်, ခင်တယ်, မင်တယ်, စုံမက်တယ်, တွယ်တာတယ်, ကပ်ငြိတယ်, ကြည်ဖြူတယ် ဆိုတာနှင့် အတူတူပါဘဲ။ ကိုယ်ခန္ဓာ ကိုယ်ပင် တွယ်တာ ချစ်နေတာထက် သူများ၏ခန္ဓာတွေကို မဝနိုင်အောင် ချစ်နေကြသေးတယ်။

---

## သံသရာမှာ ခန္ဓာကို တွယ်တာ၍ နယ်အမတာနှင့်ဝေးကြောင်း သံဝေဂလင်္ကာ

ချစ်သနားဟာမို့၊ ချစ်အားရယ်ပိုမို၊ ချစ်စိတ်ငယ်ယိုသည်၊ ချစ်ထိုထို ရမက်ဇော တွေကြောင့်၊ ချစ်သောအဏ္ဏဝါ၌၊ ချစ်တဏှာ ဂယက်ဝဲရယ်က၊ ယက်ဆွဲကာ ယူလှတယ်လေး။ ချစ်မပြေ နှစ်ရှေ လများ၊ အချစ်အားကြောင့်၊ နစ်ပြားသံသရာ၊ လေးသြဃာဝယ်၊ မျောကာထက်အောက်၊ ငါးပါး မှောက်၍၊ ရွှေနောက်ကယ်ယိမ်းယိုင်၊ ထိန်းမနိုင်ဘဲ၊ လက်မှိုင်ချကာ၊ အချစ်အတွက်၊ နစ်ချက်နာလဲ၊ တဏှာပီဃေ၊ ချစ်စိတ်တွေ ဇမ္ဗုသောခါ၊ ချစ်လေတဲ့ သည်ကိုယ်မှာ၊ ချစ်ထိုထို တဏှာဇောငယ်ကြောင့်၊ ဝဋ်ထဲမှာမျောလှပြီလေး။

### ရှစ်လုံးဘွဲ့ ကဗျာများ

(က) လူဘုံဌာန-ဘဝကျင်လည်၊
ခန္ဓာကိုယ်ကြိုက်-လိုလိုက်ပြန်ပြီ၊
အိုမင်းယိုယွင်း-ပျိုခြင်းမတည်၊
နီးပါရဲ-ကြီးတဲ့သေမင်းပြည်။

(ခ) ဆွေမျိုးတပိုက်-ပျော်ပိုက်စုံညီ၊
ရှင်ကွဲ,သေကွဲ-ခြေမငြိတလီ၊
ဖိုလိုက်ဖိုလိုက်-ငိုလိုက်ပြန်ပြီ၊
နီးပါရဲ-ကြီးတဲ့သေမင်းပြည်။

ဤကား (ခန္ဓာဝဂ္ဂသံယုတ်)လာ ခန္ဓာ၏ ဥပမာ ပြချက်နှင့် တဏှာ၏ နယ်ကျယ်ပုံကို ပြဆိုခြင်းတည်း။

## ခန္ဓာငါးပါးထဲတွင် ငါရှာမရပုံ

အဲဒီ တွယ်တာနေတဲ့ ခန္ဓာထဲတွင် ရုပ်ခန္ဓာအချင်းချင်း ဖသာ တွေ့ထိတော့ ခံစားမှုခေါ်တဲ့ဝေဒနာက္ခန္ဓာ ဖြစ်ပေါ်လာတယ်။ အဲဒီ ခံစားမှုဟာ ငါမဟုတ်ဘူး၊ ဝေဒနာက္ခန္ဓာဖြစ်ပေတယ်၊ ခံစားမှုပေါ် လာတော့မှတ်သားမှုသညာက္ခန္ဓာ ဖြစ်ပေါ်လာတယ်၊ အဲဒီမှတ်သား မှုဟာ ငါမဟုတ်ဘူး။ သညာက္ခန္ဓ●ဖြစ်ပေတယ်။ ခံစားမှတ်သား ရန်ကိုစေ့ဆော်မှု သင်္ခါရက္ခန္ဓာဖြစ်ပေါ်လာပြန်တယ်။ အဲဒီစေ့ဆော် မှုဟာ ငါမဟုတ်ဘူး၊ သင်္ခါရက္ခန္ဓာ ဖြစ်ပေတယ်။ ရုပ်ခန္ဓာချင်း ထိခိုက်တော့မြင်သိမှုခေါ်တဲ့ ဝိညာဏက္ခန္ဓာဖြစ်ပေါ်လာပြန်တယ်။ အဲဒီမြင်သိမှုဟာ ငါမဟုတ်ဘူး။ ဝိညာဏက္ခန္ဓာ ဖြစ်ပေတယ်။ ရုပ်အချင်းချင်း ထိခိုက်တာ ငါထိခိုက်ထာလား။ ခံစားမှုထဲမှာ ငါရှာလို့ရသလား။ မှတ်သားမှုထဲမှာ ငါရှာလို့ရသလား။ စေ့ဆော် ကြောင့်ကြမှုထဲမှာ ငါရှာလို့ ရသလား။ မြင်သိမှုထဲမှာ ငါရှာလို့ ရသလား။ ငါရှာလို့မရလျှင် နတ်၊ လူ၊ ပုဂ္ဂိုလ်သတ္တဝါမရှိ။ သက္ကာယ ဒိဋ္ဌိကြီးဟာ တခါထဲ ကင်းစင် လွင့်ပျောက်ပြီး အပါယ်လေးဝ တံခါးကြီး ပိတ်သွားတာပေါ့။

အကယ်၍ ငါတွေ့ထိတယ်။ ငါစားရတယ်။ ငါမှတ်မိတယ်။ ငါကြောင့်ကြအားထုတ်တယ်။ ငါသိပါတယ်စသည်ဖြင့် သဲသဲမဲမဲ စွဲစွဲမြဲမြဲထင်နေသရွေ့ ၂၅၆-ပါးသော သညာဝိပလ္လာသ သက္ကာယ ဒိဋ္ဌိကြီးတွေလို့ သိမှတ်ကြပေတော့။ ဥပမာ-လူ ၂-ယောက်လမ်းက လာနေတာ မြင်တော့ရှေးလူကမောင်ဖြူ၊ နောက်ကလူက မောင်ညို ဤသို့ထင်၍နေသမျှ သက္ကာယဟုမှတ်ကြပါလေ။

## ခန္ဓာငါးပါးထဲတွင် ငါရှာမရဂါထာ

ကာံနုသတ္တေဘတိ ပစ္စေသိ၊ မာရဒိဋ္ဌိဂတံနုတော။
သုဒ္ဓသင်္ခါရ ပုဉ္စောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

ခန္ဓေသု၊ ရုပ်ခဲ, နာမ်ခဲ, ဓာတ်ခဲအစု ထပ်တလဲလဲပြု၍နေသော ခန္ဓာစုဆိုတဲ့အထဲတွင်။ ကာံ၊ လက်ညှိုးထိုးကာ အဘယ် ခန္ဓာကို။ သတ္တေဘတိ၊ ငါသူတပါးယောကျ်ားမိန်းမရှာလို့ရတဲ့ သတ္တဝါဟူ၍။

ဇာနာသိန္၊ ညဏ်၌ ဖွေရှာကြည့်ပါလျှင် ကေန္တရှိ၏ဟု သိမှတ်ပါ သနည်း။ အညော၊ သဘာဝတရား ခန္ဓာငါးပါးမှတပါးသော။ ကောေ၊ တခုသော။ သတ္တော၊ ငါသူတပါးယောကျ်ား မိန်းမရှာလို့ ရတဲ့ သတ္တဝါသည်။ အတ္ထိ၊ ကေန်တိတိ အတုံးအခဲပြုံးကနဲကြည့်က အမှန်ပင် ရှိပါပေသေး၏။ ဣတိပဗ္ဗတိ၊ ဤသို့ညဏ်ထင်မြင်လွဲ ငါသူဘဲဟုအထင်လွဲ၍ ယုံကြည်ပြန်သည်ဖြစ်အံ့။ တေ၊ သံသရာဝဋ် အတွင်းက မလွတ်ကင်းသေးတဲ့သင့်အား။ မာရဓိဠ္ဌိဂတံန္၊ မာရ်မင်း လက်နက် သူ့လက်ချက်ကြောင့် စွဲလျက်မိစ္ဆာအယူသည်သာလျှင်။ ဟောတိ၊ သံသရာဝဋ်ပေါက်က မလွတ်မြောက်ဘဲအမှောက်မှောက် ဖြစ်ရလေသေး၏။ အယံ၊ ဤပုဂ္ဂိုလ် သတ္တဝါ ငါကောင်သူကောင် ထင်ယောင် ထင်မှား ဖြစ်၍ နေသော သတ္တဝါ ဟူသည်ကား။ သုဒ္ဓသင်္ခါရပုဉ္စော၊ ငါပိုင်မဟုတ် ငါ့ဥစ္စာမဘက် သက်သက်သော သင်္ခါရ တရားအစုသာတည်း။ ဣဓ၊ ဤရုပ်တရားနာမ်တရား ခန္ဓာ ငါးပါး အစုထဲ၌။ သတ္တော၊ သတ္တဝါသည်။ သတ္တော၊ ငါသူတပါး ယောကျ်ား မိန်းမရှာလို့ရတဲ့ သတ္တဝါသည်။ နဉပလဗ္ဘတိ၊ ပညတ် သုံးပါးကို ခွါလိုက်တော့ ခေါ်ဝေါ်စရာ အမည်ကလေး တခုမျှ မရအပ်သည်သာလျှင်ကတည်း။

ဤကား ခန္ဓာငါးပါးထဲတွင် အထောက်သာကေနှင့်
ငါရှာလို့မရပုံ ပြချက်တည်း။

——

ရှစ်လုံးဘွဲ့ကဗျာ ခန္ဓာငါးပါးဖြစ်ပေါ်လာပုံ

၁။ စက္ခုရူပ-မြင်ကြသောခါ၊
ကြည့်ကောင်း,မကောင်း-ကောင်း,မကောင်း ဝေဒနာ၊
အဆင်းမှတ်လုံး-ပေါ်အုံးသညာ၊
စေ့ဆော်ရေး-အားပေးသင်္ခါရာ၊
မြင်စိတ်လုံး-သိအုံးဝိညာဏာ။

၂။ သောတသဒ္ဒ-ကြားကြသောခါ၊
ကြားကောင်း,မကောင်း- ကောင်း,မကောင်း ဝေဒနာ၊
အသံမှတ်လုံး-ပေါ်အုံးသညာ၊

စေ့ဆော်ရေး-အားပေးသင်္ခါရာ၊
ကြားစိတ်လုံး-သိအုံးဝိညာဏာ။

၃။ ဃာနဂန္ဓ-နံကြသောခါ၊
နံ့ကောင်း,မကောင်း-ကောင်း,မကောင်း ဝေဒနာ၊
အနံ့မှတ်လုံး-ပေါ်အုံးသညာ၊
စေ့ဆော်ရေး-အားပေးသင်္ခါရာ၊
နံထိသုံး-သိလုံးဝိညာဏာ။

၄။ ဇိဝှါရသ-လျက်ကြသောခါ၊
လျက်ကောင်း,မကောင်း-ကောင်း,မကောင်း ဝေဒနာ၊
ရသာမှတ်လုံး-ပေါ်အုံးသညာ၊
စေ့ဆော်ရေး-အားပေးသင်္ခါရာ၊
လျက်ထိသုံး-သိလုံးဝိညာဏာ။

၅။ ကာယ ဖောဋ္ဌ-တွေ့ကြသောခါ၊
တွေ့ကောင်း,မကောင်း-ကောင်း,မကောင်း ဝေဒနာ၊
အတွေ့မှတ်လုံး-ပေါ်အုံးသညာ၊
စေ့ဆော်ရေး-အားပေးသင်္ခါရာ၊
တွေ့ထိသုံး-သိလုံးဝိညာဏာ။

၆။ မန ဓမ္မ-ကြံကြသောခါ၊
ကြံကောင်း,မကောင်း-ကောင်း,မကောင်း ဝေဒနာ၊
ကြံလို့မှတ်လုံး-ပေါ်အုံးသညာ၊
စေ့ဆော်ရေး-အားပေးသင်္ခါရာ၊
ကြံထိသုံး-သိလုံးဝိညာဏာ။

၇။ စက္ခုကစ-ရုပ်ဆုံသကို၊
ခန္ဓာငါးခု-ဖြစ်မှုထိုထို၊
အဟောင်းပျက်မှု-တွဲရှုသိလို၊
အနိစ္စ-ဒိဋ္ဌပေါ်မှကို၊
အနတ္တ-မှတ်ကြများထိုထို။
ဤကားခန္ဓာငါးပါး တဖွားဖွားဖြစ်ပျက်ပုံဌာနပြီး၏။

## ခန္ဓာငါးပါးဥပမာတင်ပုံနှင့် သဘာဝတ္ထကိုပြပုံ

အဲဒီ ခန္ဓာငါးပါးမှာ ရုပ်ခန္ဓာက အနှစ်မရှိတဲ့ ရေမြှုပ်ခဲနှင့် တူတယ်။ ဝေဒနာက္ခန္ဓာက ရေပွက်နှင့်တူတယ်။ သညာက္ခန္ဓာက တံလျှပ်နှင့်တူတယ်။ သင်္ခါရက္ခန္ဓာက ငှက်ပျောတုံးနှင့် တူတယ်။ ဝိညာဏက္ခန္ဓာက မျက်လှည့်နှင့်တူတယ်။ ဤသို့အစရှိသော ဒေသနာ သဘာဝကို ဟောပြတော်မူတယ်။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ၊
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ၊
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်

ရူပံ၊ ဖောက်ပြန်တတ်ငြား ရုပ် ၂၈-ပါးသည်။ ဖေဏပိဏ္ဍူပမံ၊ အနှစ်သာရ ဘာတခုမျှရှာမရသည့် ဖြစ်လျှင်ပျက်မြဲ ရေမြှုပ်ခဲကြီးနှင့် ဥပမာတူပါပေ၏။ ဝေဒနာ၊ သုခဆင်းရဲ ချမ်းသာမွဲကို အမြဲခံစား ဝေဒနာတရားသည်။ ပုပ္ဖုဠူပမာ၊ အနှစ်သာရ ဘာတခုမျှ မရော ရှက်သည့် ရေပွက်နှင့်ဥပမာတူပါပေ၏။ သညာ၊ စိတ်ထဲမှာစွဲ အမြဲ မှတ်ထား သညာတရားသည်။ မရီစိကူပမာ၊ အနှစ်သာရ ဘာတခုမျှ မရောစပ်သည့် တံလျှပ်နှင့် ဥပမာတူပါပေ၏။ သင်္ခါရာ၊ ဖဿအစ ပညာအဆုံး ငါးဆယ်ချုံးသည့် နှလုံးသိထား သင်္ခါရတရားသည်။ ကဒလူပမာ၊ အနှစ်သာရ ဘာတခုမျှ ရှာမရသည့် ဖြစ်လျှင်ပျက်ပြီး ငှက်ပျောတုံးနှင့် ဥပမာတူပါပေ၏။ ဝိညာဏံ၊ စိတ်ထဲမှာစွဲ အမြဲ ကြံစည် ဥပါဒ်ဌီဟု ချုပ်တည်ပျက်သွား ဝိညာဏ် တရားသည်။ မာယူပမံ၊ အမျိုးမျိုး အဖုံဖုံ အလုံးစုံလှည့်ပတ်ထားတဲ့ မျက်လှည့် သမားနှင့်ဥပမာတူပါပေ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း နယ်ဘွား ရှင်တော်ဘုရားသည်။ ဒေသိတာ၊ ဥပမာသဘာဝ သိကြ စေရန် စိတ်ရည်သန်၍ ကျေနပ်တတ်အပ် ဟောမိန့်လတ်သတည်း။

### သံခိပ်လင်္ကာနှုတ်ငုံ

၁။ ရူပံဤရုပ်၊ စပ်၍ချုပ်၊ ရေမြှုပ်ဥပမာ။
၂။ ဝေဒနာစက်၊ နာမ်ပေါ်ချက်၊ ရေပွက်ဥပမာ။

၃။ သညာစွဲမှတ်၊ နာမ်ပေါ်လတ်၊ တံလှပ်ဥပမာ။
၄။ သင်္ခါရကျွော၊ ခါတ်သဘော၊ ငှက်ပျောဥပမာ။
၅။ ဝိညာဏ်ဓာတ်ချွဲ၊ ဆေးလက်ဖွဲ၊ မျက်လှဲဥပမာ။

ကိုင်း-ဒီခန္ဓာငါးပါးကိုပင် ရူပက္ခန္ဓာက စားအိုး,စားခွက်နှင့်တူပြန်တယ်။ ဝေဒနာက္ခန္ဓာက ထမင်း, ခဲဘွယ်,သောဇဉ်နှင့် တူပြန်တယ်။ သညာက္ခန္ဓာက ကြက်သား, ဝက်သားစတဲ့ ဟင်းလျာနဲ့ တူပြန်တယ်။ သင်္ခါရက္ခန္ဓာက စားဖိုသည်နှင့် တူပြန်တယ်။ ဝိညာဏက္ခန္ဓာက ထမင်းစားသော ထမင်းရှင်နှင့် တူပြန်တယ်။ ဤသို့အားဖြင့် သဘာဝရုပ်ပုံဥပမာနကို ပြတော်မူတယ်။

**သံခိပ်လင်္ကာနှုတ်ငုံ**

၁။ စားခွက်ပမာ၊ ရုပ်ခန္ဓာ၊ တူစွာမှတ်ကြ သဘာဝ။
၂။ ထမင်းတူစွာ၊ ဝေဒနာ၊ သေချာရှုကြ သဘာဝ။
၃။ ဟင်းလျာမှာကား၊ သညာထား၊ အလားတူစွ သဘာဝ။
၄။ စဖိုသည်က၊ သင်္ခါရ၊ မုချတူစွ သဘာဝ။
၅။ ထမင်းစားသူ၊ ဝိညာဏ်မူ၊ မှတ်ယူလေကြ သဘာဝ။

တဖန် အဲဒီ ခန္ဓာငါးပါးကိုပင် ရူပက္ခန္ဓာက ဇရပ်နဲ့တူပြန်တယ်၊ ဝေဒနာက္ခန္ဓာက အနာနဲ့ တူပြန်တယ်၊ သညာက္ခန္ဓာက သလိပ်, စသော ရောဂါနှင့် တူပြန်တယ်၊ သင်္ခါရက္ခန္ဓာက မသင့်သော ဓာတ်စာနှင့် တူပြန်တယ်၊ ဝိညာဏက္ခန္ဓာက သူနာ ကောင်နှင့် တူပြန်တယ်။ ဤသို့အားဖြင့် သဘာဝဓမ္မကိုရှု၍ သိကြရမယ်တဲ့။

အဲဒီ ကျမ်းဂန်တို့၌ လာသော ဥပမာစကား များသည် ခန္ဓာငါးပါးတို့၏ ပရမတ္ထ သဘာဝဖြစ်ဟန်ကိုသာ ဟောကြားတော်မူတာပေါ့။ ဝိပဿနာ ပုဂ္ဂိုလ်တို့ အလုပ် လုပ်ပုံ လုပ်နည်းမျိုးကို အကြောင်းပြု၍ ဟောတာမဟုတ်ဘူး၊ အထက်ပါ ဒေသနာတော် အတိုင်း ရူပက္ခန္ဓာကို ရေမြှုပ်ခဲနှင့်တူတယ်ဟု စိတ်၌ထား၍ရှုမှတ်ပါလျှင် ဥပမာဖြစ်သောရေမြှုပ်ဆိုင်ခဲ ကိုသာလျှင် အာရုံမှာထင်မြင်လာမယ်၊ ဤလို ကြံစည်ထင်မြင် လာသော အာရုံ မျိုးသည်

ပရမတ်မဟုတ် ပညတ်မျှသာဖြစ်ပေါ်၍ နေမယ်၊ ပရမတ်သို့ မထိ မခိုက် ဘဲနှင့် ပညတ်ပေါ်မှာသာ ဉာဏ်အမြင် ထင်၍နေတော့တာပေါ့။

ဒေသနာတော်၌ လာသော ဥပမာ စကားသည် ယောဂီတို့ ဝိပဿနာရှုမှတ်ပြီး မောဟ ကိလေသာကင်းရှင်း၍ ဉာဏ်အမြင် ပွင့်လင်းသောအခါမှာ ကြံစည်ခြင်းမပြုဘဲ ခန္ဓာငါးပါး တို့သည် မိမိတို့ပရမတ္ထသဘာဝအတိုင်း ဖြစ်ပေါ်လာ၍ ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်၌ အလိုလိုထင်မြင်လာသော သဘောမျှကိုသာ ဟောပြတော်မူခြင်းဖြစ်ပေတယ်။

အကယ်၍ ရေမြှုပ်ခဲကြီးဟု ပညတ်မှာသာ ထင်နေလျှင် ခန္ဓာ ငါးပါးတခါထဲပါသွားပြီဖြစ်၍ ရူပက္ခန္ဓာ၏သဘောမျှကိုမရောက် ရှိတော့ဘူး။ ဥပမာမျက်စိနှင့် ရေမြှုပ်ခဲက ရူပက္ခန္ဓာ၊ ကြည့်လို့ ကောင်းတာ မကောင်းတာ ဝေဒနာက္ခန္ဓာ၊ ရေမြှုပ်ခဲကြီးဟု ပညတ် မှာမှတ်တာ သညာက္ခန္ဓာ၊ မှတ်ရန် အားထုတ်တာ သင်္ခါရက္ခန္ဓာ၊ ရေမြှုပ်ခဲဟုသိတာ ဝိညာဏက္ခန္ဓာ၊ ဤသို့အားဖြင့် ခန္ဓာငါးပါး တခါထဲပါသွားကြပြီး ပညတ်မှာသာထင်နေတော့၏။

ထိုကြောင့် ရေမြှုပ်ခဲနဲ့တူတယ်ဟူ၍ ဝိပဿနာရှုလို့ ခရီးမရောက် နိုင်ဘူး၊ ပရမတ်ဆိုတာ သက်သက် သဘောမျှကိုသာ ယူရတယ်၊ နောက်ကပြဆိုခဲ့တဲ့ အတုံး,အခဲ, အပြား, အလုံး, ခုံးခုံး သဏ္ဌာန်ဟာ ပရမတ်ဘဲဟု ယူထားလျှင် သက္ကာယဟု မှတ်ကြပါလေ။

> ရုပ္ပနလက္ခဏံရူပံ၊ ဝေဒယိတလက္ခဏာ ဝေဒနာ၊ သဉ္ဇာနန လက္ခဏာ သညာ၊ အာယူဟန လက္ခဏာ သင်္ခါရာ၊ ဝိဇာနန လက္ခဏံ ဝိညာဏံ။
>
> ပဋိသမ္ဘိဒါမဂ်ပါဠိတော်

ဖောက်ပြန်ခြင်းသဘော ခံစားခြင်းသဘော မှတ်ခြင်းသဘော အားထုတ်ခြင်းသဘော သိခြင်းသဘော ဤသို့အားဖြင့် သဘော မျှကိုဟောပြတော်မူတယ်။

## အချက်သုံးမျိုးထား၍ ဟောပြတော်မူခြင်း

ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဟူသော ဒေသနာက္ကမနည်းဖြင့် ဟောပြတော်မူခြင်း။

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ- ဟူသော ပဝတ္တိက္ကမနည်းဖြင့် ဟောပြတော်မူခြင်း၊ မျက်စိကိုသိ၊ အဆင်းကို ဒုတိယသိ၊ မြင်သည်ကို တတိယသိဟူ၍ငင်း။

မဂ္ဂ၊ သမုဒယ၊ ဒုက္ခ၊ နိရောဓဟူ၍ငင်း။ ပဋိပတ္တိက္ကမနည်းဖြင့် ဟောပြတော်မူသည်ကို သုတ်မဟာဝါ ပဋိသမ္ဘိဒါမဂ် ပါဠိတော်များ၌ ပါရှိလေတယ်။ ဤအချက်ကြီးသုံးချက်ကို သတိပြုကြရမယ်။

ဤကား ခန္ဓာငါးပါးကို ဥပမာနှင့်တင်၍ သဘာဝတ္တပြပုံပြီး၏။

---

ဤနေရာ၌ မျက်စိတခါမှိတ်ကာလမှာ ခန္ဓာ,အာယတန, ဓာတ်, သစ္စာ,ပဋိစ္စသမုပ္ပါဒ်တရားတွေ တချက်ထဲပါသွားပုံကို သိရမယ်။

စိတ်တချက်တချက်ဖြစ်သွားရာ၌ ခန္ဓာ,အာယတန,ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ် သဘောတွေ တချက်ထဲ ပါသွားကြ ခြင်းကြောင့် မျက်စိတခါမှိတ်၊ လက်ဖျစ်တခါတွက်၌ ခန္ဓာပေါင်း ကုဋေတသိန်း မက အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်တို့ ကုဋေတသိန်းမက ဖြစ်ပျက်၍သွားကြလေတယ်။ဥပမာ-မျက်စိမှိတ်လိုက်တာ ရူပက္ခန္ဓာ၊ မှိတ်လို့ကောင်းတာမကောင်းတာဝေဒနာက္ခန္ဓာ၊မျက်စိမှိတ်တယ်ဟု မှတ်တာသညာက္ခန္ဓာ၊ မျက်စိမှိတ်မယ် အားထုတ်တာသင်္ခါရက္ခန္ဓာ၊ မှိတ်တယ်သိတာ ဝိညာဏက္ခန္ဓာ၊ ဤသို့အားဖြင့် ခန္ဓာတို့၏သဘော လတ်တလောချင်းဖြစ်ပျက်၍သွားကြလေတယ်။

အာယတနသဘော ဓာတ်သဘောတွေလဲ လတ်တလောချင်း ပါသွားကြလေဘယ်။ သစ္စာတရားမှာလဲ မျက်စိမှိတ်လိုက်တာ ဒုက္ခ သစ္စာ၊ မျက်စိမှိတ်ချင်တာ သမုဒယသစ္စာ၊ မျက်စိမှိတ်တာသိသဖြင့် မသိတဲ့မောဟချုပ်တာ နိရောဓသစ္စာ၊ မျက်စိမှိတ်တာ မဂ္ဂသစ္စာ၊ ဤသို့အားဖြင့် သစ္စာတို့၏ သဘော လတ်တလော ဖြစ်ပျက်၍ သွားကြလေတယ်။

ပဋိစ္စသမုပ္ပါဒ်တရားမှာလဲ မျက်စိမှိတ်ချက် အကြောင်းဆက်မှု တိုက်ခိုက်ပေါင်းဆုံမှုကြောင့် ဖဿတွေ့၊ တွေ့မှုကြောင့် ဝေဒနာ ခံစား၊ ခံစားမှုကြောင့်တဏှာသာယာ၊ သာယာမှုကြောင့်ဥပါဒါန် စွဲလမ်း၊ စွဲလမ်းမှုကြောင့် သင်္ခါရအားထုတ်၊ အားထုတ်မှုကြောင့် ဇာတိဖြစ်ပေါ်၊ ဖြစ်ပေါ်မှုကြောင့် ဇရာရင့်ရော်၊ မရဏပျက်စီး ဒုက္ခမီးတို့တချက်တည်းသဘော လတ်တလောဖြစ်ပျက်၍ သွားကြ လေတယ်။

ဤကား မျက်စိတခါမှိတ်၌ ခန္ဓာစသော တရားတွေ ပါဝင်ပုံ ပြချက်ပြီး၏။

---

## အာရုံ ၆-ပါးထဲတွင်လူမရှိပုံ

အဲဒီခန္ဓာငါးပါး၌တွေ့မှု သိမှု ခံစားမှုတွေကိုငါထင်နေလို့ ဒါန သီလတွေပြုသောကြောင့် လူဖြစ်လာတယ်၊ နတ်ဖြစ်လာတယ်ဟူ၍ လောက ဝေါဟာရ ပြောဆိုနေကြတယ်။ ဒီလို ပြောဆိုသော်လဲ လူ, ဟုတ်ကဲ့လား၊ နတ်, ဟုတ်ကဲ့လား၊ ပရမတ်ဉာဏ်နှင့် အမြင် သန့်အောင်ရှုကြည့်ပါလျှင် မျက်စိနှင့် ကြည့်လိုက်တော့ အဆင်းကို မြင်တယ်။ အဆင်းဟာ လူ,ဟုတ်ကဲ့လားမေးပါ။ နားနှင့်ဆင်ခြင်၍ ကြည့်တော့ အသံကိုကြားတယ်၊ အသံဟာ လူ,ဟုတ်ကဲ့လားမေးပါ။ နှာခေါင်းနှင့်နမ်းကြည့်တော့ အနံ့ကိုနံတယ်၊ အနံ့ဟာ လူ,ဟုတ် ကဲ့သား မေးပါ။ လျှာဖြင့် လျက်ကြည့်တော့ အရသာပေါ်လာ တယ်၊ အရသာဟာလူ,ဟုတ်ကဲ့လား မေးပါ။ ကိုယ်ဖြင့် စမ်းကြည့် တော့ အတွေ့ ပေါ်လာတယ်၊ အတွေ့ဟာ လူ,ဟုတ်ကဲ့လား မေးပါ။ မနောဖြင့် အာရုံကိုကြည့်တော့ အကြံ ပေါ်လာတယ်၊ အကြံဟာလူ,ဟုတ်ကဲ့လား မေးပါ။

ဤသို့ မေးစိစစ်၍ ဝိပဿနာ ဉာဏ်ဖြင့် ကြည့်ရှုသော် အဆင်း ဟူသော ပရမတ်၌ ရုပ်ရှစ်ပါးအစုကို ခွဲခြမ်းစိတ်ဖြာ၍ ပေါ်လာ တော့သည်။ ထို့အတူ အသံ,ဟူသောပရမတ်ကလာပ်ကိုးပါး၊ အနံ့ ဟူသော ပရမတ်၊ အရသာဟူသောပရမတ်၊ အတွေ့ဟူသောပရမတ်

ဓမ္မာရုံဟူသော ပရမတ် အဋ္ဌကလာပ် သဘောတွေကို ဟုတ်တိုင်း မှန်စွာ ပေါ်လာ၍ လူ-ဟူသော သင်္ကေတလုံး ပျောက်လျက် ပရမတ်လုံး,ဓာတ်လုံးတို့ ပေါ်လာလေတော့၏။

ဤကား အာရုံ ၆-ပါးထဲ၌ လူမရှိပုံပြချက်တည်း။

---

## အတိုက်ဓာတ် ၆-ပါးနှင့် အခံဓာတ် ၆-ပါးတို့ခတ်ရိုက် ယှဉ်နေပုံနှင့် အပွင့်ဓာတ် ၆-ပါးပေါ်လာပုံ

ဓာတ်သဘာဝ အတိုင်းသာ ဖြစ်ပေါ်၍ နေကြလေတယ်၊ ခန္ဓာ ငါးပါးတွင်းသို့ အာယတနတွေ ဓာတ်တွေပါလာပုံကိုလဲ သိရှိကြရအောင် အခံအာယတနဓာတ် ၆-ပါးတို့နှင့် အတိုက်အာယတန ဓာတ် ၆-ပါးတို့ ဓာတ်ကူးရိုက်ယှူပုံကို လောကီ ဥပမာကလေးဖြင့် ပြလိုက်အုံးမယ်။

စက္ခုဆိုတဲ့မျက်စိက ကောင်းမကောင်းတဲ့ရူပါရုံတွေကို မြင်လိုက်ရင် ယခုလောကမှာ ရှိကြတဲ့ ဓာတ်ပုံ ဆရာကြီးတွေက ရိုက်ကူးကြတဲ့ ဥပမာနှင့် တသားတည်းတူနေတာဘဲ၊ ရိုက်ကူးပုံ ကတော့ ဒီလိုမှတ်ရမယ်။ အရောင်အလင်း တည်းဟူသော အာလောကရှိတဲ့ အခိုက်မှာ ဓာတ်အိုး တည်းဟူသော အတ္တဘော ခန္ဓာကိုယ်ကြီးက ဇာတိဒွါတည်းဟူသော ရူပါရုံအသွင်အပြင် အဆင်ကို တည့်တည့်ကြီး ချိန်ပြီးလျှင် ဓာတ်မှန်အကြည်တည်းဟူသောစက္ခုပသာဒသို့ ဖြုံးကနဲ ထင်လာအောင် မှန်ဘီလူး တည်းဟူသော မနသိကာရ ပေါက်က အသာလေးဖွင့်လိုက်တယ်၊ အဲဒီလိုဖွင့်လိုက်တော့ ဓာတ်မှန်အကြည် တည်းဟူသော စက္ခုပသာဒသို့ ရူပါရုံတည်းဟူသော အသွင်အပြင် အရိပ်က လှလှပပ,ပြိုပြိုသုသ ထင်လာတာပေါ့။ အဲဒီလို ထင်လာ ပြန်တော့ ဓာတ်မှန်ပြင်၌ တွယ်ကပ်လျက်ရှိသော ဆေးသားတည်း ဟူသော စက္ခုဝိညာဏ်အပွင့်ဓာတ်က တဖန်ထင်လာတဲ့ ရူပါရုံကို စွဲအောင်မြဲအောင် ချုပ်နှောင်ထားပြန်တယ်။ ၎င်းဆေးသား တည်း ဟူသောစက္ခုဝိညာဏ်အပွင့်ဓာတ်နှင့်တကွ သဟဇာတဖြစ်တဲ့ အဖြူ, အနီ,အကြောင်, အကျား, အဆင်းစသောဖဿ, ဝေဒနာ, သညာ,

စေတနာ, ကေဂ္ဂတာ, ဇီဝိတိန္ဒြိယဆိုတဲ့ ဓာတ်သဘော်တွေ လက်တလောချင်း ဖြစ်ပေါ်၍လာကြတယ်။

ဗဟိဒ္ဓရူပါရုံက ထင်လာတော့ ဘုတ်အဆက်ဆက် အဆင့်ဆင့် ဟဒယဝတ္ထုရုပ်သို့ ဆိုက်ရောက်လာကြပေတယ်၊ အဲဒါက ရူပါရုံကို စက္ခုဆိုတဲ့ မျက်စိဓာတ်ပုံဖြင့်ရိုက်ကူးတဲ့ ဥပမာပေဘဲ။

## ရှစ်လုံးဘွဲ့

(က) မျက်စိမြင်ခိုက်-ဓာတ်ရိုက်သည့်ပုံ၊
အတိုက်ဓာတ်နှင့်-အခံဓာတ်ဆုံ၊
အပွင့်ဓာတ်က-မှုချပွင့်တုံ၊
ဓာတ်သုံးခု-ဆုံမှုဖဿကြုံ။

(ခ) တိဏ္ဏံဖဿော-သဘောတွေ့ကြုံ၊
ဝေဒနာသုံးခု-ပေါ်မှုတဖုံ၊
တဏှာခြောက်ပါး-ပေါက်ပွားလေတုံ။
ဓာတ်သဘော-မနောထိခိုက်ဆုံ။

## ကမ္ဘာ့ဓာတ်ပုံ ကာမဂုဏ်တရား

ထို့နည်းအတူ သောတဆိုတဲ့ ဓာတ်ပုံကြီးကလဲ အသံတည်းဟူသောသဒ္ဒါရုံ၊ ဃာနဆိုတဲ့ ဓာတ်ပုံကြီးကလဲ အနံ့တည်းဟူသော ဂန္ဓာရုံ၊ ဇိဝှါဆိုတဲ့ ဓာတ်ပုံကြီးကလဲ အရသာ တည်းဟူသော ရသာရုံ၊ ကာယဆိုတဲ့ ဓာတ်ပုံကြီးကလဲ အတွေ့အထိတည်းဟူသော ဖောဋ္ဌဗ္ဗာရုံ၊ မနဆိုတဲ့ ဓာတ်ပုံကြီးကလဲ အကြံအစည်တည်းဟူသော ဓမ္မာရုံ၊ အဲဒါလို ကမ္ဘာလောက ဓာတ်ကြီးမှာ အမျိုးမျိုး အဖုံဖုံ အလုံးစုံ အာရုံဟူသမျှတို့ကို နေ့မရှောင် ညမရှောင် (ဆ) လိုက်အဆူးဖြင့် ရိုက်ကူးပြီးနေကြပေတယ်။ ဒါကြောင့်မို့ ဓာတ်ပုံဆရာကြီးတွေလို ခေါ်ဆိုရလျှင် မှုချမမှားနိုင်ပါဘူး။ ယခုလောကမှာ လောကဓာတ် ဆရာကြီးတို့က ရူပါရုံနှင့် သဒ္ဒါရုံကိုသာ ထင်ထင်ရှားရှားကြီး ဓာတ်ကိရိယာတို့ဖြင့် ရိုက်ကူး နိုင်ကြတယ်။ ရုပ်ရှင် ဘိုင်စကုတ် ဓာတ်စက် ဓာတ်အိုး အမျိုးမျိုးတို့ကို ဆိုလိုတာပေါ့။

ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့ကိုကား ထင်ရှားအောင် ခေတ်ရိုက်လို့ မကူးယူနိုင်ကြဘူး။ ကမ္ဘာ့ ခေတ်ပုံဆရာကြီးတွေက အာရုံ ၆-ပါးကိုအကုန်လုံးသိမ်းကျုံးပြီး ကိုယ်တိုင်ကိုယ်ကျရိုက်ကူး နေကြပေတယ်။

အဲဒီအာရုံ ၆-ပါးကို ရိုက်ကူးနေကြတဲ့ ခေတ်ပုံဆရာကြီးတို့တွင် အရိယာဖြစ်ကြတဲ့ ခေတ်ပုံဆရာကြီးတို့က စရိတ်အကုန်အကျ လုံးဝ မရှိဘဲနှင့် လိမ္မာစွာရိုက်ကူးနေကြတယ်။ ကူးယူသမျှ ခေတ်ပုံတို့မှာလဲ ခိုင်အောင် ချုပ်နိုင်ကြပေတယ်။ ပုထုဇဉ်ဖြစ်ကြတဲ့ ခေတ်ပုံဆရာ တွေက စရိတ်ရှုံးရှုံးပြီး လုံးလုံး မခိုင်သော ဆေးသားကြောင့် လျော်ကြေးပေးရသဖြင့် ဝန်လေးစွာ ဒုက္ခခံကြရပေတယ်။ ဆိုလိုရင်း ကတော့ အာရုံ ၆-ပါး ကာမဂုဏ်တရားတွေကို မကူးယူတတ်လို့ အလောဘစသော တရားတွေအရှုံးသာ အဖတ်တင်ပြီး လောဘ ဒေါသစသော တရားတွေ အတွင်ဖြစ်ပေါ်၍နေကြလေတယ်။

**ကာမဂုဏ်အကြိုက်တွေ့၍ လိုက်၍မကုန်နိုင်ကြောင်း**
**ရှစ်လုံးဘွဲ့ကဗျာ**

၁။ သတ္တဝါများ-လိုက်စားဖျော်ဖြေ၊
ကာမမှောင်ပိုင်း-ဒေါင်စိုင်းလို့နေ၊
အာရုံတုပ်လျက်-ရှုပ်ရှက်ပူပွေ၊
မလွတ်ထွက်-ဝဋ်စက်သံသာဗွေ။

၂။ ကာမဂုဏ်တွင်း-ဝင်ဆင်းသူတွေ၊
ကာမအိုင်ထဲ-ခိုင်မြဲပူပွေ၊
ဆားငန်ရေသောက်-ဖြေဖျောက်မပြေ၊
မလွတ်ထွက်-ဝဋ်စက်သံသာဗွေ။

၃။ နေ့စဉ်လိုက်စား-မိုက်မှားအာရုံ၊
မဖြတ်နိုင်ဘဲ-ဝဋ်ထဲသုံသုံ၊
တဏှာစက်ကွင်း-လက်ငင်းတွေ့ကြုံ၊
အကြိုက်တွေ့-လိုက်၍ဘယ်မကုန်။

၄။ နေ့စဉ်ပင်ပန်း-ညှိုးနွမ်းလူ့ပြည်၊
ချမ်းသာဟူက-မြူမျှမတည်၊
ကာမဂုဏ်မီး-တုန်ဟီးလောင်သည်၊
မနုဿ-ဒုက္ခလူတို့ပြည်။

၅။ ကာမနှောင်တွင်း-ရှောင်ကွင်းနိုင်လျှင်၊
ဒုက္ခဝဋ်ကိန်း-လွတ်ငြိမ်းပျော်ရွှင်၊
ကာမစက်မီး-ဖျက်ဆီးအောင်မြင်၊
အထက်တန်း-တက်လှမ်းဘို့သာပြင်။

ဤကား ကမ္ဘာ့ဓာတ်ပုံ ကာမဂုဏ်တရားပြီး၏။

---

## ပရမတ် ပညတ်နှစ်စား ခြားနားပုံ

ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော၊ သဗ္ဗညုတ ဉာဏဿ ဂေါစရော အတ္ထော ပရမတ္ထော။ မြတ်သောအနက်ကြောင့် ပရမတ်၊ သဗ္ဗညုတဉာဏ်၏ ကျက်စားရာဖြစ်သောကြောင့် ပရမတ်၊ ဤသို့ပရမတ်၏ သဘာဝတ္ထကိုသိရမည်။ ။ပရမတ် အမည်နှင့်သာ အသုံးများကြသည်။ အဘိဓမ္မာအမည်ဖြင့် အသုံးပြု နည်းကြသည်။ ပရမတ် ၇-ကျမ်းရယ်လို့ ရှင်တော်ဘုရား အမည်ထား၍ ဟောကြားတော်မမူဘူး၊ အဘိဓမ္မာ ၇-ကျမ်းအမည်နှင့်သာ ဟောကြားတော်မူတယ်။ ထို့ကြောင့်အဘိဓမ္မာအမည်နှင့်ပြောဆိုကြလျှင် ပရမတ်ကို ပြောဆိုသည်မည်တယ်၊ အဘိဓမ္မာဟူသော သဘာဝတ္ထလဲ ပေါ်ထွက်လာမယ်။

ပညတ်ရှိရာဓာတ်သက်ပါဟူသော စကားအရ မကင်းစကောင်းဖြစ်၍ ပညတ်ဆိုတာ ပရမတ်တို့၏ အမြင်စွမ်းကိုပင် ခေါ်သည်။ ရှေ့နောက်အစဉ်နှင့် အပေါ်ရံကြောတွင်ပသာဒစက္ခုဖြင့် ထင်မြင်၍ နေရသောပုံသဏ္ဌာန်, အတုံး,အခဲ,ဒြပ်ကား ပညတ်သား၊ အတွင်းသားဓာတ်က ပရမတ်သား ဤစကားနှင့် တသားတည်း ဖြစ်၍ ဉာဏ်ဒြလင်းအောင် ရှင်းအောင် စစ်ဆေးကြပါလေ။

တလောကလုံး၌ ပရမတ်နှင့် ပညတ်တို့ တခုနှင့်တခု တွဲဘက်၍ နေကြတယ်၊ စင်စစ်မှာ ပရမတ်ကို ပညတ်နှင့် အသုံးပြုထားကြလေတယ်၊ ပညတ်ပျောက်လျှင် ပရမတ် ရောက်မယ်၊ ပညတ်မပျောက်လျှင် ပရမတ် မပေါ်နိုင်ဘူး၊ ပရမတ်၌ ပညတ်ကင်း၍ နေတယ်၊ ပညတ်၌ ပရမတ်ကင်း၍ နေတယ်၊ ဤစကားနှစ်ရပ်ကို စဉ်းစား၍ ရှုကြည့်လျှင်သိကြမည်။

ထင်ရှားရှိနေ တာကတော့ ပရမတ်သာ ထင်ရှား ရှိနေတယ်၊ ပညတ်မှာ ထင်ရှားမရှိ၍ တွေ့ကောင်း မြင်ကောင်းအပ်တဲ့ တရားမျိုး မဟုတ်ဘူး၊ လက်သန်း အဋ္ဌကထာက ပညတ်ကို ဓမ္မာရုံဟူ၍ ဆိုသည်၊ ဓမ္မာရုံဆိုတာ ကိုင်လို့မရ၊ တွေ့ထိလို့မရ မမြင်နိုင်သော တရားမျိုးဖြစ်တယ်၊ အချို့ကလဲ ပညတ်ဆိုတာ ခေါ်ဝေါ်ကာ မတ္တမျှသာဖြစ်တယ်၊ ပညတ်ရှာလို့မရဘူးဟူ၍ ပြောဆို ကြတယ်၊ သို့ဖြစ်၍ ပညတ်ဆိုတာ နှုတ်ထဲမှာသာ ရှိတယ်ဟူ၍ အထင်ရောက်နေကြလေတယ်၊ စင်စစ်မှာ ခေါ်ဝေါ်ကာ မတ္တလဲမဟုတ်၊ နှုတ်ထဲမှာလဲ မဟုတ်၊ ပရမတ်နှင့်ပညတ်တို့ မကင်းကောင်းဖြစ်၍ တလောကလုံး ပရမတ်မရှိလျှင် တလောကလုံး ပညတ်ရှိရမည်ဟူ၍ မှတ်ယူရမည်။

ထိုသို့ဖြစ်သော်လဲ ပရမတ်ကို ပရမတ်နယ်ကထား၍ အသုံးပြုရမည်။ ပညတ်ကို ပညတ်နယ်ကထား၍ အသုံးပြုရမည်။ သူ၏ဆိုင်ရာဆိုင်ရာစခန်းနှင့်အသုံးပြုမှ လိုရာခရီးသို့ရောက်နိုင်ကြမည်။အကယ်၍ ပညတ်မထားဘဲ စေတီပုထိုးက အုဋ်နှင့် လှေကားကအုဋ် ပရမတ်ချင်းအတူတူဘဲဟု တသားတည်း ယူထားလျှင် မဖြစ်နိုင်ချေ။ ထိုသို့ ဘုရားနှင့်လှေကား ပညတ်မထားဘဲ ပရမတ်ထားယူလျှင် မှုချမဖြစ်နိုင်ပါ။ ထိုသို့ဖြစ်သောကြောင့် ပညတ်ကို အသုံး ပြုထားရမယ်၊ ပညတ်ကို စွန့်ပယ်လို့မရနိုင်ပါ။

(က) ထို့ပြင် လျှာဒါန်းရာ၌ ပညတ်နယ်ကမထားဘဲ သစ်ခေါင်းထဲသို့ရင်း၊ တွင်းထဲသို့ရင်း၊ ဝါးလုံးခေါင်းထဲသို့ရင်း၊ ခွတ် ၄–ပါးချင်းဘဲ ထမင်းဆာဟန်ရှိရဲ့ဟု ထမင်းတွေကို သိပ်သွင်း လျှာဒါန်းသော်လဲ ဒါနမမြောက်နိုင်ပါ။

(ခ) ဘုရားအရိယာတို့သည် အို-ရဟန်းတို့၊ အို-ချစ်သားတို့ စသည်ဖြင့်ရင်း၊ ချစ်သား အာနန္ဒာ, ချစ်သားရာဟုလာ, သားကြီး သာရိပုတ္တရာ စသည်ဖြင့် ပညတ်ကို ခေါ်ဝေါ် ပြောဆိုသော်လဲ ပရမတ်ကိုရည်၍ ပညတ်ဖြင့် အသုံးပြုတော် မူကြတယ်၊ ပုထုဇဉ်တို့ကဲ့သို့ ပညတ်ကို မထိခိုက်ဘူးဟု မှတ်ကြရမယ်။

(ဂ) ဤအရာ၌ အချို့က(ပညတ်ကား မြင်ကားမြင်၏၊ အကြည့်မခံ၊ ပရမတ်ကား တွေ့ကားတွေ့၏၊ အကိုင်မခံ)ဤသို့ ပြောဆိုသော စကားမှာ မငြင်းပယ်နိုင်သော်လဲမျက်စိလယ်သော လူတယောက်ကို မလယ်သောသူက ပြောကြားသော်လဲ သူ့စိတ်ထဲက မှုချမကျေနပ်နိုင်။ ဤစကားကိုစဉ်းစားညာဏ် ပွင့်လင်းအောင် ရှင်းကြလေ။

ဤကား ပရမတ် ပညတ်နှစ်စား ခြားနားပုံပြီး၏။

---

### အရပ်ဆယ်မျက်နှာ အာကာသ ကောင်းကင်၌ အဋ္ဌကလာပ်ရုပ် မရှိနိုင်အရှိ

(ကထာဝတ္ထု အဋ္ဌကထာက)အာကာသသည်ပရိစ္ဆေဒါကာသ၊ ကသိဏုဂ္ဃါဋိမာကာသ၊ အဇဋ္ဌာကာသဟူ၍ သုံးမျိုး ပြထားရာ ပရိစ္ဆေဒါကာသသည် ပရမတ်အစစ်ဖြစ်တယ်။ ကသိဏုဂ္ဃါဋိမာကာသနှင့် အဇဋ္ဌာကာသ ၂-ပါးကား ပညတ်မျှသာ ဖြစ်တယ်။ ထို့ကြောင့် တိမ်, မြူ, မီးခိုးအလျှံ ဆီးနှင်းမြူ အရောင်ကို ချန်လှပ်၍ အရပ်ဆယ်မျက်နှာ ကောင်းကင်ပြင်ကြီး၌ အဋ္ဌကလာပ်ရုပ်မျှမရှိဟု ပြထားပေတယ်။

ဤအရာ၌ တုစ္ဆာကာသသည် အဇဋ္ဌာကာသ ပင်တည်း။ မြကြေးမုံ၌ ထင်သော အရိပ်ကား (ကထာဝတ္ထု အနုဋီကာက) ပြထား၍ ရူပါရုံမည်ကြောင်း ထင်ရှားလှပေ၏။ အကယ်၍ ရူပါရုံ မဟုတ်လျှင် အလင်းနှင့်ကင်း၍ထင်ရာ၏။ စက္ခုဝိညာဏ်၏ အာရုံလည်းဖြစ်၏။ မည်းမည်းနက်နက် ထင်ခြင်းသည် စက္ခု၏ ရူပါရုံ မဟုတ်သကဲ့သို့ တိမ် မြူခိုးအလျှံမှတပါး ပြာပြာနက်နက် မြင်ခြင်းသည် စက္ခုဖြင့် သိမြင်ရသော ရူပါရုံမဟုတ်သဖြင့် ပညတ်သာ

ဖြစ်သည်။ ဥပမာ- မျက်စိမမြင် ကန်းသော သူတယောက်သည် အာလောကအလင်းမရသဖြင့် ရူပါရုံဟူသမျှမြင်ခြင်းမှာမစွမ်းနိုင်ဘဲ မည်းမည်းနက်နက်သာ ထင်လာရ၏။ ၎င်းမည်းမည်းနက်နက်သည် ပညတ်ဖြင့်သာ ထင်လာသည်ဟုဆိုလေသည်။ ဤအရာ၌ကသိဏ်ကျမ်းပါ ဠိမာကာသ, အဇ္ဈာကာသ, တုစ္ဆာကာသ ရှိသမျှတို့ထွင် တိမ် မြူ မီးခိုးမှစ၍ ထင်ရှားလှသော အရိပ်အရောင်, အသံ, လေ တခုခု ဝင်လာလေက အဌကလာပ်ထက်ချပ်ပါမည်ကား အရှင်းသားပင် ဖြစ်ပေ၏။ သို့ရာတွင် တိမ်မြူမီးခိုးမှစ၍ အရိပ်အရောင်, အသံ, လေ မဝင်ပေက မည်းမည်းနက်နက်သာ ဖြစ်သောပညတ်သာ ပြတော် မူသည်မှာ ဘုရားရှင်မိန့်တော်မူသော ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် နှိုင်းချင့်၍ ဉာဏ်ပွင့်လင်းအောင် ရှင်းနိုင်ကြစေရန်ကို ထည့်သွင်း ဖော်ပြလိုက်ပါပေသတည်း။

ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီးက (၁) တလောက လုံး၌ ပရမတ်လွတ်သောနေရာမရှိ။ (၂) ပရမတ်လွတ်သော အရာ ဝတ္ထုမရှိ။ (၃) ပရမတ်လွတ်သော ကာလမရှိဟု ဆုံးဖြတ်မိန့်တော် မူတယ်။ ထိုသို့မိန့်ရာ (ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ၌) လာသော ဘုရားဟောပါဠိနှင့် တသားတည်းညီညွတ်အောင်မိန့်တော်မူတယ်။ အရိပ်, နေပူ, အလင်း, အမိုက်မှောင်, တိမ်တိုက်, ဆီးနှင်း, မီးခိုး, မြူ, လဝန်း၏ အရောင်, နေဝန်း၏ အရောင်, မြကြေးမုံ၏ အရောင်, ပတ္တမြား ခရုသင်း ပုလဲကျောက်မျက်ရွဲတို့၏အရောင်, ရွှေငွေ၏ အရောင် စသည်ဖြင့် ရူပါရုံ မည်ကြောင်းကို ပါဠိတော်၌ ပါရှိ လေတယ်။

ထိုစကားရပ်ကို အဌကထာဋီကာနှင့် နှိုင်းချိန်၍ ဉာဏ်ပွင့်ရန် အနည်းငယ် ပြဦးမည်။ ။အရိပ်, နေပူ, အလင်း, အမိုက်မှောင် ဤလေးမျိုးတို့ကား အချင်းချင်းတကွ မတည်ကြဘူး။ ပိုင်းခြား၍ ဖြစ်ကြပေတယ်။ ၎င်းအဌကထာနှင့် မူလဋီကာက (အညမည ပရိစ္ဆိန္နံ)ဟု ပြထားကြတယ်။ ဥပမာ-တခုသောသစ်ပင်ရိပ်၌ တပါး သော နေပူနေရောင် မရှိခြင်းကြောင့် အရိပ်နှင့် နေပူတို့တကွမတည် ကြပါ။ အလင်းနှင့်အမိုက်မှောင်လဲ ထိုနည်းကိုမှီ၍သိကြပါလေ။

တိမ်တိုက်, ဆီးနှင်း, မီးခိုး, မြူ၊ ၎င်းလေးမျိုးတို့ကား အာကာသကောင်းကင်တို့တွင် တည်ရာအဖြစ်ဖြင့် သိကြရမည်။ အဋ္ဌကထာက (ဝဏ္ဏုနာဒဿိတာနိ)ဟု ပြထားပြန်တယ်။ ဥပမာ–ကောင်းကင်၌ ကျေးငှက်ပျံခြင်း၊ လေယာဉ်ပျံ ပျံသန်းခြင်း၊ မိုးသား မိုးခဲစသော အခိုက်အတန့်တည်ရာ ဝဏ္ဏုကို ဆိုလိုတယ်။

လဝန်း၏ အရောင်, နေဝန်း၏ အရောင် စသည်တို့ကား အဋ္ဌကထာက(ပဘာဝ ဝဏ္ဏာဒဿိတာ)ဆိုသောကြောင့် အရောင်မျှကို ပြတော်မူကြတယ်။ ထိုအတူမြကြေးမုံ၏ အရောင်, ပတ္တမြားရောင်, ခရုသင်းရောင်, ပုလဲရောင်, ကျောက်ရောင်, ရွှေ,ငွေ စသော အရောင်စသည်တို့၌ အရောင်မျှကို ပြတော်မူတယ်။

ထိုကြောင့် ယခုပြဆိုသောအရိပ်, နေပူ,အလင်း, အမိုက်မှောင်စသည်တို့ကို အဋ္ဌကလာပ်ရုပ်စုတွေဟု ခွဲစိတ်ဖြာ၍ ဉာဏ်၌သိကြပါလေ၊ မသိလျှင် ရှင်းပြကြပါလေ။

မှတ်ချက်။ ။(၁) အဆင်း၊ (၂) အရောင်၊ (၃) အလင်း ဤသုံးမျိုး တို့ကား မတူ ခြားနားကြောင်းကို သိရှိကြ ရမည်။ အဘယ်သို့ရှုရမည်နည်း။ အဖြူ, အနီ, အကြောင်, အကျား, အစိမ်း, အဝါ,အပြာသည် အဆင်း၊ ထိန်ထိန်လက်လက် ပြောင်ပြောင်သည် အရောင်၊ စက္ခုဝိညာဏ်၏ အထောက်အပံ့ကို မြင်ကြောင်း ရှုပါရုံသည်အလင်း၊ ဤသုံးမျိုးကို သတိပြုကြပါလေ။

ဤကဲ့သို့ပြထားသော ပါဠိတော် အဋ္ဌကထာ ဋီကာစကားတို့ကို တသားတည်းညီညွတ်အောင် ကြံဆောင်၍ညှိကြပါလေ။ ရှင်တော်ဘုရားသည် မိန့်တော်မူသည်မှာ ချစ်သားတို့–ငါဘုရား သာသနာ ကော်၌ တစုံတခုသော အယူဝါဒစကား ဖြစ်ပေါ်၍ လာလျှင် ထိုအယူဝါဒစကားကို သုတ်, ဝိနည်း, အဘိဓမ္မာ, အဋ္ဌကထာနှင့် ငါဘုရားစကားတော်နှင့် တိုက်ဆိုင်နှိုးနှော ရောသွင်း၍ယူကြ၊ ရောသွင်း၍မဝင်၊ ငါဘုရား စကားတော်နှင့် ဆန့်ကျင်လျှင် ပယ်စွန့်ရစ်ကြလောဟု (မဟာပဒေသလေးပါး)၌ မိန့်မှာတော်မူခဲ့ လေတယ်၊

ထိုသို့ မိန့်မှာတော်မူသည့်အတိုင်း မှားလျှင်မှားမှန်းကိုသိ၊ မှန်လျှင် မှန်မှန်းကိုသိ၍ အမှားကိုပယ်စွန့်ပြီးလျှင် အမှန်ကိုမှတ်ယူအပ်သည်။ အမှန်ကို မှတ်ယူ ဆောင်ရခြင်းသည် သာလွန်၍ ကောင်းမြတ် ကြတယ်၊ အဋ္ဌကထာကြီးလေးမျိုးကို သိရှိရန်ကား–

၁။ ဘုရားကိုယ်တိုင် ဟောခဲ့သော အဋ္ဌကထာ။

၂။ ဘုရားလက်ထက်ရှိ သမ္ဗုဒ္ဓိဘူတရဟန္တာဟော အဋ္ဌကထာ။

၃။ ဘုရားကွယ်လွန်သည့် နောက်မှ ဖြစ်သော အသမ္ဗုဒ္ဓိဘူတ ရဟန္တာဟော အဋ္ဌကထာ။

၄။ ပိဋကတ္တယကောဝိဒ ပုထုဇဉ်မထေရ်ဟော အဋ္ဌကထာ။

ဤသို့အားဖြင့် သိမှတ်ကြပြီးလျှင် သင်္ဂါယနာတင် ကျမ်းပေါင်း ငါးဆယ်ရှိကြသည်ကိုလည်း သိမှတ်ကြရမည်။

ဤကား ကောင်းကင်ပြင်ကြီး၌ အဋ္ဌကလာပ်ရုပ် မရှိနှင့် အရှိတို့ကို ပြပုံ ပြီး၏။

---

## အဋ္ဌကလာပ်ရုပ် ရှစ်ပါးခွဲသိနည်း

အဋ္ဌကလာပ်ရုပ်ဟူသည် အဝိနိဗ္ဘောဂရုပ် ရှစ်ခုကို ဆိုလိုသည်။ အဝိနိဗ္ဘောဂဟူသော အမည်သည် အချင်းချင်း တကွ တည်၍ ခွဲခြမ်း၍မရသည်ကို ဆိုလိုသည်။ ခွဲခြမ်း၍မရသော တရားရှစ်ပါးတို့ ကား ဓာတ်ကြီး ၄–ပါး၊ ဓာတ်ငယ် ၄–ပါးတို့တည်း။ ဓာတ်ကြီး ၄–ပါးကား မဟာဘုတ်ဟူ၍ ခေါ်၏။ ဓာတ်ငယ် ၄–ပါးကား ထို မဟာဘုတ်ကို မှီတွယ်၍ နေရသော ဥပါဒါန်ရုပ်ဟူ၍ ခေါ်ဆို၏။ ထိုဓာတ်ရှစ်ပါးတရားကား မြေ, ရေ, လေ, မီး, အဆင်း, အနံ့, အရသာ, အဆီ, အစေးတို့တည်း။

## ကွဲပြားခြားနားပုံ သံခိပ်လင်္ကာ

| | |
|---|---|
| ၁။ ခက်မာမြေ<br>နူးညံ့မြေ ၂ မျိုး။ | ၁။ နူးညံ့ ခက်မာ၊ အရာရာ၊<br>တွေ့တာ မြေဓာတ်ပါ။ |
| ၂။ အဧမီး<br>အပူမီး ၂ မျိုး။ | ၂။ အဧအပူ၊ တွေ့ပြန်မူ၊<br>မှတ်ယူမီးဓာတ်ပါ။ |
| ၃။ လှုပ်ရှားလေ<br>တွန်းကန်လေ ၂ မျိုး။ | ၃။ လှုပ်ရှား တွန်းကန်၊ ဤနှစ်<br>တန်၊ မှတ်ရန်လေ<br>ဓာတ်ပါ။ |
| ၄။ ယိုစီးရေ<br>ဖွဲ့စေးရေ ၂ မျိုး။ | ၄။ ယို စီး ဖွဲ့ စေး၊ တွေ့ပြန်<br>သေး၊ မှတ်ရေး ရေ<br>ဓာတ်ပါ။ |
| ၅။ အဆင်း အမျိုးမျိုး။<br>၆။ အနံ့ အမျိုးမျိုး။<br>၇။ အရသာ အမျိုးမျိုး။<br>၈။ အဆီ အစေး.... | ၅။ ဆင်း ,နံ့,ရသာ၊ ဆီဩဇာ၊<br>လေးဖြာ ဓာတ်သေး အမှိ<br>လေး။ |

ဤကား အဋ္ဌကလာပ်ရုပ်ရှစ်ပါး ကွဲပြားခြားနားပုံ ပြီး၏။

---

ဤသို့အားဖြင့် ညက်စိုက်၍ သိကြပါလေ။ ဓာတ်ရှစ်ပါးတို့၏ သဘောမျှသာတည်း။ ကလာပ်ဆိုတာ ပေါင်းစည်းသော အစုကို ဆိုလိုတယ်၊ ထင်ရှားသော အကြမ်းစား ကလာပ်ကို ရှုကြည့် ရန်ကား....

၁။ တောတောင် သစ်ပင် စသည်တို့၌ အရေကလာပ် အဖတ် ကလာပ်ဟုရှု။
၂။ နေရောင်၌ အပူကလာပ်၊ အရောင်ကလာပ်ဟုရှု။
၃။ လရောင်၌ အအေးကလာပ်၊ အရောင်ကလာပ်ဟုရှု။
၄။ ရေနွေး၌ အပူကလာပ်၊ ယိုစီးကလာပ်ဟုရှု။
၅။ ဆီးနှင်း၌ အအေးကလာပ်၊ ယိုစီးကလာပ်ဟုရှု။
၆။ မီးကျူးမီးပန်း၌ အပူကလာပ်၊ လှုပ်ရှားကလာပ်ဟုရှု။
၇။ လေမုန်တိုင်း၌ အအေးကလာပ်၊ လှုပ်ရှားကလာပ်ဟုရှု။

ဤကားထင်မြင်လွယ်သော ကလာပ်တွဲပုံကိုရှုပါလေ။ စင်စစ်မှာ အဋ္ဌကလာပ် ရုပ်ရှစ်ခုစလုံး အကုန်ပါသည်ကို သိရှိကြရမည်။ ၎င်း ဓာတ်ရှစ်ပါးတို့တခုနှင့်တခု ခွဲခွါလို့မရပုံကား မြေ, ရေ, လေ, မီး, အဆင်း, အနံ့, အရသာ, အဆီ, အစေး။ ဤသို့ အားဖြင့် ပူးတွဲ၍ တပေါင်းတည်း တည်နေသော ဓာတ်ရှစ်ပါးတို့တွင် မြေဓာတ်ကို နုတ်လိုက်လျှင် ကြွင်းသောဓာတ် ၇-ပါးတို့က အနုတ် မခံဘူး။ မြေဓာတ်နောက်သို့ပျံ့နှံ့၍ အတူတကွပါကြလေတယ်။ ၎င်းနည်းတူ ရေဓာတ် လေဓာတ်တို့ကို နုတ်ယူပြန်သော် ကြွင်းသော ဓာတ် ၇-ပါးတို့က တခါထဲပူးကပ်ပျံ့နှံ့၍ တည်ရှိကြပြန်တယ်။ တပါးနှင့် တပါးအခွဲမခံကြဘူး။ တွဲရေးတရားများဖြစ်ကြလေတယ်။ တပါးက ပျက်စီးလျှင် အကြွင်း၇-ပါးတို့လဲ တပြိုင်နက် ပျက်စီးကြလေတယ်။ (ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာ)။

ကောဟိ ပထဝီဓာတု ဘိဇ္ဇမာနာ သေသဓာတုယော၊ ဂဟေတွာဝ ဘိဇ္ဇတိ။ ။အနက်ကသိလွယ်ပြီ။

ဤသည်လျှင် အဋ္ဌကလာပ်တရားပြီး၏။

---

ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားထံ မင်္ဂလာတရားရှစ်လုံးတွဲ ကဗျာများနှင့်အတူတကွ မီးတရားပါ ဆက်သွင်းသည်ကား အောက်ပါအတိုင်းဖြစ်လေသည်။

ရုပ်မီးတရားရှစ်လုံးတွဲ

၁။ တလောကလုံး-ပျက်ပြုန်းအကုန်၊
အတွင်းမီးနှင့်-အပြင်မီးဆုံ၊
ဘဝဂ်မဆန့်-ပျံ့နှံ့အဟုန်၊
ညဏ်မျက်စိ-ရှုကြည့်အလုံးစုံ။

၂။ ပရမာဏု-တခုမြူတွင်၊
အဋ္ဌကလာပ်-ပေါင်းအပ်တွဲယှဉ်၊
စ,လယ်,အဆုံး-မီးသုံးမြှောက်လျှင်၊
အပြင်မီး-ပေါင်းစည်နှစ်ငါးအင်။

၃။ ဆံပင်ကစ-ဒွတ္တိံ သတွင်၊
မီးပေါက်မီးပွား-အကြားမမြင်၊
ခန္ဓာကိုယ်စွဲ-မီးခဲအသွင်၊
မီးချင်းစပ်-ကြားလပ်မရှိအင်။

၄။ ပြဟ္မာများ၏-ကြီးမားကိုယ်ကောင်၊
မီးတုံးမီးခဲ-ရဲရဲတောက်လောင်၊
ချမ်းသာဟူက-မြူမျှမဆောင်၊
အဟုတ်ပ-ဒုက္ခခန္ဓာကောင်။

၅။ တလောကလုံး-ပျက်ပြုန်းအကုန်၊
ကမ္ဘာမီးတွဲ-ကြီးတဲ့အဟုန်၊
ကလာပ်မီးနှင့်-ဓာတ်မီးလောင်ပုံ၊
ဉာဏ်မျက်စိ-ရှုကြည့်အလုံးစုံ။

ဤကားရင်မီးတရားပြီး၏။

---

နာမ်မီးတရား ရှစ်လုံးဘွဲ့

၁။ စက္ခုရူပ-မြင်ကြလို့ဆုံ၊
ကမ္ဘာမီးတွဲ-ကြီးတဲ့အဟုန်၊
လောဘ,ဒေါသ-မောဟအကုန်၊
မီးတောက်ထဲ-မီးခဲပြာဖြစ်ပုံ။

၂။ သောတ,သဒ္ဒ-ကြားကြလို့ဆုံ၊
ကမ္ဘာမီးတွဲ-ကြီးတဲ့အဟုန်၊
လောဘ,ဒေါသ-မောဟအကုန်၊
မီးတောက်ထဲ-မီးခဲပြာဖြစ်ပုံ။

၃။ ဃာနဂန္ဓ-နံကြလို့ဆုံ၊
ကမ္ဘာမီးတွဲ-ကြီးတဲ့အဟုန်၊
လောဘ,ဒေါသ-မောဟအကုန်၊
မီးတောက်ထဲ-မီးခဲပြာဖြစ်ပုံ။

၄။ ဇိဝှာ,ရသ-လျက်ကြလို့ဆုံ၊
ကမ္မာမီးတဲ့-ကြီးတဲ့အဟုန်၊
လောဘ,ဒေါသ-မောဟအကုန်၊
မီးတောက်ထဲ-မီးခဲပြာဖြစ်ပုံ။

၅။ ကာယ,ဖောဋ္ဌ-တွေ့ကြလို့ဆုံ၊
ကမ္မာမီးတဲ့-ကြီးတဲ့အဟုန်၊
လောဘ,ဒေါသ-မောဟအကုန်၊
မီးတောက်ထဲ-မီးခဲပြာဖြစ်ပုံ။

၆။ မန,ဓမ္မ-ကြုံကြလို့ဆုံ၊
ကမ္မာမီးတဲ့-ကြီးတဲ့အဟုန်၊
လောဘ,ဒေါသ-မောဟအကုန်၊
မီးတောက်ထဲ-မီးခဲပြာဖြစ်ပုံ။

ဤကား နာမ်တရားမီး ပြီး၏။

---

## ရုပ်မီး-နာမ်မီး တရားရှစ်လုံးဘွဲ့

၁။ ရုပ်မီး,နာမ်မီး-ဖန်တီးဆက်ပုံ၊
ကလာပ်မီးနှင့်-ဓာတ်မီးအကုန်၊
မျက်စိအဆင်း-ချက်ချင်းတွေ့ဆုံ၊
(၁၀)မီး-(၁၁)သီးလောင်ကျွမ်းပုံ။

၂။ ရုပ်မီး,နာမ်မီး-ဖန်တီးဆက်ပုံ၊
ကလာပ်မီးနှင့်-ဓာတ်မီးအကုန်၊
အသံနှင့်နား-တွေ့ညားပေါင်းဆုံ၊
(၁၀)မီး-(၁၁)သီး လောင်ကျွမ်းပုံ။

၃။ ရုပ်မီး,နာမ်မီး-ဖန်တီးဆက်ပုံ၊
ကလာပ်မီးနှင့်-ဓာတ်မီးအကုန်၊
နှာခေါင်းအနံ့-ပေါင်းလတ်တွေ့ဆုံ၊
(၁၀)မီး-(၁၁)မီးလောင်ကျွမ်းပုံ။

၄။ ရုပ်မီး,နာမ်မီး-ဖန်တီးဆက်ပုံ၊
ကလာပ်မီးနှင့်-ဓာတ်မီးအကုန်၊
လျှာနှင့်ရသ-တွေ့ကြလို့ဆုံ၊
(၁၈)မီး-(၁၁)သီး လောင်ကျွမ်းပုံ။

၅။ ရုပ်မီး,နာမ်မီး-ဖန်တီးဆက်ပုံ၊
ကလာပ်မီးနှင့်-ဓာတ်မီးအကုန်၊
ကိုယ်နှင့်အတွေ့-ပေါင်းလေ့တွေ့ဆုံ၊
(၁၈)မီး-(၁၁)သီး လောင်ကျွမ်းပုံ။

၆။ ရုပ်မီး,နာမ်မီး-ဖန်တီးဆက်ပုံ၊
ကလာပ်မီးနှင့်-ဓာတ်မီးအကုန်၊
စိတ်နှင့်သဘော-တွေးတောလို့ဆုံ၊
(၁၈)မီး-(၁၁)သီး လောင်ကျွမ်းပုံ။

ဤကား ရုပ်မီး, နာမ်မီး ပြီး၏။

---

## ခန္ဓာဇာတ်သိမ်းငြိမ်းရာဖြစ်သော ရွှေပြည်ဝင် တရားတော်ကြီး

ကုသိနာရုံ ရဂုံသာမော အင်ကြင်းတော၌ မိန့်ဟောသည့် စကားမှာ ချစ်သားအာနန္ဒာ ငါဘုရား၏ အရေးကြောင့် ပူဆွေး ရောက်ရက် သောကနှောက်ရှက်ပြီးမနေနှင့် စိုးရိမ်ပူဆွေး ငိုကြွေး ရတဲ့ တရားတွေ မနှောက်ရှက်ဘဲ ဖျောက်ဖျက်ပြီး ပစ်လိုက်၊ ငါဘုရား၏ လေးဖြာမဟာဘုတ် စပ်ကာချုပ်သည့် ဓာတ်ရုပ်ပုံတော် အရွယ်တော်သည် ဖက်သစ်ရွက်ကဲ့သို့ရင့်ရော်ဟောင်းမြွေတရွေ့ရွေ့ လာချေပြီ။ ထိုမှတပါး ချစ်သားအာနန္ဒာ၊ ငါဘုရားသည် ရှေး အခါက ရုပ်ဓာတ် နာမ်ဓာတ် ခံ့ခိုင်ပေါ့ပါး အားတော်ဆယ်ပါး နှင့် ပြည့်စုံသော်လဲ ယခုမူကား ကိုယ်အင်အားနည်းပါး၍ လျော့ ပါးချေပြီ။ သို့အတွက် ဤညောင်စောင်း တော်ကို မြောက်သို့ ဦးခေါင်းလှည့်၍ ထားပါလော့။ ဤသို့သောစကား ညီတော် အာနန္ဒာ ကြားလေသော် နောင်ဘုရားသည် ယောက်ျားမိုလ်မြေ

ကုဋေတသောင်း ကာဋ္ဌာဝကဆင်ပေါင်း ကုဋေတထောင် ဘယ်သူ တဦးတယောက်မျှ မပြိုင်နိုင် တကဲ့အားတော်ကြီးကို ဆောင်နိုင် သော်လဲ ဩော်–ယခုမှာမူကား လျော့ပါးသော အားအင်ဖြင့် မိန့်ကြားပုံ ကြားရတော့ သနားကြင်နာ နှလုံးတွင်းကို မီးဝင်၍ အုံးတာလိုယူကြုံးမရဖြစ်ပြီး တပေါက်ပေါက်စီးဆင်း၍ကျလာသော မျက်ရည်တွေကိုမသိမ်းနိုင် မဆီးနိုင်ရှာဘူးတဲ့။ အရှင်စုန္ဒမထေရ် တို့နှင့်ညောင်စောင်းအင်းပျဉ်တော်ကြီးကို အင်ကြင်းပင်နှစ်ပင်ကြား မြောက်သို့ ခေါင်းထားပြီး သားနားစွာ ခင်းတော်မူရှာကြတယ်။ ထိုသို့ခင်းတော်မူပြီးသော် အားအင်တော်ကုန်ခန်း ပင်ပန်းတော် မူလှသော ရှင်တော်ဘုရားသည် လက်ျာနံတောင်းဖြင့် လျောင်း စက်တော်မူပြီးမှ အို–ချစ်သားတို့ သတ္တဝါတို့အကျိုး ပွားတိုးစေ ခြင်းငှာ သင်္ချေလေးရပ် တသိန်းကပ် ကာလပတ်လုံး ပါရမီစုံညီ အလီလီတို့ကို ဖြည့်ကျင့်တော်မူ၍ ၄၅–ဝါ ရှည်ကြာကာလ ယနေ့ ကျအောင် ကောင်းမြတ်လှသောတရားတွေကို အဖန်ဖန်ဟောကြား တော်မူပြီ။

## ရှင်တော်ဘုရား သာသနာတော်အတွက်မိန့်ကြားပုံ

အို....ချစ်သားတို့ ထိုသို့ဟောကြားထုတ်ဖော်ထားသော တရား တွေကိုပွားများကာ ကြိုးကုတ်၍ အားထုတ်ကြပါလျှင် ငါဘုရားကို ချစ်သည် ကြည်ညိုသည်မည်တယ်။ ငါဘုရားမရှိသော်လဲ မရှိပြီဟူ၍ သင်တို့မထင်ကြနှင့်၊ ယခုမှာကား ငါဘုရားတဆူထဲသာ သင်တို့ကို ဟောတော် မူနိုင်မယ်။ ငါဘုရား ကွယ်လွန်လျှင် သင်တို့အား ရှစ်သောင်းလေးထောင်သော ဘုရားတွေက မနားမနေ ဟောပြ တော်မူပေလိမ့်မယ်။ တရားနှင့်ပျော်ကြလျှင် ငါဘုရားကို တွေ့မြင် ကြရသည်မည်တယ်။

အို....ချစ်သားတို့ ယခုစကြဝဠာတိုက်တသောင်းအတွင်း၌တည်ရှိ ကြကုန်သော ပန်းသစ်ပင်–အပေါင်းတို့နှင့်တကွ များစွာသော နတ်၊ ဗြဟ္မာတို့က သောင်းသောင်းဖျဖျ အထူးထူးသော ပူဇော် သက္ကာရတို့ဖြင့် ငါဘုရားအား ပူဇော်ကြကုန်ပြီ။ ထိုသို့ ပူဇော်ကြ

ကုန်သော်လဲ ငါ့ဘုရားကို ညွှတ်တွားကော်ရော် ပူဇော်သည် မမည်သေး၊ ချစ်ခင်မြတ်နိုးကြည်ညိုသည်မမည်သေး။ လောကုတ္တရာ အားလျော်သောအမှုကို ပြုသည်မမည်သေး။

အို....ချစ်သားတို့ အကြင်သို့သော ဥပါသကာ ဥပါသိကာတို့သည် လည်းကောင်း၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ သည်လည်း ကောင်း၊ ငါပညတ်တော်မူအပ်သော ဝါရိတ္တ, စာရိတ္တ သီလတို့ကို ရှိသေစွာ ကျင့်ဆောင်၍ ဓမ္မာနု ဓမ္မပ္ပဋိပန္နဟု ဆိုအပ်သော မနော ဟုတ်မှ လောကုတ္တရာ အားလျော်သော အကျင့်တို့ကို ရှိသေစွာ ကျင့်ကြံအားထုတ်သောသူတို့သာလျှင် ငါ့ဘုရားကိုချစ်သည်၊ ကြည် ညိုသည်မည်တယ်။ ထိုသို့ ငါဘုရား တရားတော်ကို အားထုတ်၍ မြင်လျှင် ငါဘုရားကိုဖူးရသည်နှင့်ဟူဘယ်။

ယော ဟိ ပဿတိ သဒ္ဓမ္မံ၊
သော မံ ပဿတိ ပဏ္ဍိတော။
အပဿမာနော သဒ္ဓမ္မံ၊
မံ ပဿမ္ပိ နပဿတိ။

ယောဟိ၊ မည်သူမဆိုအကြင်ပုဂ္ဂိုလ်သည်။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက် ကြောင်း သူတော်ကောင်းတို့ လမ်းကြောင်းထွင်ထား ၆-ပါးသော ဂုဏ်တော်နှင့် ပြည့်စုံသော ငါဘုရားရဲ့ တရားတော်ကို။ ပဿတိ၊ သီလမြေကတုတ် ခံတပ်လုပ်၍ အဟုတ်ပင် သမာဓိဉာဏ်အမြင်ဖြင့် အမှန်ပင်တွေ့မြင်၏။ သော၊ ထိုသမာဓိပလ္လင်ပျံ့ဝသ် အမြင်ဉာဏ် ဓာတ်အား ပဂုမတ်သားပေါ်အောင် တွေ့မြင်သော။ ပဏ္ဍိတော၊ ကြောင်းကျိုးသိမြင် ပညာရှင်သည်။ မံ၊ တရားအရှင် ငါဘုရား သခင်ကို။ ပဿတိ၊ မုချထင်ထင်ကိုယ်တိုင်တွေ့မြင်ရသည်မည်ပေ၏။

ယောဟိ၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ သဒ္ဓမ္မံ၊ ငါဘုရားရဲ့ တရားကောင်း တရားမြတ်ကို။ အပဿမာနော၊ သီလကိုအရင်းမခံ သမာဓိပလ္လင်ပျံ့နှင့် အမြင်ဉာဏ်ဝေး လေးလေးစားစား ဂရုမထားဘဲ မပွားများသော ပုဂ္ဂိုလ်သည်။ မံပဿမ္ပိ၊ ငါဘုရားကိုယ်တော်ကို ရှေ့တော်တွင် ဖက်ပြီး နှစ်သက်ကြည်ညိုစွာ ဝက္ကလိ ထေရ်မဟာလို

အဖြာဖြာ ဖူးမြင်ကန်တော့သော်လည်း။ နပဿတိ၊ တရားမမြင် အမှားတွင် ထင်သလိုပြုမှာကြောင့် ဂရုဓမ္မာကိုအထူးမမြင်၍ သင်တို့ ဆရာ ငါဘုရားကိုဖူးမြင်သည် မမည်ပေ။

ကဲ-အထက်ပါ စကားဖြင့် မိန့်ကြားပုံကို ထောက်လိုက်တော့ သာသနာတော် အရေးတိမ်၍ မှေးမှိန်နေမှာကို မြင်တော်မူတာနှင့် ဤစကားဖြင့် မိန့်ကြားတော် မူပေတယ်။ ဘာကြောင့်လဲဆိုတော့ ရှင်တော်ဘုရားသည်တပါးသော အရာဌာနတို့၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုဆင်ခြင်လျက် အဘိုးထိုက်သည်ကို မဆိုနှင့်ဦး။ ပန်း တပွင့်ကိုမျှ လှူရခြင်းဖြင့် မနိုင်းဆနိုင်သော အကျိုးရှိကြောင်းကို ဟောကြား ဆုံးမတော်မူသော်လဲ ဤအခါဝယ် သာသနာတော်၏ မြင့်ရှည်စွာ တည်တံ့ခြင်းကို အလိုရှိတော်မူ၍ မိန့်ကြားတော်မူတဲ့ စကားပေဘဲ။

အဲဒါကြောင့်မို့ ·အမှားတွေဖျက်ပြီး တရားဖက်ကို အားဟက် တော်မူကြပါလျှင် ရှင်တော်ဘုရားရဲ့ ရုပ်အသွင်ကို အဟုတ်ပင် ဖူးတတ်၍ ထူးမြတ်တဲ့အရသာ အဖုံဖုံတို့ကို ကုံလုံပြည့်ဝစွာ ချမ်းသာ သုခနှင့် ခံစားကြရပေမယ်။ ဓမ္မပီတိသုခံ ဆိုသောမိန့်ကြားချက်အရ တရားနှင့်ပျော်မွေ့ခြင်းသည် အချမ်းသာဆုံးဟူ၍ မှတ်ကြရမည်။

ထိုမှတပါးလဲ ဘုရားရှင်မိန့်ကြားပုံက အို....ချစ်သားတို့ သင်တို့ သည် ငါးဘုရားအတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မပြုကြနှင့်။ သတ္တဝါသန်္ဒါရ ရုပ်နာမ်ဓမ္မ ဟူသမျှတို့သည် ဖြစ်ကြလျှင် ပျက်မြဲ အနိစ္စဘဲဟု နှလုံး၌ပွားများ၍ သောကဆိုတဲ့တရားကို သံသရာနယ် တလျှောက်မှာ ပယ်ဖျောက်ရစ်ကြကုန်လော့။ အို.... ချစ်သားတို့ ငါဘုရား၏ တာဝန်ကိစ္စ အလုံးစုံဟူသမျှ ပြီးဆုံးကြပေပြီ။ ယနေ့ မိုးသောက် နံနက်ရောက်ကချုပ်ပျောက်ရတော့မည်။ အာယုသန်္ခါရ မချုပ်ခင်က သံသယရှိကြပါမူ ;များရှင်လူတို့ ကြည်ဖြူဝပ်တွား ငါဘုရားကို လျှောက်ထားကြလေလော့။

အို....ချစ်သားတို့ ၄၅-ဝါ ရှည်ကြာကာလ ဘယ်သတ္တဝါမှ မလှည့်လည်နိုင်မဟောဖော်နိုင်သော သုတော်ကောင်းတရားကြီးကို

ငါဘုရားလှည့်လည်တော်မူပြီ၊ ယနေ့ညပင် အထင်းအရှား သင်တို့ဆရာ ဘုရားငါကို ဝစွာကြည့်ရှု ဖူးမျှော်လိုက်ကြကုန်လော့၊ နံနက်မိုးသောက် အခါရောက်က အာယုသင်္ခါရ ချုပ်ပျောက်ရလျှင် ငါဘုရား၏နှုတ်တော်တွင်းက ထင်လင်းစွာ မဟောဖော်နိုင်၊ မြွက်ကြားတော်မမူနိုင်။ အို....ချစ်သားတို့ ငါဘုရားသည် နိဗ္ဗာန်ခွင်သို့ စံဝင်ဘို့အရေး မျှော်တွေးကာ ဂရုထားပြီး သင်တို့ကိုးစားရာဖြစ်တဲ့ ဓမ္မအမွေတွေကို ရစေ ယူစေဆိုတဲ့ သဘောသွားနှင့် ငါဘုရား ဟောကြား၍ထားတော်မူခဲ့ပြီ။

## ရှင်တော်ဘုရား မိန့်ကြားပုံ

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။

ဘိက္ခဝေ၊ သံသရာညွတ်ကွင်း ဝဋ်ခပင်းကိုလွတ်ကင်းလိုကြောင်း အို....ချစ်သား အပေါင်းတို့။ မယှံ၊ သင်တို့ကိုးကား ငါဘုရား၏။ ဝယော၊ ခန္ဓာတွေခေတ်သဘောမှိုလတ်တလောဖြစ်ကြ သူ့သဘာဝ ဖြစ်ပေါ်၍လာသော အသက် အရွယ်တော်သည်။ ပရိပက္ကော၊ဖက်, သစ်ရွက်ကဲ့သို့ တနေ့တနေ့ဟန္ဓေရွှေ့ယိုယွင်း အိုမင်းရင့်ရော် ဆွေးမြေ့တော်မူခဲ့လေပြီ။မမ၊ သင်တို့ဖူးမြင် ခုပင်မိန့်ကြား ငါးဘုရား၏။ ဇီဝိတံ၊ ရှိက်နိုင်ရှုနိုင်မှ တည်နေခွင့်ရတဲ့ ဇီဝခေါ်ရိုး အသက်မျိုးသည်။ ပရိတ္တံ၊ အနိစ္စခရီး ကိစ္စကြီးနှင့် ဒိဋ္ဌိနီး၍ လာချေပြီ။ ဝေါ၊ ရှေ့တွင်မျက်မှောက် ဝင်ရောက်ညွတ်တွား သင်ချစ်သား တို့အား။ ပဟာယ၊ အဖော်မဗိုးတကိုယ်တည်းမို့ တသီးတခြား စွန့်ကာထားခဲ့၍။ ဂမိဿာမိ၊ တခါရောက်က တခေါက်မပြန်နိုးပြည်နိဗ္ဗာန် ရိပ်ဖြူ နန်းသို့ ဝင်လှမ်းမနေ သွားရချေတော့အံ့။ မေမယာ၊ သံသရာခရီးကန္တာကြီးကို ပျက်ဆီးခဲ့ပြြား ငါဘုရားသည်။ အတ္တနော၊ ကိုယ်ရေးအတွက်ကိုယ်လွတ်ထွက်ဘို့။ သရဏံ၊ ကိုးကွယ်ရာ,အားထားရာ မှီခိုရာအချက် တရားဓမ္မစက်တွေကို။ ကတံ၊ သံသရာ တည်းဟူသော ပွက်စခန်းမှ နိဗ္ဗာန်တည်းဟူသော အထက်နန်းသို့ တက်လှမ်းဘို့

အဖေ့ ဘာမျှ ဝန်မလေးကြဲ နှင့်တော့ ဘော့တခု ငါဘုရားပြုမှ၍ ပြီးလေပြီ။

## နတ်,လူပြဟ္မာတွေ ငိုကြွေးခြင်း

အဲဒီလိုစကား မိန့်ကြားတော်မူတော့ များစွာသော ရဟန်း ပရိသတ်နှင့်တကွ လူ,နတ်,ဗြဟ္မာ, သတ္တဝါအပေါင်းတို့တွင် အနာ ဂါမ်နှင့် ရဟန္တာ နှစ်ဦးကို ချန်လှပ်၍ တယောက်မကျန် အသည်း အသန် ဖိုလှိုက်ဖိုလှိုက်နှင့် ငိုလိုက်ကြတဲ့အသံတွေ စကြဝဠာတံတိုင်း မက ပျံ့နှံ့သွားတာပါဘဲ။ ခက်ကြပေါ့– ခက်ကြပေါ့၊ တလော ကလုံးယူကြုံးမရ ကမ္ဘာ့မျက်လုံးကြည့်၍ပင်မဆုံးနိုင်တဲ့ အများဘုရင် ဘုရားရှင်သည် ငါတို့ကိုပစ်ထား၍ ကေန္တသွားတော့မှာဘဲ။

ရွှေဘုန်းတော်သခင် တကာယ်ပင်ပစ်ကာထားရင်ဖြင့် အားထား ရာမမြင်အမှန်ပင်အသည်းတွေကျွမ်းပြီး လွမ်းရစ်တော့မှာဘဲ ဘုရား၊ အချို့က ဆံပင်ကို နောက်မှာချ၊ ရင်ထုတာကတဖုံ၊ အချို့ကလဲ မြေပြင်မှာလဲပြီး အသည်းကွဲအောင် လူးလှိမ့်ကြတာကလဲ တရပ်၊ အဆပ်ထပ်ပူဆွေး မြေပြင်ပြေးလို့ ငိုကြတာကလဲအပုံဘဲ၊ ကုသိနာရုံ မလ္လာမင်းတို့ အင်ကြင်းစုံဝယ် စုပုံကာညွတ်ကြား၍ ဝပ်တွားတဲ့ သံဃာထဲတွင် ညီတော်တယောက် အာနန္ဒာ ပျောက်နေ တာကို ရှင်တော်ဘုရားက မေးကြားတော်မူတယ်။

## ညီတော်အာနန္ဒာ ငိုကြွေးခြင်း

အဲဒီအခါ ညီတော်အာနန္ဒာလဲ လူထဲတွင်မနေ အားရအောင် ငိုမယ့်–လို့ မလ္လာမင်းတို့၏ အင်ကြင်းတော၌ မင်းကွန်းဇရပ်ကြီး၏ တံခါးတိုင်ကို မြဲမြဲစွာ ကိုင်လျက် တခါဖြင့် ခက်ချေပြီ.... မနက် မိုးသောက် အရုဏ်ရောက်က သက်တော်ထင်ရှား နောင်ကြီး ဘုရား၏ပြောကြားတဲ့အသံ ကေန်ပင် တိတ်ဆိတ်တော့ မှာဘဲ၊ ငါ့မှာ အနေခက်လှ လေတယ်၊ ငါ့မှာတော့ ၂၅–ဝါ တိုင်တိုင် ခြေရင်းလုပ်ကျွေး လိုလေသေးမရှိ၊ သိသိသာသာ ညီတော်မှာမို့ သွားလာလျှင် နောက်ကလိုက် ပြောပြီးတဲ့ တရားတွေ အကုန်

သိရပေတယ်၊ တခါဖြင့် အခက်ကြုံ သံသရာဘုံ နှောင်အတွင်းမှာ ငါတယောက်ထဲ ကျန်ရစ်ခဲ့ပြီတကား။

လက်ဝဲရံ, လက်ယာရံ အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလာန်နှင့်တကွ သားတော် ရာဟုလာ ယသောဓရာတို့လဲ နိဗ္ဗာန်နန်းသို့ ကြွမြန်းကြလေကုန်ပြီ၊ သုဒ္ဓေါဒန မင်းကြီးနှင့် မိထွေးတော် ဂေါတမီ၊ ဇနပဒကလျာဏီ၊ နန္ဒညီတော်တို့ပါ နိဗ္ဗာန်နန်းသို့ကြွမြန်းတော်မူကြလေကုန်ပြီ၊ ဆွေတော်, မျိုးတော်, မူးတော်, မတ်တော်, ကျွန်ရင်းတော်တို့ပါ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူကြ လေကုန်ပြီ၊ ဩော်-ငါ့မှာတော့ အောက်မင်, အောက်ဖိုလ်နှင့် ရောင့်ရဲ၍ တယောက်ထဲကျန်ရစ်တော့မယ်၊ အဲဒီလိုငိုကြွေးတာကအတန်တန်။

နောင်တော်ကြီးဘုရား ဖြစ်ရပုံအလုံးစုံ ပြန်မပျောက်ချင်ပါဘူးဘုရား၊ ရှိသမျှအလုံးစုံ အသံကုန် အော်ဟစ်၍ ညီတော်မှာ ပူဆွေးငိုကြွေးလိုက်ရပါတယ်အရှင်ဘုရား၊ နောင်တော်အရှင် ဘုရားသခင် နိဗ္ဗာန်ဝင်လျှင်ဖြင့် ညီရင်းတယောက် အပူမပျောက်ဘဲ ကသောက်ကရောက်နှင့် အပူမီးတွေ ပွားအုံးမှာဘဲဘုရား၊ တခါဖြင့် မနက်မိုးသောက် အရုဏ်ရောက်က အာယုသင်္ခါရလွှတ်တော် မူပါလျှင် ဟောဒီက ညီတော်ဘယ်သူ့ရဲ့သပိတ်ကို ဆေးရမှာလဲဘုရား။ ဘယ်သူ့ရဲ့ သင်္ကန်းကိုလှန်းရပါမလဲဘုရား။ ဘယ်သူ့ရဲ့နေရာကို ခင်းရပါမလဲ ဘုရား။ ဘယ်သူ့ရဲ့ ခြေကိုဆေးရပါမလဲဘုရား။ ဘယ်သူ့ရဲ့ မျက်နှာသစ်ရေ-တံပူကို ကပ်ရပါမလဲဘုရား။ ဘယ်သူ့ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုရပါမလဲဘုရား။ အဲဒီလိုငိုကြွေးတာကအဖုံဖုံ။

တခါဖြင့်ခက်ကြပေါ့ နောင်ကြီးဘုရားပစ်ခါထားပြီး ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ ဝေသာလီပြည်၊ ကောသမ္ဗီပြည်၊ ဥဇ္ဇေနီပြည်၊ အာဠဝိပြည်များသို့ တယောက်ထဲ ကြွသွားပါလျှင် တပြည်လုံး တကာ,တကာမတွေက မေးကြလျှင်ဖြင့်ဘယ်လိုပြောရမှာလဲဘုရား။ နောင်ကြီး ဘုရားကို ဘယ်မှာ ထားခဲ့ပါသလဲအာနန္ဒာ-ရယ်လို့ အမေးတက်လျှင်ဖြင့် အခွေးခက်ပါပြီဘုရား။

သာဝတ္ထိ မင်းနေပြည်ကြီး၏ ညို့ညို့ မှိုင်းမှိုင်း မြူခိုးတွေဆိုင်း သစ်ပင်တွေဝိုင်းလျက်နေသော အနာထပိဏ်သူဌေးကြီးဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန် ရွှေကျောင်းတော်ကြီး၏ ဂန္ဓကုဋီတိုက်ခန်းသို့ကြွမြန်းပါလျှင် ဖတ္တသမျှမျက်မှောက် မီးဝင်လို တောက်အုံးမှာဘဲဘုရား။ ဩော်-ဒီနေရာဟာ ရှင်တော်ဘုရား ကျိန်းစက်တော်မူတဲ့နေရာပါကလား။ ဒီနေရာဟာ ရှင်တော်ဘုရား စင်္ကြံကြွတော်မူတဲ့နေရာပါကလား။ ဒီနေရာဟာ ရှင်တော်ဘုရားထိုင်တော်မူတဲ့နေရာပါလား။ ဒီနေရာဟာ ရှင်တော်ဘုရား ရပ်တော်မူတဲ့ နေရာပါကလား။ ဒီနေရာဟာ ရှင်တော်ဘုရား မျက်နှာတော်သစ်တဲ့နေရာပါကလား။ ဒီနေရာဟာ ရှင်တော်ဘုရား ဆွမ်းစားတော်မူတဲ့နေရာပါလား။ ဒီနေရာဟာ ရှင်တော်ဘုရား ရေသပ္ပါယ်တော်မူတဲ့နေရာပါလား။အဲဒီလိုပူဆွေးပြီးငိုကြွေးရမဲ့အရေးတွေကိုတွေးမိတိုင်းမသက်သာ ဒီတခါဖြင့် ညီတော်မှာ အခက်ကြီး ခက်တော့တာဘဲဘုရား။ အဲဒီလိုရွှေရေးကိုမြော်တွေးပြီး ငိုကြွေးတာကတကြောင်း။

**အင်္ဂုတ္တိုရ်အဋ္ဌကထာလာ**

**အရှင်အာနန္ဒာ ပယ်ဆုလေးပါး၊ တောင်းဆုလေးပါး**

**၁။** ဘုန်းတော် ကြီးသော အရှင်ဘုရား။ အရှင် ဘုရားသည် အကျွန်ုပ်အား ကိုယ်တော်သည်ရတော်မူသော သင်္ကန်းကို မပေးသည်ဖြစ်အံ့။

၂။ ဘုဉ်းပေးတော်မူသောဆွမ်းကို မပေးပါသည်ဖြစ်အံ့။

၃။ တခုသော ကုဋီတိုက်ခန်း၌ အတူတကွနေခြင်းကို မပေးပါသည်ဖြစ်အံ့။

၄။ အကျွန်ုပ်ကိုခေါ်၍ ပင့်ဘိတ်ရာသို့ မကြွပါသည်ဖြစ်အံ့။

ဤကား ပယ်ဆုလေးပါးတည်း။

**(တောင်းဆုလေးပါး)**

၁။ အကျွန်ုပ်သည် တိုင်းတပါးမှလည်း၊ ဇနပုဒ်မှလည်း၊ အရှင်ဘုရားကို ဖူးမြင်ခြင်းငှာ လာကြသော ပရိသတ် တို့ကို လာသောခဏ၌ပြခြင်းငှာ အကယ်၍ရပါသည်ဖြစ်အံ့။

၂။ အကျွန်ုပ်သည် ပင့်ဘိတ်ရာကိုအရှင်ဘုရားသည် အကယ်၍ ကြွတော်မူပါသည်ဖြစ်အံ့။
၃။ အကြင်အခါ၌အကျွန်ုပ်အားယုံမှားသက်ာဖြစ်၏၊ ထိုအခါ၌ အရှင်ဘုရားကိုဆည်းကပ်ခြင်းငှာ ရပါသည်ဖြစ်အံ့။
၄။ အရှင်ဘုရားသည် အကျွန်ုပ်မျက်ကွယ်၌ အကြင်တရားကို ဟောအံ့၊ ထိုတရားကို ကြွလာသည်ရှိသော် အကျွန်ုပ်အား ထပ်မံပြီးအကယ်၍ ဟောတော်မူပါသည်ဖြစ်အံ့။

ထိုရှစ်ပါးကို သံဃာအစည်းအဝေး၌ အရေးထား၍ ပေးသနားတော်မူသည် ရှိသော် ကိုယ်တော် အရှင် မြတ်အား အကျွန်ုပ် လုပ်ကျွေးပါအံ့ဟု ရဟန်းပရိသတ် အလယ်၌ ရဲရင့်စွာတောင်းဆို လေတယ်၊ ထိုသို့ တောင်းဆိုတိုင်းပင် အခွင့်အရေးကို ကိုယ်ပိုင် ပေးတော်မူ ကတည်းက တပည့်တော်သည် ၂၅-ဝါ တိုင်တိုင် ခြေတော်ရင်းမှာ ဝပ်စင်းကာ လုပ်ကျွေးတော် မူခဲ့ပါတယ် ဘုရား၊ ဒီလောက်လုပ်ကျွေးတာတောင် ညီတော်တယောက်မှာ အရဟတ္တ ဖိုလ်သို့မရောက် သံသရာ ဝဋ်ပေါက်ကာ လွတ်မြောက်ဖို့ အရေး အပုံကြီးဝေးသေးတယ်ထင်တယ်ဘုရား။

အဲဒီလို ညီတော်အာနန္ဒာ အလုံးစုံ ငိုတာတွေ မကုန်နိုင်ဘူး၊ အားရှိ ပါးရှိ တဦးတည်းပိုင် ကုမ္ဗဏီခံပြီး ငိုကြွေး၍ နေရှာတယ်။

အဲဒီလိုအရေး ငိုကြွေးနေတဲ့အခါ ဘုရားရှင်က ပရိသတ် အစုံ အလင်မှာညီတော်အာနန္ဒာကိုမမြင်တာနှင့် အိုချစ်သားတို့၊ ညီတော် တယောက်ရှေ့တော်တွင်ပျောက်လို့မို့ ငါဘုရားကိုမထောက်ထားဘဲ တော်ရာသို့သွားပြီးနေသလား။ ဤကဲ့သို့အရေး ဘုရားရှင်မေးလိုက် တော့ခါ ရှေ့တော်တွင် ရှိနေကြသော ရဟန်း အပေါင်းတို့က လျှောက်ထားကြ ပြန်တယ်။ အရှင်ဘုရား-ညီတော် တယောက် သောကမီးတောက်လို့မို့ ပရိသတ်ထဲတွင် မနေဘဲ မင်းကွန်း ဇရပ် ကြီး၌သွားပြီး အားရအောင် တကိုယ်အရေး ငိုကြွေး နေပါတယ် အရှင်ဘုရားလို့ လျှောက်ကြတယ်။

အို-ချစ်သားတို့-ငါဘုရား နိဗ္ဗာန်ခွင်သို့စံဝင်ချိန်နီး၍ လာချေပြီ၊ ခပ်မြန်မြန်သွားပြီး အာနန္ဒာကို ခေါ်ချေလော့။ အဲဒီလိုအတိုင်း

စေခိုင်း လိုက်တော့ ရဟန်းများက အပါးကခွါလို့မို့ ဗျာကရာ ကြွသွားပြီး အရှင်အာနန္ဒာလက်ကို တယောက်တတက်စီ ကိုင်ပြီး ရှင်တော်ဘုရားရှေ့တော်သို့ ဆောင်သွင်း၍လာကြတယ်။

## ညီတော်အာနန္ဒာကို ဆုံးမခန်း

ရှေ့တော်သို့ရောက်တော့ ဘုရားရှင်က ချစ်သားအာနန္ဒာ-သင် ဘယ်အရေးကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးနေရသလဲ၊ နာနာဘာဝ ဝိနာဘာဝဆိုတဲ့ တရားဓမ္မကို မမှားခါခါ များသတ္တဝါနှင့်တကွ ငါဘုရားဟောပြတော်မူခဲ့ပြီမဟုတ်လား။

ငါဘုရား၏ ရုပ်ကာယကို သင်ဘယ်လို ပြုနိုင်အုံးမှာလဲ၊ ထို၏ ကွဲပေါက် မကြေမြောက်ပါစေလင့်ဟူ၍ အသည်းကွဲအောင် ငိုကြွေး သော်လဲ ထိုအရေးမှာ အတ္တ–ဆိုတဲ့ သဘောသို့ ရောက်အုံးမှာလား ချစ်သား အာနန္ဒာ၊ အနိစ္စသဘော ရှေ့ရှေ့ဆွေးတယ် ဆိုတာလဲ သင်အသိ မဟုတ်ပါလား၊ ရုပ်ခဏ်, နာမ်ခဏ် တဖြတ်ဖြတ် ဖြစ်ပေါ်သမျှ ဒုက္ခနှင့်မပေဘူး၊ အဲဒီရုပ်ခဏ် နာမ်ခဏ် တဖြတ် ဖြတ်ဖြစ်ပေါ်လာတာကို အရိယာဝင်တို့က မီးနှင့်တွေ့သလို ငြီးငွေ့ တော်မူကြတယ်မဟုတ်လား။

ချစ်သား အာနန္ဒာ သင်ဘာမှ မစိုးရိမ်လင့်၊ ငါဘုရားအရေး သင်လုပ်ကျွေးတာတွေ ရှည်လျားစွာသော ကာလပတ်လုံး မေတ္တာ စိတ်တွေ ကံသုံးထွေသည် ဤစကြဝဠာကြီးနှင့်နိုင်းစာသော်(ယူဇနာ တသန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ်)ကျယ်သော စကြ ဝဠာ အဝကား ကျဉ်းလှသေး၏။ သင်၏မေတ္တာ ကာယကံ, ဝစီကံ, မနောကံတို့က သာလွန် မြင့်မောက် ပေ၏။ ချစ်သားအာနန္ဒာ- (ယူဇနာခုနစ်ကုဋေ တသန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင်) အမြင့်ဆောင်သော နေဝသညာ, နံသညာ ဘဝဂ်ဘုံသည်ကား နိမ့်သေး၏။ သင့်မေတ္တာ ကာယကံ, ဝစီကံ, မနောကံက သာလွန် မြင့်မောက်ပေ၏။

အို–ချစ်သားအာနန္ဒာ၊ သင်ဘာမျှ အားမငယ်နှင့် ပါရမီအဆင့် ဆင့်ကို သင်ရင့်၍လာပြီ၊ သင်၏လုံ့လ ပယောဂဖြင့် ကမ္မဋ္ဌာန်း

အလုပ်ကို အစွမ်း ထုတ်လိုက်ရင် လမ်းဟုတ်တဲ့ အထက်ဖိုလ်သို့ ရက်တိုတိုနှင့် သင်ရနိုင်တယ်ဟု ဖြေသေးပေးတော်မူပြန်တယ်။

ချစ်သားအာနန္ဒာ ရှေးသောအခါက သင်သည် ဆင်းရဲသော ပုဏ္ဏားဖြစ်၍ ပေါက်ပင်စောင့်နတ်သားဖြစ်သော ငါဘုရားလောင်း အား ခဲစားလုပ်ကျွေးသဖြင့် သူဌေးစည်းစိမ်ကြီးကို ငါရအောင် ပေးခဲ့ဘူးပြီ။ ယခုသဗ္ဗညုတ အဖြစ်သို့ရောက်သော ငါဘုရားအား လုပ်ကျွေးရာ၌ အဘယ်မှာလျှင် ရဟန္တာမဖြစ်ဘဲရှိအံ့နည်း။

ရှင်တော်ဘုရားသည် ညီတော်အာနန္ဒာ၏ ဂုဏ်ကျေးဇူးတွေကို များစွာချီးမွမ်းပြီးမှ ချစ်သားအာနန္ဒာ ငါဘုရားသည် နိဗ္ဗာန်ခွင်သို့ စံဝင်ဘို့ အချိန်အခါနီး၍ လာချေပြီ။ သို့အတွက် ကုသိနာရုံ မလ္လာမင်းတို့ထံသွား၍ အကြောင်းကြားချေလော့။ ဤကဲ့သို့ရှင်တော် ဘုရား စေခိုင်းတော်မူတဲ့အကိုင်း အရှင်အာနန္ဒာသွား၍ခေါ်သဖြင့် မလ္လာမင်းတို့ဆွေတော်မျိုးတော် မှူးတော်မတ်တော်တတိုင်းပြည်လုံး အုတ်အုတ်ကျွက်ကျွက် ပူဆွေး ငိုကြွေးကြလျက် ရှင်တော်ဘုရားရှိရာ ဌာနသို့ အကုန်လုံးလာကြသေတယ်။

ရှင်တော်ဘုရား၏ရှေ့တော်မျက်မှောက်မလ္လာမင်းတို့တယောက်စီ ဝင်ရောက်ကြ၍ အဆုံးစွန်တရား ရှင်တော်ဘုရားမှာကြား ဆုံးမ တာကိုနာယူမှတ်သားကြပေတယ်။ ထိုသို့မလ္လာမင်းတို့ တရားနာယူ ကြပြီးနောက် သန်းခေါင်းယံအခါသို့ ရောက်တော့ သုဘဒ်ပရိဗိုဇ် ကြီးကို ဆုံးမတော်မူ၍ အရဟတ္တဖိုလ်သို့ နောက်ဆုံး တည်စေတော် မူတယ်။

အရုဏ်တက်ခါနီး လင်းအားကြီးအယံ၌ များစွာသော တပည့် တပန်း ရဟန်းပရိသတ် လူမင်း,နတ်မင်း,ဗြဟ္မာမင်းနှင့် အခင်းခင်း အပုံပုံအလုံးစုံတို့ကို အကုန်စုရုံး၍ အဆုံးစွန်သောစကားကိုမိန့်ကြား ဆုံးမတော်မူပြန်တယ်။

ဘုရားရှင်နောက်ဆုံးမှာကြားပုံ

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ။

ဘိက္ခဝေ၊ ဖြစ်ပြန်ပျက်ပြန် လောကဓံကို အမှန်တွေ့ငြား အို… ချစ်သားအပေါင်းတို့။ ဟန္ဒ–ဂျော၊ အသဲနှလုံး စွဲယူလို့သုံးလောက်အောင် နှလုံးကြည်သာ မှတ်ယူပါလော့။ ဒါနီ၊ ပြည်တော်အမတ ဝင်စံကြွမည်ဟု ဆုံးမဒေသနာမိန့်မှာကာထားအံ့သောယခုအခါ၌။ ဝေါ၊ အနီးခစားသင်ချစ်သားတို့ကို။ အာမန္တယာမိ၊ အချုပ်စကား နောက်ဆုံးအားဖြင့် မှာကြားခဲ့တော့အံ့။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီးတတ်သော သဘောရှိချေ၏။ ဝယဓမ္မာ၊ ကမ်းနားသစ်ပင်ကဲ့သို့ သင်ဖြစ်လျှင် တနေ့ပျက်မည်ဟု အချက်ကိုသာကြည့်လျက် နေ့ရက်တွေ အချိန်ပြည့်တော့ ပြိုအိယိမ်းယိုင် အမြစ်ပါမခိုင်ဘဲ တိမ်းယိုင်ကာ လဲပြိုသကဲ့သို့ ကွဲပျက်စီးတတ်ချေ၏။ ဣတိ၊ ဤသို့သော တရားအချုပ်ကို။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မတန် အဖန်ဖန်အောက်မေ့သော သတိတရားနှင့်။ သမ္ပာဒေထ၊ နေ့ရှိသမျှ ရက်တွေအချိန် မဖြုန်းကြနှင့်တော့ သံသရာ ခန္ဓာအညွန့်တုံးတဲ့ အလုပ်တို့ကို အားထုတ်၍ ပြည့်စုံကြကုန်လော့။

အဲဒီစကား ရှင်တော်ဘုရား မိန့်ကြားပုံထောက်တော့ ရုပ် နာမ် ခန္ဓာတို့အတွက် မမေ့ရက်နိုင်အောင် လွန်စွာပင် အရေးထားပြီး အပ္ပမာဒတရားကိုနောက်ဆုံးဟောကြားတဲ့စကားပေဘဲ။

## နိဗ္ဗာန်ခွင်သို့ စံဝင်တော်မူခြင်း

အသိန်းမက များလှသော ရဟန်းပရိသတ် တို့နှင့်တကွ များစွာသော လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ရှင်တော်ဘုရား၏ရွှေတော်ဝယ် တဦးတယောက်မှ မလှုပ်ဘဲ ငြိမ်သက်သော ဣန္ဒြေဖြင့် ရှင်တော်ဘုရား၏ မျက်နှာတော်ကို ဖူးမျှော်ကာ ညွတ်တွား၍ စိတ်အာရုံထားပြီးနေကြစဉ်။ ။အို….ချစ်သားတို့ အပ္ပမာဒ တရား နေ့စဉ်ထား၍ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို ပွားများရစ်ကြလော့။ နောက်ဆုံးစကား မှာကြားဆုံးမပြီးလျှင် ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိ၏အဆုံး၌ အလုံးစုံသော

တောဘူမက သင်္ခါရ တရားတို့၏ ချုပ်ရာ ငြိမ်းရာ (နိရောဓသစ္စာကို အာရုံပြုသော) မဟာဝိပါက်ပဌမ အသင်္ခါရိက အဗျာကတ ဒုက္ခ သစ္စာ ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူလေသတည်း။

ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်နှင့် တပြိုင်နက် စကြဝဠာ တသောင်းလုံး ပဲ့တင်ခပ်ပြီး တငြိမ့်ငြိမ့် တသိမ့်သိမ့်နှင့် ဖိမ့်ဖိမ့်တုန်ဟီးပြီး ကမ္ဘာမြေကြီးမှာရှိသမျှ အနန္တသတ္တဝါတွေ ဝမ်းနဲ့ ပက်လက်ဖြစ်ကြ၍ အသည်းကွဲမတတ် ငိုလိုက်ကြတဲ့ အသံ ဆူညံ လို့မို့ ဘဝဂ်တိုင်အောင်ပျံ့နှံ့၍သွားတာဘဲ၊ စကြဝဠာ တသောင်းမှ သစ်ပင်အပေါင်းတို့၏ အပွင့်တွေ အစွမ်းကုန် ပွင့်ကြ၍ ရှင်တော် ဘုရားကို ပူဇော်ကြပေတယ်။ သမင်,ဒရယ်, ဂျီငယ်, စိုင်, ဆတ်နှင့် ကျားသစ်,ခြင်္သေ့ တောဓလေ့ဖြင့် ပျော်မွေ့ကာနေကြတဲ့ သတ္တဝါ တွေလဲ ဆူညံတဲ့အသံခတ္တမစဲဘူး၊ သည်တပွဲမှာ အားခဲပြီး အလွမ်း ပွဲကြီး ဆင်လိုက်ကြတာဘဲ။

## ဘာဝနာပွားခန်း

ကိုင်း-ဘယ်လောက် သင်္ခါရစစ်သလဲ ပညာဝိသုဒ္ဓိ မျက်လုံးဖြင့် ဘဝဂ်ဆုံးအောင် ရုပ်နာမ်တို့ သဘာဝ ဝိပဿနာဖြင့် ရှုကြည့်ကြ လျှင် မမြဲတဲ့အနိစ္စကြီးပါကလား။

ရှင်တော်ဘုရား၏ ဥတုဇရုပ်ကလာပ်ကို ကုသိနာရုံ မလ္လာမင်း တို့သည် သာမုဟိဋ္ဌနပွဲသဘင် ဆင်ယင်ကျင်းပ ပူဇော်ကြပေတယ်၊ ထိုအခါ သုဒ္ဓါဝါသ ဘုံစံအနာဂါမ်ဖြစ်တဲ့ သဟံပတိ ဗြဟ္မာမင်း ကြီးက ရှင်တော်ဘုရား၏ အလောင်းတော်ကို စေ့စေ့ကြီးကြည့်ရှု ပြီးလျှင် များစွာသောင်းသောင်း လူအပေါင်းတို့အား အောက်ပါ တရားဖြင့် ကြူးရင့်၍ပြပုံက....

## ဗြဟ္မာမင်းကြူးရင့်ပုံ သံဝေဂ

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာလောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ဣန္ဒာသယ ၇၀၆-၁၃ (တတိယအကြိမ်)

ဘောဂန္တော၊ ရှင်တော်ဘုရားရဲ့ဖြစ်ပုံကို အလုံးစုံတွေ့ပြီး အို–လူများတို့။ယတ္တယသ္မိံလောကေ၊ အကြင်ငါတို့နေကြ စကြဝဠာအနန္တကမ္ဘာ လောကဓာတ်ကြီး၌။ တောဒိသော၊ အရဟံအစ ဘဂဝါ အဆုံး ရွှေဘုန်းတော်ကြက်သရေ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူပေ ထသော။ သတ္တာစ၊လူ,နတ်,ဗြဟ္မာ,သတ္တဝါအမျိုးမျိုးတို့၏ အားကိုး အားထားရာအစစ် ဆရာကြီးလဲဖြစ်တော်မူပေထသော။ လောကေ၊ ဤကမ္ဘာလောကဓာတ်ကြီး၌။ အပ္ပဋိပုဂ္ဂလော၊ တုသူ,ပြိုင်သူ,ဆိုင်သူ နိုင်သူလဲမရှိ တကယ့်ပကတိပုဂ္ဂိုလ်ထူးလဲ ဖြစ်တော်မူပေ ထသော။ တထာဂတော၊ ရှေးဘုရားတို့ ကဲ့သို့ တရားမစောင်း လာခြင်း ကောင်းတော်မူပေထသော။ ဗလပ္ပတ္တော၊ အားတော် ဆယ်တန် ဉာဏ်တော်ဆယ်ဝ ဘယ်သူမှမပြည့်စုံနိုင်တဲ့ ဗလအစွမ်း ဆုံးခန်းသို့ ရောက်တော် မူထသော။ သမ္ဗုဒ္ဓေါ၊ သယမ္ဘူဟု ဘုံသုံးခုတွင် နှိုင်းတုမမြင် အလွန်ပင်ထင်ရှား ရွှေဘုန်းတော်ဘုရားမှသော်လည်း။ ပရိနိဗ္ဗုတော၊ ခန္ဓာတိမ်းမှောက် ပျက်ကိန်းရောက်၍ ငြိမ်းပျောက် တော်မူရချေသေးပါ တကား။ တတ္ထတသ္မိံလောကေ၊ ထိုထို လောက ဘဝမြင့်မြတ်ဘုံသုံးရပ်၌။ သဗ္ဗေဝ၊သူသူငါငါ လှုပ်လှုပ်ရွရွ ရှိသမျှဗိုလ်ပုံ အလုံးစုံကုန်သော။ ဘူတာ၊ ကိုယ့်ဘဝနှင့် ကိုယ့်ခန္ဓာ ထင်ရှားစွာ ဖြစ်လာတုံငြား သတ္တဝါအများတို့သည်။ သမုဿယံ၊ ခန္ဓာ နာမ်ရုပ် စက်ဆုပ်စဘွယ် မတင့်မတယ်ဘဲ သမုဒယဆွဲ၍ နေသောအကောင်ပုပ်ကို။ နိက္ခိပိဿန္တိ၊ ငါမြဲတယ်လို့ မထင်ကြနှင့် တော့ သခ်ါရဓမ္မကြောင့် သုသာန်တစ သင်းချိုင်းဝသို့ မုချကေန် အမှန်ပင်စွန့်ပစ်ကြရကုန်လတ္တံ့။

ကဲ–ဘယ်လောက် အဆီအသားပါတဲ့ တရားသံဝေဂလဲ အရ ကျက်ပြီး ည,နံနက် ရွတ်ဖို့ ကောင်းတဲ့ တရားပေဘဲ၊ တရားဆိုတာ ရှာတတ်မှ ထွက်ပေါ်လာတယ်၊ အမှုမဲ့အမှတ်မဲ့ မရှာဘဲနေလျှင်လဲ ဧဟိပဿိကဆိုတဲ့ ဂုဏ်တော် မထွက်ပေါ်လာနိုင်ဘူးပေါ့။ တရား တော်အပေါင်းက ဧဟိပဿိကဂုဏ်တော်နှင့် လာလှည့်ပါ ရှုလှည့် ပါလို့ အမြဲပင်ပြောနေတာကြောင့် ရှုမှပွားများမှ ရှာတတ်မှ တရား စစ် တရားမှန်ထွက်ပေါ်လာမယ်။

စတုတ္ထဘုံစံ အနာဂါမ်ဖြစ်တဲ့ဗြဟ္မာမင်းကြီးကကျူးရင့်ပြီးဟောပြ လိုက်တော့ တာဝတိံသာသိကြားမင်းကြီးကလဲ စိတ်ထဲမှာ ဉာဏ် အဖြေရသဖြင့် သံဝေဂ ဂါထာကိုညွတ်နူးပြီး ကျူးရင့်ကာပရိသတ် အပေါင်းတို့အား ဟောကြား၍ပြပုံက....

## သိကြားမင်းကျူးရင့်ပုံ သံဝေဂ

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဘောနွော၊ ရှင်တော်ဘုရား၏ ရပ်ကလာပ်များ၌ ဝပ်တွား ခိုညောင်း အို .... လူအပေါင်းတို့။ သင်္ခါရာ၊ ဖြစ်ကြလျှင်ပျက် ဆက်ကြလျှင်ဒုက္ခ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ အနိစ္စာဝတ၊ခန္ဓာတွေ မမြဲဘဲ သေပွဲသို့ ခဏ ခဏ ဝင်ရလေသောကြောင့် ဩော်–အမြဲမရှိ ကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ပြီးလျှင်ပျောက်ဌှိသို့ရောက်၍ ဖြတ်ခနဲပျက်တတ်သော သဘောရှိကြလေကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ရုပ် နာမ်ဟူသမျှ သူ့သဘာဝ ဖြစ်ကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ဘယ်သူမှ တားလို့မရ ဆီးလို့မရ ချုပ်ကြရ ပျက်ကြရလေကုန်၏။ တေသံ၊ ထိုတားမရ ဆီးမနိုင်ကံမခိုင်ဆိုးလှ၍ အစိုးမရတဲ့သင်္ခါရတရားတို့၏။ ဝူပသမော၊ အပူဓာတ်သိမ်း၍ ငြိမ်းလှစွာသော နန်းနိဗ္ဗာန်သည် သာလျှင်။ သုခေါ၊ ဘယ်ချမ်းနှင့်မှမတူ အလွန်ပင်မြေ၍ ဘေးမခဘဲ ချမ်းမြေ့လှပါသတည်း။

ဤကဲ့သို့သောစကားဖြင့် မိုးသိကြားက ရွတ်ပွားကာ ပြလိုက် တော့ ညီတော်အာနန္ဒာနှင့် အရှင်အနုရုဒ္ဓါတို့ကလဲ ဆိုင်ရာ ဆိုင်ရာ တရားဓမ္မ သံဝေဂတို့ကို ကျူးရင့်ကာ ပြကြပေတယ်။ ကြွင်းသမျှ ရဟန္တာအပေါင်းတို့ကလဲ အသီးသီးဟောပြ ကျူးရင့်ကြပြန်တယ်။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့နှင့် စပ်တဲ့ မမြဲတဲ့သဘော မရှိတဲ့သဘော ပျောက်ပျက်တဲ့သဘော အစိုးမရတဲ့ သဘောတွေကို ပေါ်လောကြီး ပေါ်အောင် ရွတ်ဆိုကြပေတယ်။ ထိုမှနောက်၌ ရှင်မဟာကဿပ ကိုယ်တော်ကြီးကလဲ သင်္ခါရတရားတွေကိုဟောပြတော်မူပေတယ်။

ဤကားရှေ့ပြည်ဝင်ခန်းပြီး၏။

ကိုင်း....ရုပ်ဓာတ်နာမ်ဓာတ်တို့မချုပ်သမျှ အနိစ္စမှမလွတ်မကင်း ကြပုံကို အလုံးစုံထင်ရှားပေပြီ။ ရုပ်တရားက တခါသေရင် နာမ် တရားက တဆယ့်ခုနစ်ခါသေရပေတယ်။ အဲဒီအသေမျိုးကတော့ ပရမတ်သေခြင်းကို ဆိုရပေတယ်။ သမုတိသေခြင်းကတော့ တုံးလုံး ပက်လက်နှင့် အသက်ဇီဝိန်ကင်းပြီး သေရတာမျိုးဖြစ်လို့မို နေ့,လ နှစ်ပါးလိုထင်ရှားလှပေတယ်။သမထ ၄၀-တို့တွင် မရဏာနုဿတိ ကမ္မဋ္ဌာန်းဆိုတာလဲသမုတိသေခြင်းကို အဖန်ဖန်ပွားများအားထုတ် ခြင်းကိုဆိုရပေတယ်၊ မရဏာနုဿတိကို ပွားများအားထုတ်လျှင် မာနတရားတွေ ပျော်ကြွား မော်ကြွား ထောင်လွှားတဲ့ စိတ်တွေ တဏှာ လောဘတွေ လွင့်စင်ပျောက်ပြီး ကောင်းမြတ်တဲ့ တရား နှင့်သာ ပျော်မွေ့တတ်တယ်။ လောကဓံ တရားနှင့် တွေ့သော်လဲ တုန်လှုပ်သောစိတ်မရှိခြင်းထင်လင်းစွာ ဖြစ်ပေါ်လာတယ်။

### မရဏာနုဿတိရှုပုံ သံဝေဂ

အနိစ္စာ မေ ပဉ္စက္ခန္ဓာ၊ အနိစ္စာယ မရိဿန္တိ။
မရဏန္တံ ဂမိတ္တွာန၊ ဇှမ်ံ ကာယံ ခိပ္ပိဿန္တိ။

မေ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ အနှစ်သာရဟာတခုမျှရှာမရသော ခန္ဓာ ငါးပါး ရုပ်တရားနာမ်တရား, ဓာတ်တရား, ပရမတ်တရားတို့သည်။ အနိစ္စာ၊သေမင်း၏ လက်တွင်းသို့ သက်ဆင်း ပြေးဝင်ရ လေသော ကြောင့်မြဲမြံခိုင်ခံ့တည်တံ့ခြင်း သဘောမရှိပါကုန်။အနိစ္စာယ၊ မရဏ လက်ချက် သူ့အတွက်ဖြင့် ဆက်ခါဆက်ခါ အမြဲဓမ္မတာမရှိခြင်း ကြောင့်။မရိဿန္တိ၊ ပြိုးပြိုးမဖျက်နိုင်ဘု တုံးလုံး ပက်လက်နှင့် အခြေမ မြဲဘဲသေပွဲဝင်ရကုန်လတ္တံ့။မရဏန္တံ၊အခြေမတင်းနိုင်ဘဲကွေ့ကွင်းခွါ မှန်းပြီး ဓမ္မတာထုံးအတိုင်း သေခြင်း၏အဆုံးသို့။ ဂမိတ္တွာန၊ အမှန် မုချရောက်ရလေသည်ရှိသော်။ ဇှမ်ံကာယံ၊ ကေသာအစ ဒွတ္တိံသတို့ ပေါင်းစုံ စုဝေး၍ လူရေးလူရာ ခေါ်တံ့ပါမူ သွားလာလှုပ်ရှား ပြုံးရယ်လားနှင့် မားမားမရှိ ထိုင်သိမ့်နေ ခေါ်လေမထူး ဦးလည် မငြိမ့် တိတ်ဆိတ်လှစွာ သုံးရက်ကြာလျှင် ဖုံးလျက် ခါမလျော် ပုပ်စော်ညှီနံ၍ အင်မတန် ရွံစရာကောင်းလှတဲ့ ရုပ်ကလာပ်ဓာတ်

အပုပ်ကောင်ကို။ ခိပ္ပံဃန္တိ၊ သုသာန်တစ သင်းချိုင်း၀သို့ မုချ ကေန် အမှန်စွန့်ပစ်ကြကုန်လတ္တံ့ သတည်း။

## သေခြင်းတရားမြဲခြင်းကိုရှုပုံ

မရဏံ မေ အနိစ္စံ။ ။မရဏံ မေ နိစ္စံ။ ။မရဏံ မေ နိစ္စံ၊

မေ၊ ရုပ်ခဲ့,နာမ်ခဲ့,ခါတ်ခဲ့အစု ခေါ်မှုသမုတ် အကျွန်ုပ်၏။မရဏံ၊ တိုးလိုးပက်လက် သေပျက်ရသော မဗ္ဘတာသဘော တရားသည်။ နိစ္စံ၊ နေ့နေ့ညည ဘယ်တခါမှမခွဲတဲ့ သေပွဲနှင့်မြဲလှချေ၏ တကား။ (၃-ခေါက်ထက်မနည်း ဆိုလေ။)။

## ကာလမြင့်မသိ၍ မရဏာနုဿတိရှုပုံ

အဇ္ဇေ၀ါ သုဝေ၀ါ ပရသုဝေ၀ါ၊ မရဏံ မေ မုဝံ ဘဝိဿတိ။

အဇ္ဇေ၀ါ၊ ဟိုနေ့မပျော် ယနေ့သော်၎င်း။ သုဝေ၀ါ၊ ဟိုနေ့ မဆက်လာ နက်ဖြန်ခါသော်၎င်း။ ပရသုဝေ၀ါ၊ ဟိုလ,ဟိုနှစ်များသို့ သွား၍မဆက် သဘက်ခါသော်၎င်း။ မရဏံ၊ သက်ဇီဝိန်ပြတ်ကင်း၍ သေရခြင်းသဘောတရားသည်။ ဘဝိဿတိ၊ အမှန်မုချ ဧကန္တဖြစ်ရ တော့လတ္တံ့။ ။(၃-ခေါက်ထက်မနည်းဆိုလေ)။

## ဤကိုရည်၍ ရှေးပညာရှိတို့ စပ်ဆိုသောသံ၀ေဂ တေးထပ်

အဇ္ဇေ၀သုဝေ၀၊ ခုတွေးဆ ပြန်လှန်၊ ယနေ့လား နက်ဖြန်၀ယ်၊ ရက်မှန်မှန်မသိ၊ အနိစ္စလက္ခဏာ၊ သဘက်ခါ ဆုံးစမရှိ၊ လူ့အသက်ပုံမှာ၊ ပဒုံမာနေထိ၊ ကုန်မကြာကြွေရိလို့၊ ဇာတိ ပဋိသန္ဓေ၊ ဝဋ်ဒုက္ခာသံသာရဲ့ တနဲ့စိမြစ်ပျက်သာပွေ၊ နောင် ရိက္ခာပါလေအောင်၊ အဠှင်္ဂေသီလနှင့်၊ တလလေးရက်၀ယ် မြဲပါတော့မယ်၊ ချုပ်နှစ်ဘဲ့ခြောက်ရက်၀ယ်၊ ငါးပါးကွယ် သီလနှင့်လေ။

## လောကဓံဝဋ်အတွင်းကမလွတ်ကင်းနိုင်ကြောင်း

## သံဝေဂရှစ်လုံးဘွဲ့ ပဌမပိုင်း

၁။ ရွှေငွေထိန်တောက်-စိန်ကျောက်လယ်တုန်၊
သူ့အိမ်ကြီးနှင့်-ထိန်ညီးအာရုံ၊
နိစ္စထားလို့-မောက်ကြွားမော်ပုံ၊
အဆုံးကျ-လုံးဝပျက်ပြားကုန်။

၂။ ပျိုပျိုတုန်းက-ကိုယ်လုံးနေပုံ၊
အချောအလှ-ပြောပြမကုန်၊
အသက်ကြီးတော့-မျက်ချီးတွေပုံ၊
ခါးကကိုင်း-နားထိုင်းမျက်စိမှုန်။

၃။ တဖုံနွဲ့လို့-စုံတွဲပျော်ပုံ၊
ဖြစ်ဟဲ့ဖြစ်ဟဲ့-ချစ်တဲ့အာရုံ၊
အချစ်ကြီးတော့-ပစ္စည်းတွေကုန်၊
အယူသီး-ပူမီးတောက်လောင်ပုံ။

၄။ နှစ်ခြိုက်နှစ်ခြိုက်-ချစ်လိုက်အတူ၊
ကမ္ဘာပျက်ပြုန်း-မင်္ဂမဆုံးနိုင်သူ၊
အခြေတင်းတော့-သေမင်းဆောင်ယူ၊
သူ့စိတ်ထဲ-ထိတ်ခနဲလှိုက်လှိုက်ဆူ။

## ဘယ်လိုပင် အခြေတင်းသော်လဲ သေမင်းလက်မှ မလွတ်နိုင်ကြောင်းမရဏာနုဿတိ ရှုပုံတရားတော်

နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိသ၊
နဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတံ နပသဟေယျ မစ္စု။

အန္တလိက္ခေ၊ ဝေဟာအပြင် မိုးကောင်းကင်၌။ မန္တုနာ၊ဧဇ-ဖြာ ဝေဒနာနှင့် ပစ်ခွါသတ်ခွင်း သေရခြင်းမှ။ နမုစ္စတိ၊ ကောင်းကင် ပျံရေး ဇာတိဘေးကြောင့်သေဘေးနှင့်ဆိုင် မလွတ်နိုင်။ သမုဒ္ဒမဇ္ဈေ၊ ရှစ်သောင်းလေးထောင် အနက်ဆောင်တဲ့ မိုက်မှောင်နက်ကျယ် သမုဒ်အလယ်၌။ မန္တုနာ၊ လက်နက်စုံကျင်း ပစ်သတ်ခြင်းကြောင့် လွတ်ကင်းမပယ် သေမင်းနယ်မှ။နမုစ္စတိ၊ လေးစင်သမုဒ္ဒရာ ပုံးကွယ် ပါလည်း ကောင်းစွာချက်ပိုင် မလွတ်နိုင်။ ပဗ္ဗတာနံ၊ ဍာသိန္ဓုရံ ယုဂန်အစ များလှရာထောင် မြင်းမိုရ်တောင်၏။ ဝိဝရံ၊ ချောင် မြှောင်တောများ တောင်အကြားသို့။ ပဝိသပဝိဿာပိ၊ ပြေးကာ ပုန်းအောင်း ဝင်ကာရှောင်းသော်လဲ။ မန္တု၊ ရောဂါထူပြောသေခြင်း သဘောမှ။နမုစ္စတိ၊ တောင်မြှောင်ချောက်ကြား ဝင်ကာသွားလည်း အားထားမပိုင် မလွတ်နိုင်။ ။ယတ္ထ၊ သေခြင်းလွတ်တတ် အကြင် အရပ်၌။ ဌိတံ၊ ပြေးကာမှီခို တည်၍နေသောသူကို။ မန္တုရာဇာ၊ များစွာစစ်ခင်း ရှင်သေမင်းသည်။ နပသဟေယျ၊ သေမင်းလက် တွင်း နှိပ်စက်ခြင်းမှ ပက်ပင်းတခါ မညှဉ်းနိုင်ရာ။ သောဇဂ တိပ္ပဒေသော၊ ထိုသို့ ညှဉ်းဆဲ လက်တွင်းထဲမှ အမြဲလွတ်တတ် နိဗ္ဗာန်ကို ချန်လှန်၍ တစုံတခုသော အရပ်ဌာန်သည်။ နဝိဇ္ဇတိ၊ ဇာတိကြောင်းစု မကောင်းသူ့ကြောင့် လွတ်မှုမသေ့ ဘယ်အခါမှ မရှိနိုင်ချေပါတကား။

ရှစ်လုံးဘွဲ့ကဗျာ

၁။ သတ္တဝါများ-ဖြစ်ငြားထိုထို၊
ဖြစ်လျှင်ပျက်ကျ-မုချပျို့အို၊
အနိစ္စမို-ဒုက္ခဆိုသကို၊
အနတ္တ-မှတ်ကြလူတို့ကို။

၂။ သုံးဆဲ့တဝ-နေကြသူတွေ၊
မရဏမင်း-လက်တွင်းရောက်ပေ၊
တချက်မိက-စိစိမွကြေ၊
တနေ့ကျ-သေရမှန်မသွေ။

ဤသည်လျှင် မရဏာနုဿတိ ပွားများပုံ ပြီး၏။

## မိမိကိုယ်ကို စစ်ဘမ်းထုတ်၍ ဆုံးမရန် သံဝေဂလင်္ကာ

၁။ ဟယ်-ငါ့ခန္ဓာ၊ ရှုကြည့်ပါလျှင်၊ ငါ့မှာမေ့ကြား၊ တရားမထုံ၊ အမှားသုံ၍၊ ညက်ဟုန်နှင့်ဝေး၊ စားသောက် ရေးနှင့်၊ ပျော်ရေးကသာ၊ ငါများရှာ၏၊ ငါ့မှာရက်ပြုန်း၊ အချိန်ဖြုန်း၍၊ လုံးလုံးမချော်၊ ငါ့ခေါင်း ပေါ်မှာ၊ ဆံတော်ဖြူခြင်း၊ သေမင်းအောင်သံ၊ နှတ်တမန်ဟို၊ အမှန်စိုက်ထူ၊ တလူလူတည်း၊ ငါ့မူငါ့ကိုယ်၊ ခန္ဓာပျိုလည်း၊ ယွင်းယို အိုဆိုး၊ ဖိနှိပ်ချိုး၍၊ သွားကျိုးနားထိုင်း၊ မျက်စိမှိုင်းပြီး၊ ဟုတ်တိုင်းမမြင်၊ သွားလာလျှင်လည်း၊ ပျိုစဉ်တုန်းခါ၊ မဟုတ်ပါဘဲ၊ နှေးကြာအားနဲ၊ ရေတွန့်တွဲလျက်၊ မွဲစွဲချည့်ပိန်၊ စားစမြိန်သည်၊ သေချိန်ရောက်ဖို့-နီးပြီဘည်း။

၂။ သေချိန်ရောက်က၊ ကုသလကို၊ ပြုမှတော်မည်၊ စိတ်ကရည်လျက်၊ တည်ကြည်အားထုတ်၊ နှင့်အလုပ်ဟု၊ မဆုတ်တမ်းခဲ၊ စစ်ခမြဲထဲ၍၊ အောင်ပွဲကိုယာ၊ ငါလုရှာဓေတာ့၊ သို့ပါမဟုတ်၊ အားမထုတ်ဘဲ၊ ဇလုပ်ဝဲ၍၊ မြုပ်မြဲဖန်ခါ၊ မေ့လျော့ကာနှင့်၊ ဘေရွာတွင်းကြီး၊ ရောက်လုနီးမှ၊ မြေးက တသွယ်၊ မြစ်ကတွယ်လျက်၊ ဖွစ်ဖွယ်ကာသီး၊ ဒဲချစ်မီးတို့၊ ပွားစီး နှင်နှင်၊ အလွန်ခင်တည်း။ ။သို့ပြင်တနည်း၊ သားသမီးနှင့်၊ ဇနီးတသွယ်၊ ငါမတွယ်နှင့်၊ ငါတွယ်ပြန်လျှင်၊ အမှောင်ဝင်၍၊ ငါပင်မိုက်မှား၊ ငါမသနားသို့၊ ငါကားအပါယ်၊ ငါပင်ဆွယ်သည်၊ ငါဝယ်သေဘို့ ခက်မည်ဘည်း။

၃။ ငါဝယ်သေငြား၊ ဉစ္စာများလည်း၊ တပြားမပါ၊ ကိုယ်ချည်းသာတည်း၊ ငါ့မှားသားမယား၊ ရှိတုံငြားလည်၊ ငါ့အားမကာယ်၊ မချစ်တွယ်ဘူး၊ ငါ့ဝယ်ဒုက္ခ၊ ငါခံရ၏။ ခုကကြိုတင်၊ တရားဆင်၍၊ မငွင်ရယား၊ ငါပြုငြားမှ၊ ငါးကားနိဗ္ဗာန်၊ ရောက်မည်မှန်တည်း၊ မရောက်ပြန်ငြား၊ သုခပွားဘို့၊ ဆယ်ပါးသုစရိုက်၊ ငါပြုလိုက်မှ၊ အမိုက် ပျောက်ပြယ်၊ အလင်း

နယ်သို့၊ ရောက်ဝယ်ခုခါ၊ ငါချမ်းသာမည်၊ သံသရာဘဝ ဆက်ဆက်တည်း။

ဤသည့်လျှင် မိမိကိုယ်ကို စစ်တမ်းထုတ် သံဝေဂလက်ာ ပြီး၏။

---

## အနိစ္စလက္ခဏာ ယှဉ်ပြချက် တရားတော်

အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒ ဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဘောဂန္တော၊ ရှင်တော် ဘုရား၏ ရုပ်ကလာပ်နား၌ ဝပ်တွား ခိုညောင်း အို-လူအပေါင်းတို့။ သင်္ခါရာ၊ ဖြစ်ကြလျှင်ပျက်,ဆက်ကြ လျှင်ဒုက္ခ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာဝတ၊ ခန္ဓာတွေ မမြဲဘဲ သေပွဲသို့ခဏခဏဝင်ရသောကြောင့် ထြော်အမြဲ မရှိကုန်လေ စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ပြီးလျှင်ပျောက် ဌီသို့ ရောက်၍ ဖြတ်ခနဲပျက်ကြသောသဘောရှိကြလေ၏။ ဥပ္ပဇ္ဇိတွာ၊ ရုပ်နာမ်ဟူသမျှ သူ့သဘာဝ ဖြစ်ကြရကုန်ပြီး၍၊ နိရုဇ္ဈန္တိ၊ ဘယ်သူမှ တားလို့မရ၊ ဆီးလို့မရ ချုပ်ကြရ,ပျက်ကြရလေကုန်၏။ တေသံ၊ ထိုတားမရဆီးမနိုင် ကံမခိုင်ဆိုးလှ၍ အစိုးမရတဲ့ သင်္ခါရတရားတို့၏။ ဝူပသမော၊ အပူ ခါတ်သိမ်း၍ ငြိမ်းလှစွာသော နန်းနိဗ္ဗာန်သည်သာလျှင်၊ သုခေါ၊ ဘယ်ချမ်းသာနှင့်မှမတူ အလွန်ပင်မြေ၍ ဘေးမခဘဲ ချမ်းမြေ့လှပါ သတည်း။

သိကြားမင်းရွတ်ဆို၍ပြတဲ့ ဂါထာပါဘဲ၊ အဓိပ္ပါယ် ကတော့ တလောကလုံးရှိသမျှ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် အမြဲတည်တံ့၍ မနေကြပါ ဘူးကွဲ့၊ ထိုရုပ်နာမ်ဓမ္မ သင်္ခါရတို့ မဖြစ်မှသာလျှင် ချမ်းသာတော့မယ်၊ ထိုစကားမှန်၏။ ခန္ဓာတို့သဘော ဓာတ်တို့ သဘော ဖြစ်ပျက် ဖြစ်ပျက်၍နေခြင်းကြောင့် ချမ်းသာငြိမ်းတယ်လို့ မဆိုနိုင်ဘူးပေါ့။ ဒါကြောင့်မို့ ဥပ္ပါဒဝယ ဓမ္မိနော-လို ဟပ်ပြ ထားတယ်။

သို့ရုပ် နာမ်ဓမ္မ သင်္ခါရ တို့သည် ဖြစ်တတ် ပျက်တတ်လျှင် ဘာကောင်းသလဲ အပြဲနေတဲ ဖြစ်ပျက်ဖြစ်ပျက်၍သာ နေတယ်

ဆိုလျှင် အနိစ္စကြီးပေါ့၊ မဖြစ်ပါနဲ့ဆိုလို့မရဘူး၊ သူ့သဘောအတိုင်း ဖြစ်မှာဘဲ၊ဖြစ်လျှင်ဘာပြုသလဲဖြစ်လျှင်ပျက်လိုက်မှာပေါ့ဒါ၊ကြောင့် ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ ဟုပြထားပြန်တာပေါ့။ လိုရင်းမှာတော့ ဖြစ်တယ် ဆိုတာဇာတိတခုဘဲ ပျက်တယ်ဆိုတာလဲ ဇရာမရဏပေဘဲ ဇရာ, မရဏ ဇာတိတရားတို့သည် ဒုက္ခမီးကြီးတို့မည်တယ်။ ဒါကြောင့်မို့ ဓမ္မစက္ကပဝတ္တနသုတ်၌ (ဣဒံခေါပန ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ ဇာတိပိ ဒုက္ခာ၊ဇရာပိ ဒုက္ခာ ဗျာဓိပိဒုက္ခော မရဏမ္ပိဒုက္ခံ)စသည်ဖြင့် ဟောကြားတော်မူလေသည်။

ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ဘယ်မှာလျှင် သုခအစစ်ရှိမည်နည်း ဒုက္ခတရားတို့ သာတည်း။ ထိုရုပ်နာမ် ဓမ္မသင်္ခါရ မရှိမှသာလျှင် ချမ်းသာသုခအစစ်ကြီးဖြစ်ပေတယ်။ အရိယာဝင် သူတော်စင်တို့က ရုပ်ခေတ် နာမ်ခေတ်တို့ တဖြတ်ဖြတ်ဖြစ်ပေါ်၍နေတာကို မီးနှင့် တွေ့သလို ငြီးငွေ့တော်မူကြတာပေါ့။ နိဗ္ဗာန် ဆိုတာကတော့ ရုပ်ထူး နာမ်ထူးတို့ရှိတယ်လို့ အချို့က သဘောယူဆလွဲ၍ နေကြ သေးတယ်။ စင်စစ်မှာ ရုပ်ထူးနာမ်ထူးမရှိကြပါ။ ရှိလျှင်ရုပ်နာမ်၏ နှိပ်စက်ခံရလိမ့်မယ်၊ ရုပ်နာမ်၏ အနှိပ်စက်ခံရလျှင် ဘယ်မှာလျှင် သုခရှိမှာလဲ ဖြစ်ပျက် ဖြစ်ပျက်၍သာ နေအုံးမှာပေါ့။ ရုပ်ထူး နာမ်ထူးမရှိလို့သာ အနှိပ်စက်မခံရဘဲ ငြိမ်းခြင်းလက္ခဏာ သန္တိ ဆိုတဲ့ ခေတ်သို့ရောက်ရတာပေါ့။ ဒါကြောင့်မို့ တေသံ ဝူပသမော သုခေါ ဟု ပြထားပြန်တယ်။

## အနိစ္စဘာဝနာ သံဝေဂလင်္ကာ

အနိစ္စဆို၊ ခန္ဓာကိုယ်လည်း၊ ယွင်ယိုပျက်စီး၊ ပျက်ချိန်နီးက၊
ပျက်စီးကြရှာ၊ ဓမ္မတာတည်း၊ ခန္ဓာကာယ၊ , အနိစ္စကို၊
နိစ္စမြဲထင်၊ အမှန်ပင်ဟု၊ ဉာဏ်ယှဉ်မနှော၊ သံသာကြောတွင်၊
နစ်မြောဖန်ခါ၊ ဆင်းရဲရှာ၏။ ။ဘယ်မှာနိစ္စ၊ ရှာမရဘဲ၊
မရဏ်တွင်း၊ ပျက်စီးခြင်းနှင့်၊ ပျောက်ခြင်းတဖြာ၊ မရှိတာကို၊
ရှိတာထင်မှတ်၊ ပရမတ်တို့၊ တဖြတ်ဖြတ်ပျောက်၊ အသစ်
ရောက်၍၊ ဉာဏ်နှောက်ဖွေရှာ၊ ရှုကြည့်ပါလျှင်၊ စလာ

သင်္ခတ၊ ဝိဘဝနှင့်၊ အခုဝသဘော၊ ရွှေကာလျှော်တည်း။ မက်မောဘဝ၊ ဤကာယကို၊ နိစ္စမရှိ၊ သမုတိနှင့်၊ ရှုကြည့်ပြန်သော်၊ အမှန်ပေါ်လိမ့်၊ မလျော်နာမ်ရုပ်၊ ဇီဝိန်ချုပ်လျှင်၊ ငုတ်တုပ်မနေ၊ စင်းစင်းသေ၍၊ ထလေမသွား၊ သွီးသားကာ၊ အနားကအော်၊ တကျော်ကျော်နှင့်၊ ခေါ်ပါသော်လဲ၊ လှုပ်ဖော်မရ၊ ဥတုဇက၊ နှုတ်ဟစကား၊ ပြန်မကြားတဲ၊ သနားစရာ၊ နေရရှာ၏။ ။ခန္ဓာကိုယ်ရုပ်၊အကောင်ပုပ်ကို၊ စက်ဆုပ်ရွံရှာ၊ ဤလူ့ရွာနှင့်၊ ဘယ်မှာမတော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ ရန်တွေပြန်၍၊ သုသာန်တစ၊ သင်းချိုင်းဝသို့၊ ဆွဲချပစ်ကာ၊ မတွယ်တာသည်၊ ဩော်-ဘယ်မှာနိစ္စ မရှိပါတကား၊ အနိစ္စခန္ဓာကိုယ်။

## ဝိပဿနာဘာဝနာ ၄၀-တို့တွင် ဆယ်ချက်သော အနိစ္စလက္ခဏာကား

သဗ္ဗေ သင်္ခါရာ အနိစ္စာ အခုဝါ အသာရာ စလာ ပလောကဓမ္မာ ဝိပရိဏာမဓမ္မာ မရဏဓမ္မာ ဝိဘဝဓမ္မာ သင်္ခတာ ပဘင်္ဂုနော။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ အခုဝါ၊ ခိုင်မာခြင်းသဘောမရှိကုန်။ အသာရာ၊ အနှစ်မရှိကုန်။ စလာ၊ ရွေ့ရှားတတ်ကုန်၏။ ပလောကဓမ္မာ၊ ပျက်စီးခြင်း သဘောရှိကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်းသဘောရှိကုန်၏။မရဏဓမ္မာ၊ သေဆုံးခြင်းသဘောရှိကုန်၏။ ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်း သဘောရှိကုန်၏။ သင်္ခတာ၊ အဖန်ဖန်ပြုပြင်အပ်ကုန်၏။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘောရှိကုန်၏။ ဣတိ၊ ဤသည်လျှင် အနိစ္စလက္ခဏာ တရားပေတည်း။ ။ အရကျက်၍ ညနံနက်ရွတ်ကြလေ။

ကိုင်း-အဲဒီ အနိစ္စချက်ကို ပိုင်ပိုင်ကြီးမမြင်နိုင်လို့ ဒုက္ခမဆုံးနိုင်တာပေါ့၊ အနိစ္စချက်ကိုပိုင်ပိုင်ကြီး ရုပ်နာမ်တို့အပေါ်မှာ တွေ့မြင်လျှင် ဒုက္ခချက်,အနတ္တချက်တို့ တခါထဲအတွင်းဝင် သွားတာပါဘဲ၊

အနိစ္စချက်ပိုင်လျှင် ဒုက္ခ,အနတ္တတို့ အတွင်းဝင်၍ ထင်နိုင်, မြင်နိုင်ကြောင်းများကိုလဲ (အင်္ဂုတ္တရ အဋ္ဌကထာကြီးမှာ) ပြထားပေတယ်။

ဒါကြောင့် အနိစ္စချက်ကို ပိုင်အောင် ဝိပဿနာ အလုပ်စခန်းကြီးသို့လှမ်း၍ တက်ကြရပေတယ်၊ အနိစ္စချက် မပိုင်နိုင်တာလဲ ပညတ်သုံးပါးကဖုံး၍ထားပြီး ကမ္ဘာ့မျက်လှည့်ဖြင့် သတ္တဝါတွေကို လိမ်ထားတယ်၊ စင်စစ်မှာ ပညတ်ကား ထင်ရှားမရှိ၊ ပရမတ်သာ ထင်ရှားရှိတယ်၊ ဒီပရမတ်ကိုမတွေ့ဘဲ ပညတ်နှင့်သာတွေ့ပြီး အနိစ္စ မထင်နိုင်ကြတာပါဘဲ။

ဥပမာ-ရွှေတိဂုံဘုရားကြီးမှာ သဏ္ဌာနဖြင့် ထင်မြင်နေကြတာက ချွန်ချွန်ကြီးတည်းဟူသော ပုံသဏ္ဌာန်ကြီးကို မြင်နေကြရတယ်၊ဒါဟာ သဏ္ဌာနပညတ်ကို မြင်နေတာပေါ့၊ အဲဒီသဏ္ဌာန်ချွန်ချွန်ကို အုဋ်ခဲတွေ တခုနှင့်တခု ပေါင်းထားတာကြောင့် ဝါ-ပရမာ ဏုမြူ ရုပ်ကလာပ်တွေ ပေါင်းထားတာကြောင့် လက်သဲနဲ့ ဘုရားနား ကပ်ပြီးတော့ ဖဲ့လိုက်တော့ လက်သဲထဲမှာ ပါလာတဲ့ အုဋ်ကလာပ် မြေမှုံ့မှာ ရွှေတိဂုံ ဟုတ်ပါသလား မေးတော့ မပြောတတ်အောင် ခက်ကြရောပေါ့၊ ကိုင်း-ဒါဖြင့် ရွှေတိဂုံမပါလျှင် အုဋ်ကလာပ်မှုံ့ ကလေးတွေ တခုနှင့်တခု များစွာပေါင်းထားလို့ သမူဟပညတ်က ဖုံးထားပြန်၍ သမူဟကိုသာ မြင်နေရတာကို ပေါလောကြီးပေါ် လာပြန်တာပေါ့၊ အဲဒီရွှေတိဂုံ ဘုရားကြီးမှာ ခဏခဏ ဖြစ်ပျက် ဖြစ်ပျက်၍ နေကြတာကို ဘာပြုလို့မမြင်သလဲ၊ နောက်က ထပ်ခါ ထပ်ခါ ဆက်ခါဆက်ခါ အစဉ်မပြတ် ပုံတူ, ခန္ဓာတူ ဖြစ်နေတဲ့ သန္တတိပညတ်က ဖုံးလွှမ်းထားပြန် သောကြောင့် သန္တတိပညတ်ကိုသာလျှင် မြင်နေကြ၍ အနိစ္စ မမြင်နိုင်ကြကုန်။ (ဒါကြောင့်မို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးက)။

(က) ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို နှလုံးသွင်းခြင်းကြောင့် ၎င်း၊ အစဉ်မပြတ်ဖြစ်နေသော သန္တတိကဖုံး လွှမ်းခြင်းကြောင့်၎င်း အနိစ္စသဘောကို မထင်နိုင် မမြင်နိုင်ကြကုန်။

ရှစ်လုံးဘွဲ့

၁။ ရုပ်နာမ်ဖြစ်ပျက်-ကြည့်လျက်မပိုင်၊
ခါခါထပ်ထပ်-မလပ်ဖြစ်နိုင်၊
သန္တတိက-ဖုံးဖိလို့ထိုင်၊
အနိစ္စ-ဒိဋ္ဌမမြင်နိုင်၊
ဝိသုဒ္ဓိ-ထုတ်ရှိကျမ်းအခိုင်။

၂။ ရုပ်နာမ်အပေါင်း-ထောင်သောင်းကုဋေ၊
ဖြစ်လိုက်ပျက်လိုက်-ချုပ်လိုက်တည်နေ၊
ဖြစ်ပျက်ဝဋ်ကိန်း-လွတ်ငြိမ်းအောင်မြေ၊
အထွဋ်ဆုံး-လွတ်ရန်းကြတော့လေ။

အဲဒီ သန္တတိကို ဖြတ်နိုင်ပါလျှင် အနိစ္စချက် ပိုင်တော့သည်။ အနိစ္စချက် ပိုင်လျှင် ဒုက္ခချက်, အနတ္တချက်တို့ ပိုင်ပြန် တော့၏။ ဝေါဟာရအနိစ္စ သမုတိအနိစ္စတို့ကား ထင်လွယ်,မြင်လွယ် တတ်ကြတယ်၊ ပရမတ်အနိစ္စကိုကား မထင်လွယ်,မမြင်လွယ်၊ မဟာ အခက် တော်ကြီးတခုပါဘဲ၊ တနေ့တခြား တဘဝထက်တဘဝ ခရီးရောက် အောင် အားထုတ်သင့်ပေတယ်။

ဤကား အနိစ္စလက္ခဏာတရား ပြီး၏။

---

ဒုက္ခ လက္ခဏာယာဉ်ပြချက် တရားတော်

ဒုက္ခတရား ဆိုတာ ခန္ဓာငါးပါး လက်ခံထားရင် ဒုက္ခတရား အစစ်ကြီးဖြစ်တယ်၊ ဒုက္ခတွေ အနန္တများပြားလှသော်လဲ ဥပါဒါန် ခန္ဓာငါးပါး၌သာ ချုံးလိုက်တော့ ဒုက္ခငါးမျိုးပါဘဲ၊ ဒါကြောင့်မို့ (ဓမ္မစက္က ပဝတ္တနသုတ်က) အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ နလဗ္ဘတိ တံပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ)ဟူ၍ ဟောပြတော်မူတယ်။

ဥပမာကတော့-လက်မှာမီ လောင်တယ်ဆိုပါတော့ အလောင် ခံရတာက ရုပ်တရားအစစ် ဖြစ်တယ်၊ မီးကလဲ ရုပ်တရားဖြစ်တယ်၊ ရုပ်အချင်းချင်း ထိခိုက်တော့ တွေ့ထိခြင်း ဖဿ နာမ်ဖြစ်ပေါ်

လာတယ်၊ ဖဿ ဖြစ်ပေါ်လာတော့ ခံစားမှု ပူလောင်တဲ့ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်၊ ဝေဒနာ ဖြစ်ပေါ်လာတော့ နာတယ်ဆိုတဲ့ မှတ်သားမှု သညာ ဖြစ်ပေါ်လာ ပြန်တယ်၊ အဲဒီဝေဒနာသညာကို စေ့ဆော်ကြောင့်ကြပြုပြင်မှု သင်္ခါရကဖြစ်ပေါ်လာတယ်။ ပူတယ်,လောင်တယ်,နာတယ်စသည်ကို သိမှုကြီးဝိညာဏ်က တကွဖြစ်ပေါ်၍လာပြန်တယ်။

အဲဒါကြောင့်မို့ မီးလောင်ခံရတဲ့ ရုပ်ထဲမှာ ငါမပါဘူး၊ တွေ့ထိတဲ့ ဖဿထဲမှာငါမပါဘူး၊ ခံစားမှုဝေဒနာထဲမှာ ငါမပါဘူး၊ မှတ်သားမှုသညာထဲမှာ ငါမပါဘူး၊ စေ့ဆော်ကြောင့်ကြမှု သင်္ခါရထဲမှာ ငါမပါဘူး၊ တွေ့ထိမှု,သိမှုထဲမှာ ငါမပါဘူး၊ ခန္ဓာငါးပါးဓာတ်တရားတို့သာ အဆင့်ဆင့်သဘာဝ ဓမ္မတို့သာ ဖြစ်ပေါ်၍နေကြလေတယ်၊ သူ့သဘာဝအတိုင်း ဖြစ်ပျက်၍ ခံစားသွားကြလေတယ်။

ဒါကြောင့် ဒုက္ခတွေဆိုတာ ဒီခန္ဓာငါးချက် သံလျက်ကြီးတွေပါဘဲ၊ ဝရဇိန်လက်နက် ခန္ဓာငါးချက်တခုပါဘဲ၊ ဓား,လှံနဲ့ တူတဲ့ခန္ဓာပါဘဲ၊ သံတံကျင်နဲ့တူတဲ့ ခန္ဓာပါဘဲ၊ မီးပုံကြီးနဲ့တူတဲ့ ခန္ဓာပါဘဲ၊ ဝန်ထုပ်ကြီးနဲ့တူတဲ့ခန္ဓာပါဘဲ၊ အိမ်,ပျက်မြှုပျက်ကြီးနှင့် တူတဲ့ခန္ဓာပါဘဲ၊ သူပုန်,ဓားပြနဲ့တူတဲ့ခန္ဓာပါဘဲ၊ အဲဒီ ခန္ဓာငါးပါးဟာသူ့သူငါငါအပေါ်မှာ ဒုက္ခတွေပေးနေတာဘဲ၊ ခန္ဓာငါးပါး မချုပ်သမျှမအေးဘူး၊ ခန္ဓာငါးပါးချုပ်မှ ဒုက္ခအေးမယ်။

### ဒုက္ခလက္ခဏာယာဉ်ပြချက်

ဒုက္ခော ဘယာနကော လောကေ၊ သဗ္ဗေသံ မတိမဒ္ဒနော၊
တေန ဒုက္ခံ အနုဘောန္တိ၊ တသ္မာ သောဓေယျ ပါပကံ။

ဘောန္တော၊ သင်္ခါရနယ်အတွင်းမှာ ဒုက္ခနှင့် မလွတ်ကင်းနိုင်ဘဲဖွက်အတင်းပျော်ပါး အို–လူအများတို့။ လောကေ၊ ဖြစ်ကြလျှင်ပျက်ဆက်ကြလျှင် ဒုက္ခ ဘယ်ဟာမှမချမ်းသာ နယ်အမတာ တွေနှင့်စခန်းကအကွာ ဘရမ်းဘတာ ဖြစ်ချင်တာတွေ ရှိသမျှ တစိကမှမကျန်ရအောင် ဖြစ်ချင်းတိုင်း ဖြစ်ပြီးနေကြတဲ့ ငါတို့လောကကြီး

ထဲ၌။ ဒုက္ခော၊ သားရေး, သွီးရေး, စီးပွားရေးနှင့် ကြီးပွားရေးတွေကလဲ တဒုက္ခ ရောင်းရေး, ဝယ်ရေး,လုပ်ကိုင်ရေးနှင့် နေရေး, ထိုင်ရေးတွေကလဲတဒုက္ခ လင်ရေး, မယားရေး, စပါးရေးနှင့် အခြားအရေးတွေကလဲတဒုက္ခ အိုဘေး,နာဘေး,သေမဲ့ဘေးနှင့် သံသရာနောင်ရေး အလွန်လေးတဲ့ ပြေးလို့မလွတ်နိုင်တဲ့ဒုက္ခ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်နှင့် အဆက်မပြတ်လှည့်ကာ လှည့်ကာ ဆုံလည်သည့်နွားပမာလို အိုတာကအဖုံဖုံ နာတာကအစုံစုံ သေတာက အလုံးစုံဘယ်ဘုံမှာမှ မလွတ်တုံ ဝဋ်(၃၁)ဘုံမှာ စုန်လိုစုန် ဆန်လိုဆန်တက်လိုတက် ပြန်လိုပြန် ကေန်အမှန်မှချ ဘဝမမြဲဖြစ်မြဲမို့ ဝဋ်ထဲသံသရာ ဖြစ်ချင်တာတွေရှိသမျှ ဖြစ်ဖြစ်သမျှမချမ်းသာ မချမ်းသာသမျှ ကိုယ်စိတ်မကြည်လင် ဖြစ်ချင်သလို အတွင်ဖြစ်နေကြတဲ့ ဒုက္ခတွေသည်။ ဘယာနကော၊ ကမ္ဘာတွေအနန္တ သတ္တဝါတွေမှန်သမျှဖြစ်တိုင်း ဖြစ်တိုင်း ဘဝမှာ မညှာမတာ ကြိပ်လျက် နှိပ်စက်ကာနှောက်ရှက် လေသောကြောင့် ကြောက်မက်ဖွယ် ကောင်းလှလေကုန်၏တကား။ ဒုက္ခော၊ ဘဝတိုင်း မသက်သာ နှောက်ရှက်ခါအတွင်ကြိပ်လျက် နှိပ်စက်တဲ့ဒုက္ခတွေသည်။သဗ္ဗေသံ၊ခန္ဓာငါးပါးကတရားခံကောင် ငယ်သူ့,ရွယ်သူ ဘယ်သူမရှောင် ကြီးတဲ့ သူတွေလဲပစ္စည်းရှိသူ မလွတ်ပေါင် မရှိသူ, မွဲသူ မရှောင် မော်မောက်တဲ့ပညာရှိသူ-မရှိသူ ကဝိတဆူမရှောင် ဂုဏ်မောက်တဲ့ မင်းလုပ်သူမလုပ်သူ အသွင်မတူ ဘုရင်တဆူ မရှောင် ပါဝါရှိတဲ့ ဈာန်ဝင်သူမဝင်သူ ရသေ့တမူ နတ်လူပြဟ္မာမရှောင် တန်ခိုးကြီးတဲ့ မဂ်ဖိုလ်ရသူမရသူ ကမ္ဘာကလူလူ စိမ်းသူကျက်သူမရှောင် ခန္ဓာငါးပါး ရှိတဲ့....

မြဲ့ားမြောင်သချ်ာ သူရောငါးပါ သတ္တဝါခပင်း မကျန် ကြွင်းဘဲ ၃၁-ဘုံဝဋ်အတွင်း၌ ဇွတ်နင်းပျော်ပါ သတ္တဝါများကို။ အဘိမဒ္ဒနော၊ အစိမ်းလဲစားမယ် အကျက်လဲစားမယ် သနားစဖွယ် တရားမရှိသဖြင့် ဘိစီးနှိပ်စက်လေတော့၏။ တေန၊ ထို့ကြောင့်။ ဒုက္ခံ၊ ဘယ်သူမပြု ကိုယ်ပင်ပြုတဲ့ ကိုယ့်အမှု ကိုယ်ထောင် ကိုယ့်မီးတွေကိုယ်ကိုလောင် ပြေးလို့လဲ မလွတ်နိုင်အောင် ပုန်းလို့လဲမလွတ်နိုင်အောင် အလွန်တရာ မြဲ့ားမြောင်လှတဲ့ဒုက္ခတွေကို။ အနုဘောန္တိ၊

ဝိုကာယိုကာ စောင်းကာမဲ့ကာ ဟစာစာနှင့် ဖြာဖြာသည်းအူ ညည်းညူကာခံစား၍နေကြလေကုန်၏။ တသွာ၊ ထိုတေဘူမကံဝင်္ဂ အတွင်းမှာဖြင့် ဆွေးသူမခံနိုင်အောင် ဒုက္ခနှင့် ညှဉ်းလိုက် ပုံက အတင်းအဓမ္မမီးနှင့်တွေ့သလို ငြီးငွေ့စရာကောင်းတဲ့ သဘောတွေ ကြောင့်။ ပါပကံ၊ ဘဝတိုင်း အချုပ်အခြာ မဟုတ်တာ အတုလိုက် ယုတ်မာတဲ့ ဒုစရိုက်တွေကို။ သောဓေယျ၊မသိဘူး မမြင်ဘူးဆိုတာ အကောင်းကြီးလုပ်ပြီး ခေါင်းငုံ့ကာ မနေကြလေနဲ့ အသိဉာဏ်တွေ အဟုတ်ထင်အောင် သုတ်သင်လိုက်ကြပါအုံးတော့။ သောဓေယျ၊ ကမ္မဋ္ဌာန်းအလုပ်နှင့် သူတို့ကြောင့် အစွမ်း မထုတ်နိုင်ဘူး လမ်း မဟုတ်တဲ့ အမှားအယုတ်တွေကို တခြားသို့ထုတ်နှင်၍ သုတ်သင် ရှင်းလင်းကြရလေတော့သတည်း။

ခန္ဓာငါးပါးကလက်ခံထားလျှင် ဒုက္ခဖြစ်တော့မှာဘဲ ကြောက် မက်ဘွယ်ကောင်းလို့ ဒုက္ခောဘယာနကောဟု ဆိုထားတာပေါ့။ ကြောက်စရာကောင်းဘဲ နေပမလား သူဌေးသူကြွယ် ကုန်သယ် လယ်လုပ်မရှောင် မင်းမရှောင် စိုးမရှောင် စိမ်းတဲ့သူတွေ မဆိုထား နှင့်တော့ မဂ်ဖိုလ် တည်းဟူသော ဥပနိဿယကို ရကြတဲ့ အကျက် တွေကိုတောင် အစိမ်းလိုက် ဝါးစားပြီး နှိပ်စက် နေကြတယ်။ ဒါကြောင့်မို့ သဗ္ဗေသမတိမဒ္ဒနောဟု ပြထားတာပေါ့။ဒီလိုဒုက္ခတွေ ဖြစ်နေတာလဲ သူများက လာပေးတာ မဟုတ်ပါဘူး၊ ကိုယ်က ပြုပြင်လို့ဖြစ်ရတာပေါ့၊ ဒါကြောင့်မို့ တေနဒုက္ခံ အနုဘောန္တိ-ဟု ပြထားပြန်တယ်။

## ဒုက္ခဘာဝနာ သံဝေဂလင်္ကာ

တေဘူမကံ၊ ဘုံသုံးတန်တွင်၊ ဖြစ်ပြန်ဘဝ၊ နာနတ္တနှင့်၊ ကေတ္တပေ၊ ဘဝတွေမှာ၊ သင်္ချေမက၊ ရေတွက်ဆလျှင်၊ ဒုက္ခမှန်စွာ၊ မကုန်သာတည်း။ ။ဘယ်မှာသုခ၊ ရှာမရဘဲ၊ ဘဝဇာတိ၊ ဇရာဘိပြီး၊ဗျာဓိလက်ချက်၊ သူနှိပ်စက်၍၊ရုပ်ပျက် နာမ်တွေ၊ ခန္ဓာတွေမှာ၊ ဒုက္ခေဓမ္မ၊ ရှုပ်ပွေကြ၏၊ သုခ ဆိုတာ၊ မရှိပါ၍၊ လူ့ရွာဒေသ၊ ဘုံဌာနတွင်၊ ကာမ ညွှတ်ကွင်း၊ မလွှတ်ကင်းဘဲ၊ ဝဋ်တွင်းသံသာ၊ နစ်မြုပ်ရှာတဲ့၊

စားရာဒုက္ခ၊ ပူသောကနှင့်၊ ဝတ်ရတသီး၊ ရှာမပြီးတဲ၊ သမီးတဖုံ၊ လင်စုံမယား၊ မိးခတွပွား၍၊ မြေးသားဒုက္ခ၊ ပူပင်ရတည်း။ ။ထိုမှတမူ၊ ချစ်သောသူနှင့်၊ အတူမနေ၊ ခွဲခွါပေ၍၊ လွမ်းလေနေ့ည၊ အောက်မေ့ကြလျက်၊ ဒုက္ခတမူ၊ ဆိုတုံယူလေ့၊ မုန်းသူနှင့်သာ၊ နေရပါလဲ၊ ဒုက္ခာတဝ၊ မြင်တိုင်းရ၍၊ ဒေါသပူပင်၊ မချမ်းအင်တည်း။ လိုအင်ဆန္ဒ၊ မိုက်လောဘနှင့်၊ ဒေါသခြံရံ၊ စည်းစိမ်မှန်ကို၊ ကေန်ပြည့်ဝ၊ ရလိမ့်ကြဟု၊ ရအုံနိုးနိုး၊ ရနိုးနိုးနှင့်၊ မျှော်ကိုးလိုက်ကာ၊ မရသာတဲ၊ ကံကြမ္မာပေး၊ မရောက်သေးလို့၊ နှောင့်နှေးတွေ့ကြုံ၊ မပြည့်စုံလျှင်၊ ဆွေ့ခံမှိုင်ကျ၊ ပူဒုက္ခနှင့်၊ ဆဲ့တဝမီးလုံး၊ တဟုံးဟုံးတို့၊ အုံးအုံးကြွက်ညံ၊ လောင်ကျွမ်းပြန်သည်။ ဩော်–ကေန်သုခ မရှိပါကလား၊ ဒုက္ခခန္ဓာကိုယ်။

## ရှစ်လုံးဘွဲ့

၁။ အဟောဝတ–လောကဘုံဌေ၊
တွေ့ကြုံဆုံကွဲ–မလွဲနိုင်ချေ၊
မုချဒုက္ခ–ရှုပ်လှဆူဝေ၊
ဝေးပါရဲ့–တွေ့နိဗ္ဗူပြေ။
၂။ ဆုံလိုက်ကြုံလိုက်–ဘုံ၌ဖြစ်ထွေ၊
သူတဲ့ငါတဲ–ယူစွဲကာနေ၊
ဝဋ်ထဲမလွတ်ဘဲ–ဇွတ်တွဲပျော်သလေ၊
ဝေးပါရဲ့–တွေ့နိဗ္ဗူပြေ။

## ဝိပဿနာဘာဝနာ ၄၀–တို့တွင် ၂၅–ချက်သော ဒုက္ခလက္ခဏာကား

သဗ္ဗေသင်္ခါရာဒုက္ခာ ဘယာ ဤတိ ဥပဒ္ဒဝါ ဥပသဂ္ဂါ ရောဂါ အာဗာဓာ ဂဏ္ဍာ သလ္လာ အဃာ အတာဏာ အလေဏာ အသရဏာ အာဒီနဝါ အဃမူလာ ဝဓကာ သာသဝါ မာရာမိသာဇာတိဓမ္မာ ဇရာဓမ္မာ ဗျာဓိဓမ္မာ သောကဓမ္မာ ပရိဒေဝဓမ္မာ ဥပါယာသဓမ္မာ သံကိလေသိကာဓမ္မာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဒုက္ခာ၊ ပင်ပန်းနွမ်းညှိုး အဆင်းရဲမျိုးတို့ သာတည်း။ ဘယာ၊ ကြောက်ဘွယ်ညစ်ဆိုး ဘေးရန်မျိုးတို့ သာတည်း။ ဤတိ၊ ထိတ်လန့်စဘွယ် အန္တရာယ်မျိုးတို့သာတည်း။ ဉပဒ္ဒဝါ၊ ကပ်ရပ်နှိပ်စက်ဘတ်သော ဉပါဒ်အန္တရာယ် မျိုးတို့သာတည်း။ ဉပသဂ္ဂါ၊ တွယ်တာစွဲကပ် နှိပ်စက်ဘတ်သော အန္တရာယ်မျိုးတို့ သာတည်း။ ရောဂါ၊ ဝဋ်ကြမ္မာဆိုး ရောဂါမျိုးတို့ သာတည်း။ အာဗာဓာ၊ ဝဋ်ကြမ္မာဆိုး အနာမျိုးတို့သာတည်း။ ဂဏ္ဍာ၊ ဝဋ်ကြမ္မာဆိုး အိုင်းအမာမျိုးတို့ သာတည်း။ သလ္လာ၊ စူးဝင် ငြောင့်မျိုး ဒုက္ခမျိုးတို့ သာတည်း။ အဃာ၊ အကျိုးယုတ် အကျိုးမဲ့မျိုးတို့ သာတည်း။ အတာဏာ၊ စောင့်ရှောက် မဲ့ကင်း အိမ်တွင်း စုံထောက်တို့သာတည်း။ အလေဏာ၊ ကွယ်ကာမဲ့ကင်း အိမ်တွင်းရန် သူသတ်တို့သာတည်း။ အသရဏာ၊ ကိုးကွယ်ရာမဲ့ကင်း အိမ်တွင်းသူတို့သာတည်း။ အာဒီနဝါ၊ ဖြစ်နေသမျှအပြစ်စုတို့သာတည်း။ အဃမူလာ၊ ဆင်းရဲခြင်း၏ အဖြစ်တို့ သာတည်း။ ဝဓကာ၊ သတ်တတ်သော အမျိုးတို့သာတည်း။ သာသဝါ၊ အာသဝေါ တရား ၄-ပါးတို့၏ အစီးအပွားတို့သာတည်း။ မာရာမိသာ၊ မာရ်ငါးပါးတို့၏ သုံးသပ်နင်းနယ်ရာတို့သာတည်း။ ဇာတိဓမ္မာ၊ ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။ ဇရာဓမ္မာ၊ အိုမင်းရင့်ရော်နွမ်းလျော် တတ်သော သဘောရှိကုန်၏။ ဗျာဓိဓမ္မာ၊ ကျင်နာခြင်း သဘောရှိ ကုန်၏။ သောကဓမ္မာ၊ ပူပန်စိုးရိမ်ခြင်း သဘော ရှိကုန်၏။ ပရိဒေဝဓမ္မာ၊ ငိုကြွေးရခြင်းသဘောရှိကုန်၏။ ဉပါယာသဓမ္မာ၊ သက်ကြီးရှိုက်ငင်ပင်ပန်းလှသော သဘောရှိကုန်၏။ သံကိလေသိကာဓမ္မာ၊ ညစ်နွမ်းပူပန် ဖြစ်ပွားတတ်သော သဘောရှိကုန်၏။ ဇာတိ၊ ဤသည်လျှင် ဒုက္ခလက္ခဏာတရားပေတည်း။

ကိုင်း....အဲဒီဒုက္ခချက်ကို ပိုင်ပိုင်ကြီးမထင်နိုင် မမြင်နိုင်ကြလို့သုခအစစ်ကြီးကို မလိုချင်ကြဘူး၊ ဒုက္ခကိုပင် သုခထင်နေကြ ပေတယ်၊ ထင်နေကြတဲ့ သုခဝေဒနာဟာ ဒုက္ခ ခုနစ်မျိုးတို့တွင် ဝိပရိဏာမဒုက္ခသို့ သက်ဝင်လေတယ်၊ ရှင်တော်ဘုရားက အို-ချစ်သားတို့၊ သုခ

ဝေဒနာကို ဒုက္ခမြင်အောင်ရှု၊ သုခဝေဒနာ ဒုက္ခတော ဤသို့စသည်ဖြင့် မိန့်ကြားတော်မူပေတယ်၊စင်စစ်မှာ ဝေဒနာသုခသည် သုခစစ်မဟုတ် ဖောက်ပြန်တတ်သော သုခလိမ်မျှသာတည်း။ သန္တိသုခသဘောသည် သုခစစ် သုခမှန်တို့သာတည်း။ ထို့ကြောင့်ဝေဒနာသုခကိုဝိပရိဏာမဒုက္ခသို့ သွင်း၍ဆိုရပေသည်။

ဤကဲ့သို့ ဒုက္ခမှန်း မသိတာက သွားခြင်း, ထိုင်ခြင်း, ရပ်ခြင်း အိပ်ခြင်းဆိုတဲ့ဣရိယာပုထ်လေးပါးက ဖုံးလွှမ်းထားလို့ ဒုက္ခမှန်းမသိကြဘူး၊ အကယ်၍ ဣရိယာပုထ်တပါးကိုသာ မပြောင်းမလွဲဘဲနှင့် ကြာရှည်စွာ နေရပါသျှင် ညောင်းခြင်း, ကိုက်ခြင်း, ကျင်နာခြင်း စသော ဝေဒနာဒုက္ခ မုချတွေ့ရ၍ ဆင်းရဲမှန်း သိရလေသည်။ ဒါကြောင့်မို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးက....

(ခ) ရပ်နာမ်တို့၏ မပြတ်နှိပ်စက် နေသည်ကို နှလုံးမသွင်းခြင်းကြောင့် ဣရိယာပုထ် လေးပါးက ဖုံးလွှမ်း၍ထားခြင်းကြောင့် ဒုက္ခသဘောကိုမထင်နိုင် မမြင်နိုင်ကြကုန်။

ရှစ်လုံးဘွဲ့

၁။ ညောင်း,ထိုင်,ရပ်,သွား-လေးပါးအစဉ်၊
လိုအင်ဆန္ဒ-သူကပြုပြင်၊
ဒုက္ခချက်ချင်း-ကွက်ကွင်းမမြင်၊
ဝိသုဒ္ဓိ-ထုတ်ရှိရွှေကျမ်းတွင်။

မေး - ၂။ ဒုက္ခအပေါင်း-ထောင်သောင်းကုဋေ၊
ခန္ဓာတည်ရှိ-သည့်ထဲမှာနေ၊
ဘယ်ခါကျမှ-ဒုက္ခကောင်တွေ၊
လွတ်မလဲ-ဝင့်ထဲသံသာဗျေ။

ဖြေ ၃။ ဒုက္ခအပေါင်း-ထောင်သောင်းကုဋေ၊
ခန္ဓာတည်စွဲ-သည့်ထဲမှာနေ၊
ဥပါဒါန်ပြတ်မှ-ဒုက္ခကင်းပေ၊
ဝဋ်စခန်း-ကျွတ်တန်းဝင်ပြီလေ။

ဤကား ဒုက္ခလက္ခဏာတရားပြီး၏။

## အနတ္တလက္ခဏာဉာဉ်ပြချက်တရားတော်

အနတ္တာ မေ ပဉ္စက္ခန္ဓာ၊ ကာသမ္ဘုရိဝ ရိတ္တကာ။
တုစ္ဆာ ဒဗ္ဗဏဆာ ယာဝ၊ သုညာ ပက္ခိပထော ယထာ။

ဣမေပဉ္စက္ခန္ဓာ၊ အပေါင်းခန္ဓာကြောင်းလေးဖြာကြောင့်ဖြစ်လာတံုငြား ဤရုပ်တရားနာမ်တရားတို့သည်။ အနတ္တာ၊ ဘယ်တော့ကမမအိုချင်ပါ ဘယ်အခါမှ မသေပါကြောင်း ဆုမွန်တောင်းလဲတောင်းဘိုင်းမရတ, တိုင်းမမြင်ထင်တိုင်းမပေါက် အမှောက်မှောက်အပြန်ပြန် အမှန်အစိုးမရတဲ့ အနတ္တ သဘောတရားတို့သည်သာလျှင်တည်း။ ကာသမ္ဘုရိဝ၊ ပြင်ဘမ်းက လှတယ်ထင် တကယ်ပင်အနှစ်မရှိ၍မို့ ပကတိဖောက်ပြားက ယောက်သွား ခရုတို့ကဲ့သို့။ ရိတ္တကာ၊ အပေါ်ကအုပ်ဖုံး အတွင်းကသုဉ်း၍မို့ လုံးလုံးအနှစ်ကင်းသော တရားတို့သည်သာလျှင်တည်း။ ဒဗ္ဗဏဆာယာဝ၊ သွားဟန်, လာဟန် ပြုံးရယ်ဟန်နှင့် သဏ္ဌာန်တူစွာ မြင်ရပါလဲ စမ်းကာမတွေ့ ခေါ်၍မထူး ဦးလည်မငြိမ့်ခေတ်ရုပ်ပုံ မှန်ထင်ရိပ်တို့ကဲ့သို့။ တုစ္ဆာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခမပြီးစီးနိုင်၍အချည်းနှီးသောတရားတို့သည်သာလျှင်တည်း။ပက္ခိပထောယထာ၊ ဘေးအဟန့်တန့်ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့ကို မဖုံးနိုင် မဖိနိုင် မအိနိုင် မကွယ်နိုင် မကာနိုင်တဲ့ ကောင်းကင် လဟာပြင်ကြီးကဲ့သို့။ သုညာ၊ ခန္ဓာတွေကို ဘဝတိုင်းမှူး၍မို့ အစွမ်းမတုံး လမ်းမဆုံးဘဲ အသုံးမကျသော တရားတို့သည်သာလျှင်ကတည်း။

အဲဒီအနတ္တကို န အတ္တ အနတ္တ-ဟုပြု။ န၊ မဟုတ်။ အတ္တ၊ကိုယ်။ အနတ္တ၊ ကိုယ်မဟုတ်။ ဝါ၊ အစိုးမရ။ ဤသို့အားဖြင့် အနတ္တဆိုတဲ့ သဘောဟာဘုရားဖြစ်ပေါ်လာမှ ကြားရတဲ့စကားပေဘဲ၊ ရှင်တော်ဘုရားသည်တသီးတခြား အနတ္တလက္ခဏာသုတ်ကိုဟောကြားတော်မူတယ်။ သစ္စကပရိဗိုဇ်ကြီးကိုလဲ အနတ္တတလုံးဖြင့် အရမိအောင်ဖမ်းတော်မူပေတယ်။ ဒါကြောင့်မို့ အနတ္တတလုံးဟာ အတော်ပင်ခက်ခဲနက်နဲတဲ့သဘောပေဘဲ။

အနတ္တတလုံးမိလိုက်ရင်လဲ အနိစ္စနှင့်ဒုက္ခတို့ အတွင်းဝင်၍သွား ပေတယ်။ ဒါကြောင့်မို့(အင်္ဂုတ္တရအဋ္ဌကထာကြီးက)ဧတေသု တီသု လက္ခဏေသု ဧကသ္မိံဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။

အနှစ်သာရ ဘာတခုမှ ရှာမရတဲ့ အနက် သဘောကြောင့် ကသမ္ဗုရိဝရိတ္တကာဟု ဥပမာဖြင့် ပြထားပေတယ်။ အတုံးအခဲ အမှုံအမွှား လုံးလုံးပြားပြား သဏ္ဌာန်မျှကိုပင်မရှိ စမ်း၍မရ ကိုင်လို့ အကိုင်မခံ အဘာဝပညတ်လဲမဟုတ် ခါတ်ရင်ပုံ ကြေးမုံမှန်ပြင်ဝယ် ထင်သကဲ့သို့ အကြမ်းစားဖြင့်သိအပ်ရာ၏။ ဒါကြောင့်မို့ ဒဗ္ဗဏဆာ ယာဝဟုပြထားပေတယ်။ ကိုယ်တွင်းက လာတဲ့ဘေး အပြင်ပက လာတဲ့ဘေး အန္တရာယ် အပေါင်း ရန်စွယ်အပေါင်းတို့ကို မကာ ကွယ်နိုင် မပုန်းနိုင် မရှိုးနိုင် ကောင်းကင်ပြင်ကြီးကဲ့သို့ အကွယ်မရှိ အကာမရှိ ပစ်ခတ်သမျှအထိ ခံနေရခြင်းကြောင့် ပက္ခိပထောယထာ ဟု ပြထားပေတယ်။

## ဝိပဿနာ ဘာဝနာ ၄၀-တို့တွင် ၅-ချက်သော အနတ္တလက္ခဏာကား

သဗ္ဗေ သင်္ခါရာ အနတ္တာ၊ ပရေ ရိတ္တာ တုစ္ဆာ သုညာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ အနတ္တာ၊ အတုံးအခဲ အမှုံအမွှား အထည်ခံအမာခံ အနှစ်သာရ အတ္တမဟုတ်ကုန်။ ပါ၊ အစိုးမရကုန် အလိုသို့မလိုက် ကုန်။ ပရေ၊ အပြင်ပရန်သူကြီး တစုတို့သာတည်း။ ရိတ္တာ၊ အနှစ် သာရမယှဉ် အစဉ်ဆိတ်ကင်းသော တရားတို့သာတည်း။ တုစ္ဆာ၊ ချမ်းသာမရှိ အချည်းနှီးသောတရားတို့သာတည်း။ သုညာ၊ ကိုးရာ အားထားရာမရှိ ချုပ်ပျက်ကုန်ဆုံး သုဉ်း၍လိုက်နေကြသော တရား တို့သာတည်း။ ဣတိ၊ ဤသည်လျှင် အနတ္တလက္ခဏာတရားပေတည်း။

## အနတ္တဘာဝနာ သံဝေဂလင်္ကာ

သဗ္ဗေသတ္တာ၊ အနတ္တာဟု၊ သူငါသိကြ၊ သဘာဝကို၊
ရှာမရသဲ၊ နှုတ်ခွန်းထဲ၌၊ ခေါ်မြဲဝေါဟာ၊ နက်နဲစွာကို၊

ညဏ်မှာမသွင်း၊ မောဟနင်း၍၊ အလင်းမရ၊ မှောင်တွင်းကျလျက်၊ အနတ္တကို၊ အတ္တသူထင်၊ ဘိတ်မမြင်၍၊ ထင်မိထင်ရာ၊ စွဲသတ္တာနှင့်၊ တဏှာချုပ်ခြင်း၊ ရှုပ်မရှင်းဘဲ၊ရုပ်ထွင်းနာမ်ခွါ၊ ဝိပလ္လာတို့၊ ခါခါထပ်ထပ်၊ ဖြစ်တုံလတ်တည်း၊ စွဲမှတ်သေချာ၊ ဟုတ်တိုင်းသာကို၊ ဃနာဖုံးလွှမ်း၊ ပရမတ်ခန်းကို၊ ညဏ်စွမ်းမဖောက်၊ ပညတ်ရောက်လျက်၊ဖွေနှောက်မရှာ၊ မှောင်ဝိဇ္ဇာနှင့်၊ ငါသာငါဘဲ၊ ငါကိုဘဲဟု၊ ထင်လွဲပြန်ရာ၊ တဏှာမြစ်မ၊ ပဋိစ္စတို့၊ စွဲကြတသီး၊ လူမီးနတ်မီး၊ ဗြဟ္မာမီးနှင့်၊ သက္ကာယကြီး၊ ခေါင်းကစီး၍၊ အထီးအမ၊ တန္လရှလောင်၊ ဘယ်မရှောင်တည်း၊ ကုန်အောင်ပြောဆို၊ ဤသည့်ကိုယ်ကို၊ ထိုထိုမဆုံး၊ စွဲယူသုံးလို့၊ မြင်လုံးသန်သန်၊ ပညာဉာဏ်နှင့်၊ အပေါ်ယံကား၊ အချစ်ပွားသည်။ ဩ-အနှစ်တရားမရှိတဲ့ အနတ္တာကိုယ်ပါတကား။

## ရှစ်လုံးဘွဲ့ အနတ္တာပြချက်

၁။ သတ္တဝါများ-ဖြစ်ငြားတည့်နေ၊
ဖြစ်လျှင်ပျက်ကြ-မုချအိုသေ၊
အနိစ္စမို့-ဒုက္ခဆိုသလေ၊
အနတ္တ-မှတ်ကြခန္ဓာတွေ။

၂။ ရုပ်နာမ်တရား-ဖြစ်ငြားအိုသေ၊
ပျောက်ပျက်ကုန်ခန်း-ဘုံနန်းဤမြေ၊
တနေ့ကျတော့-တွေ့ရမလေ၊
အနတ္တ-မှတ်ကြခန္ဓာတွေ။

၃။ မြင်မြင်သမျှ-များလှထိုထို၊
အနတ္တ၌-အတ္တစွဲဆို၊
ငါဘဲသူဘဲ-ထင်လွဲပိုမို၊
ဘိတ်မသိ-ဒိဋ္ဌိအယူပို။

၄။ ရုပ်နာမ်နယ်တွင်း-ဘယ်သင်းကိုမြင်၊
အနှစ်ကင်းလို့-ချစ်ခြင်းခင်မင်၊

အခဲအတုံး-စွဲသုံးယူလျှင်၊
ဘိတ်မသိ-ဒိဋ္ဌိအယူပင်။

များစွာသောင်းသောင်း သတ္တဝါ အပေါင်းတို့သည် အနတ္တတရားမထင်နိုင် မမြင်နိုင်ကြဘာလဲ အတုံးအခဲ အမှုအမွား လုံးလုံးပြားပြား သဏ္ဍာန်တည်းဟူသော ဃနဖုံးလွှမ်း၍ ထားသောကြောင့် အနတ္တအချက်ကို ကွက်ကွက်ကြီး မမြင်နိုင်ကြဘူး။ ဃနကို ပယ်နိုင် ဖျောက်နိုင်လျှင် အနတ္တအချက်ကို ထင်နိုင် မြင်နိုင်ကြပေတယ်။ ဒါကြောင့်မို့ အနတ္တချက် မပိုင်နိုင်အောင် ဃနဖုံးလွှမ်းထားကြောင်းကို (ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးမှာ)။

၁။ ရုပ်နာမ်တို့၏ ဓာတ်သဘောကို နှလုံးမသွင်းခြင်းကြောင့် အတုံးအခဲဟု ထင်မှတ်ရသော ဃနသည် ဖုံးလွှမ်းခြင်းကြောင့် အနတ္တသဘောကို မထင်နိုင်မမြင်နိုင်ကြကုန်။

ရှစ်လုံးဘွဲ့ကဗျာ

၁။ ရုပ်နာမ်ဖြစ်ခြင်း-ဘယ်သင်းအမှန်၊
ငါဘဲသူဘဲ-ယူလွှဲလေပြန်၊
ဃနပိတ်ဖုံး-အတုံးသဏ္ဍာန်၊
ဓာတ်သဘော-မနော တို့ငြင်းဆန်၊
ဝိသုဒ္ဓိ-ထုတ်ရှိရွှေကျမ်းဂန်။

၂။ ရုပ်ကလာပ်ပေါင်း-ထောင်သောင်းကုဋေ၊
ပေါင်းဆုံစုဝေး-ရောထွေးလို့နေ၊
သမူဟလို့-ယူဆတော့လေ၊
မည်နာမ-ခေါ်ကြပညတ်တွေ။

သင်္ကာယဒိဋ္ဌိ ကွာပုံနှင့် အနတ္တတလုံးပိုင်ပုံ

ရုပ်နာမ် သက်သက်ဆိုလျှင် ဖြစ်တတ် ပျက်တတ်သော သဘောရှိတယ်၊ ဒီလိုဖြစ်ပျက် ဖြစ်ပျက်နေတာကို သန္တတိဆိုတဲ့ အစဉ်က ဖုံးလွှမ်း၍ ထားသောကြောင့် သာလျှင် ရှည်ရှည်, လျားလျား

ပြာပြား, လုံးလုံး, ခုံးခုံး, ကွဲကွဲ,အနဲနဲ, အဖုံဖုံ, ပုံသဏ္ဌာန်အမျိုးမျိုး တည်းဟူသော လူတဲ, နတ်ဘဲဟု ထင်မြင်နေကြ ပေတယ်၊ ၎င်းဖြစ်ပျက်၍နေသော ရုပ်ခဲ,နာမ်ခဲတို့ကို အသေးဆုံး ခွဲစိတ်နိုင်သလောက် ခွဲစိတ်၍ ဉာဏ်မျက်စိဖြင့်ကြည့်ရှု၍ ထားပါလျှင် အတုံး,အခဲထင်၍ နေခြင်းသည် ပျောက်ပျက် လေတယ်၊ နောက်ဆုံး စိတ်၍ရသော အရာမှာ သဘောကလေးတခုသာ ကျန်တော့တယ်၊ အဲဒီသဘောကလေးတွေကို စိတန်းလျက် တခုနှင့်တခု ပူးကပ်၍နေသည်၊ စုရုံးလျက်နေသည်။ ၎င်းသဘောကလေးတွေ အများကြီးစုရုံး၍နေလျှင် ရူပါရုံကြီးကြီးမားမား ဖြစ်လာသည်၊ သဒ္ဒါရုံကြီးကြီး ကျယ်ကျယ်ဖြစ်လာသည်၊ ဂန္ဓာရုံအနံ့ပြင်းစွာ ထွက်လာသည်၊ ရသာရုံ ထင်ရှားစွာထွက်လာသည်၊ ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံတို့ ကြီးကျယ်ထင်ရှားစွာ ထွက်ပေါ်လာသည်။ ၎င်းသဘောကလေးတွေ နဲနဲကလေး စုရုံး၍နေလျှင် ရုပ်ခဲ,နာမ်ခဲတို့ နဲနဲကလေး ပေါ်ထွက် လာသည်၊ ၎င်းသဘောကလေးတွေသည် ရှေ့ကဖြစ် နောက်ကပျက်၍ လိုက်နေကြသည်၊ ထိုသို့ဖြစ်ပျက် ဖြစ်ပျက်၍သာ တည်သော ပရမတ်သဘောကလေးတွေသည် ရှေးကထင်မြင်နေသော ရှည်ရှည်, လျားလျား, ပြားပြား,လုံးလုံးစသော သဏ္ဌာန် အထည်ခံ အမာခံ အနှစ်သာရ အတ္တဟု စွဲယူထင်မြင်ခြင်းမရှိသောကြောင့် သက္ကာယဒိဋ္ဌိ ကွာတော့လေ၏။

နဝင်္ဂုတ္တရပါဠိတော်ကြီးက

အနတ္တသညီ အသ္မိမာနသမုဂ္ဃါဋံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

အနတ္တသညီ၊ ပေါ်လာသော ပရမတ်ကို ရှည်ရှည် လျားလျား ပြားပြား လုံးလုံး အထည်ခံ အမာခံမဟုတ် ဖြစ်ပျက် ဖြစ်ပျက်၍သာ တည်၏ဟု မှတ်ထင်သော သူသည်။ အသ္မိမာနသမုဂ္ဃါဋံ၊ ကိုယ်ကောင်သဏ္ဌာန်ကြီးဟူသော ထင်လုံးပျောက်ကွာ ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက် ဘဝ၌။ နိဗ္ဗာနံ၊ ကိလေသာကုန်ခန်း ငြိမ်းချမ်းလေတော့၏။

## ရုပ်,နာမ်,ပရမတ်ဆိုတာ အတုံးအခဲမရှိပုံ

အဲဒီသဘောကို ကြပ်ကြပ်ကြီး စဥ်းစား၍ ရှုလျှင်ဖြင့် တလောကလုံးမှာ ရုပ်နာမ်တို့သဘောကို ပရမတ်ဉာဏ် ထက်မြက်ဘို့ရန် မဟာအခက်တော်ကြီးပါဘဲ၊ အတ္တတလုံးပျောက်အောင် ဖျက်နိုင်မှ သက္ကာယဒိဋ္ဌိမယ်၊ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲနဲ ပုံသဏ္ဍာန်ရှိ၍ (အတ္တ)ဟု အထည်ခံ အမာခံ မြဲ၏ဟု ပရမတ်အပေါ်မှာ ထင်မှတ်စွဲယူလျှင် အနှစ်သာရရှိနေရာ ရောက်နေခြင်းကြောင့် မုချသက္ကာယဒိဋ္ဌိ မပျောက်နိုင်။

## အနတ္တာ အသာရကတ္ထေန

ခန္ဓာ၊ ရုပ်သဘော နာမ်သဘောမျှသာရှိသော ခန္ဓာ တရားတို့သည်။ အသာရကတ္ထေန၊ အတုံးအခဲဟူသော အနှစ်သာရမရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တတို့ မည်ကုန်၏။ နိဗ္ဗာန်ဆိုတဲ့ သဘောတရားလဲ ရှည်ရှည် လျားလျား ပြားပြား လုံးလုံး ခုံးခုံး ကွဲကွဲ အနဲနဲ အဖုံဖုံ ပုံသဏ္ဍာန် အထည်ခံ အမာခံ အတ္တမရှိဘူး၊ အနတ္တသာဖြစ်ပေဘယ်၊ရုပ်ခေတ် နာမ်ခေတ်တို့မှာလဲ အတ္တမရှိဘူး၊ အနတ္တသာဖြစ်ပေတယ်။သို့ရာတွင် အသင်္ခါရ အနတ္တနှင့် သသင်္ခါရ အနတ္တ၊ အပစ္စယ အနတ္တနှင့် ပစ္စယအနတ္တ ဤသို့ ထူးခြားပုံကိုလဲ ဉာဏ်သွင်း၍ မှတ်ကြပါလေ။ (သဗ္ဗေဓမ္မာအနတ္တာ)ဟူသော ပုဒ်၌ သင်္ခါရတရား အသင်္ခါရ တရားတို့ကို အလုံးစုံပါဝင်၍ သွားတယ်၊ ၎င်းပုဒ်ကိုဖွင့်ပြ၍ ထားတော်မူတဲ့-

## ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာကြီးမှာ

သဗ္ဗေဓမ္မာ အနတ္တာတိ သဗ္ဗေ စတုဘူမိကဓမ္မာ။

သဗ္ဗေဓမ္မာ အနတ္တာတိ သဗ္ဗေဓမ္မာ အနတ္တာ-ဟူသည်ကား။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ စတုဘူမိကဓမ္မာ၊ ၄-ပါးသော စတုဘူမိက တရားတို့ကို။ အဒ္ဓါကတွာ; အတွင်းပြု၍။ ဝုတ္တံ၊ အမှန်အားဖြင့် မိန့်ဆိုအပ်၏။

ကာမ,ရူပ, အရူပ, လောကုတ္တရာဘုံဟူ၍ သွင်းယူ မှတ်သားပြီး လောကုတ္တရာဘုံ၌ဖြစ်တဲ့ မဂ်လေး,ဖိုလ်လေး ရောထွေးနိဗ္ဗာန်•ရှိပြန်ရာတွင် မဂ်ဖိုလ်တရားတို့မှာ သင်္ခါရအနတ္တ ပစ္စယအနတ္တ ဟူ၍ မှတ်ကြရမယ်။ နိဗ္ဗာန်တရားမှာတော့ အသင်္ခါရ အနတ္တ၊ အပစ္စယ အနတ္တအစစ်ကြီး ဖြစ်သွားတာပေါ့။

## ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာက

သဗ္ဗေဓမ္မာ အနတ္တာတိ နိဗ္ဗာနံ အန္တောကတွာ ဝုတ္တံ။

သဗ္ဗေဓမ္မာ အနတ္တာတိ၊ သဗ္ဗေဓမ္မာ အနတ္တာ ဟူသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အန္တောကတွာ၊ အတွင်းပြု၍။ ဝုတ္တံ၊အမှန် အားဖြင့် မိန့်ဆိုအပ်၏။

အစိုးမရသော အတုံး အခဲ အထည်ခံ အမာခံဒြပ် မဟုတ်သော နိဗ္ဗာန်ကိုပင်အနတ္တဟု လက္ခဏာယဉ် ဉာဏ်အမြင်မှာ ပါဝင်လေပြန်တယ်။ (သာသနာမရှိလျှင် အနတ္တမပေါ် မရှိဘူး။)

အနတ္တ တလုံးဟာ အတော်ကြီး ခရီးရောက်တဲ့ သဘောဘဲ၊ ဒါကြောင့်မို့ သာသနာပအခါ၌ လူတို့ ခေါ်ဝေါ်ခြင်းကိုမျှ အနတ္တ၊ အနတ္တလို့မရှိကြဘူး၊ အနိစ္စနှင့် ဒုက္ခတရားတို့မှာ ထင်ထင် ရှားရှား ရှိကြပေတယ်။ သို့ပေမယ်လို့ ပရမတ်အနိစ္စ၊ ပရမတ်ဒုက္ခ မထင်နိုင် မမြင်နိုင်ကြကုန်။ ဝေါဟာရအနိစ္စ၊ ဝေါဟာရ ဒုက္ခမျှကိုသာ ခေါ်ဝေါ်ကြပေတယ်။အနတ္တတလုံးမှာတော့ သာသနာပမှာ ဝေါဟာရ ခေါ်ဝေါ်ခြင်း အလျဉ်းမရှိကြဟု (သမ္မောဟဋ္ဌကထာ၌) ပြထားပေ တယ်။

## ပရမတ်ဆိုတာ အရွေ့မခံပုံ

အတ္တလို ထင်နေကြတဲ့ ပရမတ်ဟာ တနေရာမှ တနေရာသို့ ရွေ့လို ပြောင်းလို့မရတဲ့ တရားမျိုးဟု မှတ်ထား ကြရမည်။ ဤသို့ ဖြစ်လျှင် အိမ်ရွေ့ ဆောက်တယ်၊ ကျောင်းရွေ့ ဆောက်တယ်၊ တမြို့တရွာမှ တမြို့တရွာသို့ ရွေ့ပြောင်း လာတယ်ဟု သမုတိသစ္စာ အားဖြင့် အထင်အရှားရှိနေတယ်ဟု ပြောဆိုလျှင် သန္တတိ ခေါ်တဲ့

ပရမတ်အစဉ်က ဆက်ခါ ဆက်ခါ ဖြစ်နေလို့ ရွေ့တာ ပြောင်း တာကို သန္တတိ အစဉ်က လိုက်ပါနေတယ်၊ စင်စစ်မှာ ဖြစ်ပျက် ဖြစ်ပျက်ဟူ၍နေကြ၏။ ဝိပဿနာဉာဏ်စစ်မှ မြင်ရလေတယ်။

## နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာ

ကေဋ္ဌရက္ခဏေ၊ လက်ဖျစ်တတွက်သောခဏ၌။ ကောဋိသတ သဟဿာနိ၊ ကုဋေတသိန်းမျှလောက်သောရုပ်နာမ်ပရမတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြတ်ခနဲဖြတ်ခနဲဖြစ်ပေါ်၍ လာကြလေကုန်၏။ ဤစကား၌ ရုပ်နာမ် ၂–ပါးတွင် ရုပ် ပရမတ်ကား လက်ဖျစ် တတွက် လျှပ် တပြက်၌ (၅၀၀၂,၃၅၂၉၄၀၂) ကုဋေ ငါးထောင် ရှစ်ရာ ရှစ်ဆဲ့ နှစ်ကုဋေ သုံးသန်း ငါးသိန်း နှစ်သောင်း ကိုးထောင် လေးရာ တဆယ့်နှစ်ချက် ရုပ်တွေ ဖြစ်ပျက်၍နေတယ်ဟူ၍ မှတ်ကြရမယ်။ ရုပ်ဆိုသည်ကား ၂၂–ပါးသော ရုပ်ကိုဆိုလိုသည်။

## ရုပ်တခါပျက်လျှင်နာမ် ၁၇–ချက်ပျက်လင်္ကာ

မျက်စိတမှိတ်၊ လျှပ်တပျက်၌၊ ဖြစ်ပျက်အနေ၊ နာမ်,ရုပ် သေတ္တိ၊ ကုဋေတသိန်း၊ ရေကိန်းတမျှ၊ စုပုံရသော်၊ ကော သလထုံး၊ တိုင်းသုံးမှတ်ခြင်း၊ တင်းရှစ်ဆယ်ဝင်၊ ရာကျော် လှည်းပေါင်း၊ တင်လောက်ကောင်းသာ၊ တသောင်းပုံပြု၊ စပါးစုထက်၊ အထုများစွာ၊ မကရာဟု၊ ကျမ်းလာမဆိတ်၊ ဝိပရိတ်တည်း။

ဤကဲ့သို့ ကောသလမင်းကြီးအား ရှင်တော်ဘုရားမိန့်ကြောင်းကို ကျေးဇူးရှင် မာန်လည်ဆရာတော်ဘုရားကြီး ရေးသာသော လင်္ကာ အချက်မှာ နာမ်ပရမတ်ကိုသာရည်၍ ရေးသားတော်မူတယ်။ ရုပ်က တခါပျက်လျှင် နာမ်က ၁၇–ချက်ပျက်တယ်။

ဥပ္ပါဒ ဋ္ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ။ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယု။
သင်္ဂဟာဝိဘာဝိနီ။

ဤကားအနတ္တ လက္ခဏာတရားပြီး၏။

## ရုပ်နာမ်တို့ ဝဋ်အတွင်းကသေမင်းနှင့်အခင်းမလွတ်တဲ့ သီတင်းကျွတ်တရား

ဝဿံဝုဋ္ဌာ ဝယောဂုနာ၊ ဇိဏ္ဏာ မရဏသန္တိကာ။
နာဂတေ ဇီဝိတုံ ရဿာ၊ ဘင်္ဂေါနတာ ဒိနေ ဒိနေ။

ဘောဂန္တော၊ သီတင်းကျွတ်ဥပုသ်ပွဲကို အားခဲ၍ ရောက်လာကြကုန်သော အို-ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ဝဿံဝုဋ္ဌာ၊ နေ့ရက်တွေပြုတ် လနှင့်နုတ်၍ နှစ်ချုပ်စာရင်း တင်ကာသွင်းသော် ချက်ချင်းမကြာ တဝါကျွတ်လို့ တနှစ်ဖြင့်လဲ ကုန်ခဲ့ကြလေကုန်ပြီ။ ဝယောဂုနာ၊ နေ့နှင့်လရက် အချိန်တွက်လိုက်လျှင် အသက်တွေကသာကုန်ဆုံး၍ ငယ်တုန်းကနှင့်မတူ ခုတမူအရွယ်ကယွင်းသဖြင့် သြော်-ကြီးပြင်း၍ လာခဲ့ကြလေကုန်ပြီ။ ဇိဏ္ဏာမရဏသန္တိကာ၊ ခရီးသမား မီးရထားနှင့် စီးသွားသည့်ပုံ အလုံးစုံဘူတာတွေကို အကုန်ဆိုက်ခဲ့၍ တမြို့တသိုက် ဆင်းသူတွေကလဲဆင်း ပြောရင်းဆိုရင်းနှင့်ပင် ပြင်သူတွေကလဲပြင် စက်ကုန်တင်ကာ တလူလူနှင့် တဘူဘူ အမြန်ခုတ်တဲ့ မီးရထားမှာ ခရီးသွားသဖွယ် အသွယ်သွယ် အဝဝ အရွယ်ကထိုင်းသဖြင့် သေမင်း၏နယ်ပိုင်းသို့ ခုန်စိုင်းပြေးဝင်၍ လာခဲ့ကြလေကုန်ပြီ။ ဘောဂန္တော၊ ခရီးသွားကြတဲ့ အို-သူတော်ကောင်း အပေါင်းတို့။ဒိနေ ဒိနေ၊ နေ့တိုင်းနေ့တိုင်း။ ဘင်္ဂေါနတာ၊ ခရီးမဆိုင်းအနီးသင်းချိုင်းမှာအခြေမဆက်သေပျက်ရမည့်အပိုင်းသို့ တလှိုင်းတည်းညွှတ်ကြကုန်သည်ဖြစ်၍။ နာဂတေ၊ ရှေ့သို့မြော်တွေး အနာဂတ်ရေး၌။ ဇီဝိတုံ၊ ပျော်ကာမော်ကာ အတော်ကြာအောင် အဖော်သဟာတွေနှင့် အသက်ရှင်၍နေရခြင်းငှာ။ ရဿာ၊ နဖူးကိုသာ လက်တင်ပြီး ဆင်ခြင်တိုင်းထွာစဉ်းစားပါလျှင် ပျော်ဘို့ရန်စခန်းမကြီးသဖြင့် သြော်-ဝမ်းနည်းစရာ ကောင်းလှ လေကုန်၏ တကား။

### တနေ့ကျလျှင်တွေ့ရမည့် ရှစ်လုံးဘွဲ့

၁။ မီးရထားနှင့်-စီးသွားသဏ္ဌာန်၊
သေမင်းလက်တွင်း-သက်ဆင်းလျင်မြန်၊

တဝါကျွတ်လို့–တန္နစ်ကုန်ပြန်၊
ဇရာတိ–ဗျာဓိအောင်အလံ။

၂။ အဟောဝတ–လောကဘုံဗွေ၊
တွေ့ဆုံကြုံကွဲ–မလွဲနိုင်ချေ၊
မုချဒုက္ခ–ရှုပ်စွဆူပွေ၊
ဝေးပါရဲ့–ဇေတဲ့နိဗ္ဗာန်ပြေ။

၃။ ဆုံလိုက်ကြိုက်လိုက်–ဘုံ၌ဖြစ်ထွေ၊
မုချဒုက္ခ–ရှုပ်လှဆူဝေ၊
တနေ့ကျတော့–တွေ့ရမလေ၊
အနတ္တ–မှတ်ကြခန္ဓာတွေ။

၄။ ဝါပဝါတွင်း-သိတင်းထိုထို၊
ရှစ်ပါးသီလ–စောင့်ကြပျိုအို၊
စိပ်ပုတီးနှင့်–ရိပ်ကြီးကိုခို၊
ငါးသီလ–မြဲမှ တော်တော့ကို။

---

## ၁၂–ရာသီဘွဲ့ တရားတော်

ကိန္နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ၊
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒိပံ န ဂဝေသထ။

ဘောနန္ဒော၊ ပျော်ပွဲတွေ အဖုံဖုံကို အလုံးစုံ လိုက်စား၍ ပျော်ပါးကာ နေကြကုန်သော အို–လူအပေါင်းတို့။ နိစ္စံ၊ နေ့ရောညပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပဇ္ဇလိတေသတိ၊ သင်တို့ရဲ့ သန္တာန်မှာ ကိလေသာဆိုတဲ့ အပူမီးတွေ တထိန်ထိန် တပြောင်ပြောင်ထပြီး တောက်လောင်၍နေသည် ဖြစ်ပါလျက်။ ကိန္နု၊ ဘယ်လိုအတွက် ဘယ်အချက်ကြောင့်။ ဟာသော၊ ပျော်ကာ ရွှင်ကာ မွေ့မော့စွာနှင့် တချို့မှာတော့ ဓာတ်ရပ်ရှင် ပွဲသဘင် ကြည့်သူက ကြည့်၊ ဟန်ပန်ထိအောင် အဝတ်အစားကိုဝတ်သူကဝတ်၊ သံယောဇဉ်ဝင်တွင်းက မလွတ်မကင်းတဲ့ အပြင် ပျော်ပွဲတွေ ဝင်သူကဝင်၊ တန်ခူးလ,မှာတော့ ရေပွဲသဘင်၊ ကဆုန်လ, ညောင်ရေ သဘင်၊

နယုန်လ,စာပွဲယှဉ်၊ ဝါဆိုလမှာတော့ အက,အခုန်,ကန်တော့ပွဲဆင်၊ ဝါခေါင်,တော်သလင်း နတ်ပွဲတွေက ပျော်ပျော်ရွှင်ရွှင်၊ သီတင်းကျွတ်လမှာတော့ မီးပွဲဆင်၊ တန်ဆောင်မုန်းလ ကထိန်ပွဲသဘင်၊ နတ္တော်လ,စကြတဲ့ဘုရားပွဲသဘင်၊ ပြာသို-တပို့တွဲ ထမနဲပွဲတွေက စုံစုံလင်လင် ပုံတင်ကာ အကြောင်းကို ရှုံးရမှာဖြင့် တပေါင်းကို ဆုံးစေအုံးတော့ မြန်မာတို့မှာ ပွဲတုန်းလို့မကုန် ပျော်ပွဲတွေ အဖုံဖုံကို အလုံးစုံပျော်ကာ မော်ကာ ပြုံးကာ ရွှင်ကာ မေ့မော ကာနှင့် ရယ်မောကာ ဘာပြုလို့ နေနိုင်ကြပါတော့သလဲ။ ကိံ၊ ဘယ်လို အတွက် ဘယ်အချက်ကြောင့်။ အာနန္ဒာ၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ငါးဝအာရုံ ကာမဂုဏ်တည်း ဟူသောမစင်တွင်းသို့ ဝင်ဆင်းပျော်ကာ မရှုံရှာဘဲ နှစ်သက်လိုက် စားကာ နေနိုင်ကြပါတော့သလဲ။ အန္ဓကာရေန၊ ရှေရေး နောက် ရေး ပစ္စုပ္ပန်ရေး သံသရာရေးကိုလဲမသိ ဖုံဖိပိတ်ကာ အဝိဇ္ဇာဆိုတဲ့ အမှောင်တရားကြီးသည်။ ဩနဒ္ဓါ၊ သင်တို့သဏ္ဍာန်မှာ မမြင်နိုင် မထင်နိုင်မပေါက်နိုင် မရောက်နိုင်အောင် တားဆီး မျှေးတွယ်၍ နေသည်ဖြစ်ပါလျက်။ ပဒီပံ၊ တရားတည်းဟူသော အရောင်အလင်း အမှောင်တွေကိုခွင်းစေတတ်တဲ့ ဆီမီးတည်းဟူသော အလင်းရောင် ခေတ်ကြီးကို။ နဂဝေသထ၊ အချိန်တွေ ဖြုန်းပြီးတော့ မကျင့်မကြံ မလိုက်မနာ မစောင့်မစည်း ဘာပြုလို့ မရှာမှီးဘဲ နေနိုင်ကြပါ တော့သလဲ။

### မာနမကျိုးသေးတဲ့သူတွေ တနေ့ကျလျှင် တွေ့ရမည့် သံဝေဂလင်္ကာ

၁။ တလံခန္ဓာ၊ ဤကိုယ် မှာလျှင်၊ ကေသာအစ၊ ဒွတ္တိံသဟု၊ စိတ်ကညွတ်ကာ၊ ရှုကြည့်ပါလျှင်၊ ခေါင်းမှာဆံထွေး၊ ကိုယ် အမွေးနှင့်၊ ရောထွေး ပေါင်းစည်း၊ ခြေလက် သည်းတည့်၊ သွားလည်း ထွေထွေ၊ ညက်ဩမွှေလော့၊ အရေ အသား၊ အကြောမျှားနှင့်၊ ရိုးကြားခြင်ဆီ၊ အလီလီကို၊ ငါသည်ထင် လင်း၊ ငါးဘယ်သင်းဟု၊ ငါသွင်း၍ရှာ၊ မရသာဘဲ၊ ကေသာ အစ၊ ဒွတ္တိံသကို၊ စိတ်ကငါထင်၊ မိုက်မှောင်ဝင်၍၊ ငါပင်

ငါဘဲ၊ ငါ့ကိုယ်ဘဲဟု၊ စွဲမြဲသက္ကာ၊ ဝိပလ္လာနှင့်၊ တဏှာ
နယ်တွင်း၊ တာတွယ်ချဉ်း၍၊ အဆင်းကိုပြ၊ တသသနှင့်၊
ငါလှ ငါချော၊ ငါတကောဟု၊ ငါကော ကောကာ၊
မရှော့ပါဘဲ၊ မော့ကာမော်မောက်၊ ခြေဖျားထောက်၍၊
ငါမောက် ငါမော်၊ လူတို့ပေါ်တွင်၊ မာန်သော်တက်ကြွ၊
ငါ့ကာယကို၊ နိစ္စမြဲထင်၊ မကြာခင်သည်။ ဩော်-သေလျှင်
ဒုက္ခတွေ့မည်တည်း။

---

ဒုတိယပိုင်း ရှစ်လုံးဘွဲ့ သံဝေဂ

၅။ ငါဟငါဟ-မာနတွေထောင်၊
သေမင်းခြေရင်း-ခွေစင်းရပ်ကောင်၊
မာန်မောက်လွန်းတော့-နောက်ဌွန်းကိုထောင်၊
ခိုင်မမြဲ-ယိုင်လဲ၍ရုပ်ကောင်။

၆။ ချီးမွှမ်းအံ့ဩ-ပြန့်ပြောလီလီ၊
ပြောကြပြောကြ-လောကညံစီ၊
အဆုံးကျတော့-လုံးဝတွေ့မည်၊
မျက်နှာမဲ့-ကဲ့ရဲ့ရှုတ်ချမည်။

၇။ ကံလုပ်ကံလုပ်-နာမ်ရုပ်ခန္ဓေ၊
လှုပ်တုတ်လှုပ်တုတ်-ရုပ်ပြုတ်ပျက်ကြွေ၊
အတင်းစိုင်းတော့-သင်းချိုင်းရောက်ပေ၊
ခြောက်ပေတွင်း-ခွေစင်းပက်လက်နေ။

၈။ စိတ်ကိုယ်ငေ-ချီမွေးလူ့ရွာ၊
သုခသုခ-ရှုလှထင်တာ၊
အပူကြီးတော့-သူမီးတောက်လာ၊
မနုဿ-ဒုက္ခလူတို့ရွာ။

ဤသည့်လျှင် မာနသိမ်းဆည်းရန်လက်ာပြီး၏။

## ၃၂-ပါးသော ကောဋ္ဌာသ၌ အသုဘ ဘာဝနာလင်္ကာ

၂။ သုံးဆဲ့နှစ်ဝ၊ ကောဋ္ဌာသတွင်၊ 'အလှဘယ်မှာ၊ မရှိပါတဲ၊ တဏှာပိတ်ဖုံး၊ ဤကိုယ်လုံး၌၊ အသုံးမကျ၊ ဤကာယမှာ၊ အူမအူသိမ်၊ နှလုံးအိမ်နှင့်၊ အတွင်းလိမ်ရှုပ်၊ အဆုပ်အသဲ၊ အဆီခဲနှင့်၊ သွေးခဲသည်းခြေ၊ သလိပ်ပြေတည့်၊ တထွေဦးနှောက်၊ မျက်ရေပေါက်တို့၊ ချွေးနှောက်ဆီကြည်၊တံတွေးရည်နှင့်၊ နှပ်ရည်ရွှဲရွှဲ၊ အစေးတွဲလျက်၊ မွှေးခဲသန္တာန်၊ အညှိ့တံပုာ၊ တဖန်တွက်ဆ၊ အဖျင်းမှလျှင်၊ အောက်ကကျင်ကြီး၊ ကျင်ငယ်စီးလျက်၊ ဖိစီးတဖန်၊ အတင်းကန်၍၊ ပြင်ရန်အပ၊ ၉-ဒွါရက၊ နေ့ညမစဲ၊ တရွဲရွဲနှင့်၊ ဖောက်လွှဲခတ်ရပ်၊ အကောင်ပုပ်ကို၊ စက်ဆုပ်ရွံရှာ၊ ထွီစရာနှင့်၊ မုန်းစရာပ၊ ဤကာယကို၊ နေ့ညဖန်ခါ၊ မတွယ်တာသည်။ ဩော်-ဘယ်မှာသုဘရှိမည်တည်း။

ဤကား အသုဘ ဘာဝနာပြီး၏။

---

## ကုသိုလ်အဘို့ကိုအမျှဝေပုံ

ဤသို့ပြုရ၊ ကုသလကို၊ မိဘက,စ၊ ဘိုးဘွားကျအောင်၊ ရကြပါစေ၊ မိတ်ဆွေညတိ၊ ရှိရှိသမျှ၊ ဝေနေယျနှင့်၊မြို့ပြ ပြည်ရွာ၊ တိုင်းဌာနာကို၊ကောင်းစွာအုပ်စိုး၊မင်းအမျိုးတို့၊ကောင်းကျိုးထွေထွေ၊ ရကြပါစေ၊ အမျှဝေ၏။ ။ထေရ်ပေါင်းသံဃာ၊ အရိယာနှင့်၊ ဥပါသကာ၊ဥပါသိကာ၊ စုံညီသောင်းသောင်း၊ သူတော်ကောင်းတို့၊ ရကြောင်းထွေထွေ၊ အမျှဝေ၏။ ။ ကိုယ်စောင့်နတ်က၊ စသည်ဥဿုံ၊ အလုံးစုံနှင့်၊ ကုံလုံပြည့်ဝ၊ အိမ်ဂေဟာ၌၊ စောင့်ကြဒေဝါ၊ နတ်တကာတို့၊ ရွာမှာစောင့်ကြပ်၊ တောစောင့်နတ်နှင့်၊ မြို့စောင့်နတ်ပါ၊ တောမှာအုပ်စိုး၊ ရုက္ခစိုးနှင့်၊ ဘုမ္မစိုဒေဝါ၊ နတ်တကာတို့၊ကောင်းစွာရစေ၊ အမျှဝေ၏။ ။ကောင်းကင်စောင့်နတ်၊ နေလနက္ခတ်၊

ကြယ်တာရာပေါင်း၊ နတ်ကောင်းဒေဝါ၊ စောင့်ကြရှာ၏။ ဇမ္ဗူသိကြား၊ နတ်မင်းများနှင့်၊ နဂါးဂုမ္ဘန်၊ ဂန္ဓဗ္ဗဘီလူး၊ လေးဦး ယိန်းသောင်း၊ ကုဋေပေါင်းကို၊ အုပ်စိုးပေလတ်၊ ဓတရဋ္ဌ၊ ကုဝေရနှင့်၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ဒေဝရာဇာ၊ နတ်မဟာတို့၊ အောက်မှာသနင်း၊ ယမမင်းပါ၊ မကျန်ရအောင်၊ ကောင်းစွာထွေထွေ၊ ရကြပါစေ၊ အမျှဝေ၏။ တထွေထို့ပြင်၊ မြင်းဖြူရှင်နှင့်၊ ဘုန်းခွင်မြတ်စွာ၊ သာသနာကို၊ ကောင်းစွာစောင့်ကြ၊ မဟေသရ၊ မြဟ္မဒေဝေ၊ ဆုလေနတ်မင်း၊ မကြွင်းဥဿုံ၊သုံးပုံပိဋကတ်၊ စောင့်ကာကြပ်လျက်၊ သူရဿတီ၊ နတ်ဒေဝီနှင့်၊ ၆-လီနတ်မျိုး၊ ဗိဿနိုးမကျန်၊ ဗြဟ္မံခဂ်သိမ်း၊မတိမ်းဥဿုံ၊အလုံးစုံနတ်ပေါင်း၊ နတ်ကောင်းဒေဝါ၊ အမြွာမြွာတို့၊ ကောင်းစွာရစေ၊ အမျှဝေ၏။ သုံးထွေလူ့ဘ၊ ဂေါတမ၏၊ မြတ်လှရောင်ဝါ၊ သာသနာ-၅၀၀၀၊ ထွန်းပြောင်တောက်ပ၊ နေ့လပမာ၊ ထိန်ထိန်ဖြာအောင်၊ မကွာနိစ္စ၊ အားထုတ်ကြ၍၊ သုခချမ်းသာ၊ ရောက်စိမ့်ငှာဟု၊ မကြာယခု၊ အကျွန်ုပ်ပြုသမျှ၊ ကုသလကို၊ သုံးထွေဘုံသား၊ ဝေနေများအား၊ ရငြားပါစေ၊ အမျှဝေသည်၊ ကောင်းစေ သာဓု-သာဓု-ခေါ်စေသော်။

သူတော်ကောင်း သူမြတ်လောင်းတို့က ပြုသမျှကုသိုလ် အဘို့ကို အကျွန်ုပ်က သာဓု-သာဓု-သာဓု အနုမောဒနာ ခေါ်ယူပါ၏။

အမျှဝေပုံပြီး၏။

---

သံခိပ်ဆုတောင်းခန်း

၁။ ဇာဒံပုညံ၊ ဘိုဘာဂံ၊ ခေမံပါပုဏောာ။

၂။ ပဌာနာဆု၊ ငြိမ်းစေမှု၊ ယခုရောက်စေသော်။

၃။ ပဋိစ္စခေတ်၊ ဗွေရဟတ်၊ ချေဖြတ်နိုင်စေသော်။

၄။ ခန္ဓာငါးရပ်၊ သူဖြစ်လတ်၊ တန့်ရပ်နိုင်စေသော်။

ဇမ္ဗူသဃ ၅၀၆-၁၇ (တတိယအကြိမ်)

၅။ နာမ်,ရုပ်ပိုင်ပိုင်၊ သိစွမ်းနိုင်၊ ခုတ်ချိုင်နိုင်စေသော်။
၆။ နိဗ္ဗာန်ပြည်ခွင်၊ မရောက်ခင်၊ ကြည်လင်ကြစေသော်။
၇။ မရှိစကား၊ ပြောသံများ၊ မကြားရစေသော်။
၈။ ပေးပါလိုကြောင်း၊ ဥစ္စာကောင်း၊ မတောင်းရစေသော်
၉။ တ,တိုင်း,ကြီတိုင်း၊ လိုရှိတိုင်း၊ မဆိုင်ပြည့်စေသော်။
၁၀။ အလှူရေစက်၊ ဖန်ရွေခွက်၊ လက်နဲ့မကွာရှိစေသော်။
၁၁။ လူမိုက်ကိုပင်၊ မတွေ့ချင်၊ မမြင်ရစေသော်။
၁၂။ လူမိုက်စကား၊ ပြောသံများ၊ မကြားရစေသော်။
၁၃။ မျက်နှာကိုမူ၊ မြင်တိုင်းသူ၊ ကြည်ဖြူချစ်စေသော်။
၁၄။ နှုတ်ခွန်းစကား၊ အသံကြား၊ သနားကြင်စေသော်။
၁၅။ လိမ်မာညဏ်ရှိ၊ သပ္ပုရိ၊ ပေါင်းမိရစေသော်။
၁၆။ သူတော်ဥစ္စာ၊ ခုနစ်ဖြာ၊ မကွာမြဲစေသော်။
၁၇။ ပိဋကတ်သုံးပုံ၊ အလုံးစုံ၊ နှုတ်ငုံဆောင်စေသော်။
၁၈။ ကြွားကာခဏ၊ မြင်ကာမျှ၊ မုချတတ်စေသော်။
၁၉။ မိစ္ဆာယူများ၊ အကျင့်မှား၊ မြစ်တားနိုင်စေသော်။
၂၀။ အယူကျင့်သန်၊ တရားမှန်၊ အမြန်တွေ့စေသော်။
၂၁။ တရုတ်တပါး၊ ဘာသာခြား၊ စကားတတ်စေသော်။
၂၂။ မသိတဲ့သူ၊ သိစေမူ၊ ဟောယူနိုင်စေသော်။
၂၃။ သတ္တဝါမိုလ်ခြေ၊ အမျှဝေ၊ ရစေအတ္တိုသော်။
၂၄။ မိဘ-ဆရာ၊ ညာတကာ၊ ကြည်သာအမျှ ရစေသော်။
၂၅။ သီလာပံသု၊ မြေနှစ်ခု၊ ယခုသက်သေ တည်စေသော်။
၂၆။ သောင်းထိုက်ဇမ္ဗူ၊ နတ်နှင့်လူ၊ ကြည်ဖြူသာဓု ခေါ်စေသော်။

အမျှဝေဆုတောင်းခန်း ပြီး၏။

---

## မြသပိတ်တောင်အကြောင်း

သူတော်ကောင်းတို့ မှီကပ်နေထိုင်ရာ ကြောင်တရာ မြသပိတ်တောင်သေလာမဟီ၌ တောမှီ ယောဂီပုဂ္ဂိုလ်များတို့ နေထိုင်ရန် ကမ္မဋ္ဌာန်းကျောင်း ကလေးတွေ ၄၀-ကျော်၊ ၅၀-ခန့် အသီးသီး

ဆောက်လုပ်ကြသည်ကား ခမ်းနားသန့်ရှင်း နေခင်း ပျော်ဘွယ်ရာ ရှိချေ၏။ ထိုသို့ တိတ်ဆိတ်စွာရှိ၍ လူတို့နေထိုင်ကြသော ရွာဂါမနှင့် အလှမ်းကွာလှ၍ ရသေ့-ရဟန်းများနှင့် သူတော် ကောင်းတို့ မှီကပ် နေထိုင်ကြလျက် ကမ္မဋ္ဌာန်း အလုပ်များနှင့်သာ ပျော်မွေ့ပြီး အချိန် များကို ကုန်လွန်စေကြတယ်။ ထိုသူတော်ကောင်းတို့ ပျော်ဘွယ်ရာ ဖြစ်၍ လွန်ခဲ့သော ၉၃-ခုနှစ်က ကျေးဇူးရှင် ပျံလွန်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒအဆုံးအမကို နာယူလျက် ထိုတောတောင်ပေါ်သို့ ဝါကပ်ရာမှ ကာယ,စိတ္တ-နှစ်ဝ ချမ်းသာ ကေဂ္ဂတာ၏နယ်အတွင်းဖြစ်သော သမာဓိတရားသို့ ရောက်အောင် ပွားများလျက်နှင့်ပင် နေထိုင်ရပေသည်။

ထိုသို့နေထိုင်ရာ တလ, နှစ်လ-အတွင်းမှာ သမာဓိ မရနိုင်ဘဲ စိတ်ပြား၍ ရှေးက နေထိုင် သွားလာရာ ဖြစ်သော မြို့ကြီး-ပြကြီး အသီးသီးအဖုံဖုံ အလုံးစုံတို့ကိုသတိရလွမ်းဆွတ်လျက်ရှိရာတွင် ၎င်း တောတောင်ပေါ်မှ ၉၃-ခု၊ နယုန်လဆုတ် ၆-ရက်နေ့က ရေးသား လိုက်သော ရတုပိုဒ်စုံ သုံးပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**တောဝနာမြိုင်ခြေက ဓမ္မောသဓာ ခိုင်ဝမ္မေမရနိုင်ကြောင်း**

**ရတုပိုဒ်စုံ**

၁။ ညို့မှိုင်းဝေစီ၊ ထွေထွေညီလျက်၊ မြေမဟီထိပ်၊ လွန်တိတ်ဆိတ် သည်၊ မြသပိတ်ခေါ်၊ တောတောင်ပေါ်မှာ၊ စိတ်သော် ရွှင်လန်း၊ လွန်တင့်ဆန်း၍၊ စိမ့်စမ်းစုံမြိုင်၊ ပွင့်မျိုးဆိုင်လျက်၊ ဂနိုင်ကျယ်ပြော၊ သစ်ပင်ပေါ၍၊ အုံ့ဩထွေထွေ၊ မကုန်ပေ တည်း၊ ဂုဏ်သရေလွှမ်း၊ ယုန်ငွေစန်းသို့၊ တခန်းတဖုံ၊ လူတို့ ဘုံရွာ၊ ရှိတုံပါလဲ၊ လူသူမနီး၊ တောအပြီးမှို၊ လုံးစည်းညီညာ၊ အခွင့်သာ၍၊ ဘာသာဘာဝ၊ ပြောဆိုကြလျက်၊ နေ့ညမစဲ၊ တသဲသဲတည့်၊ အမြဲငှက်သံ၊ ဆူဆူညံ့အောင်၊ လူသံမကြား၊ ငှက်သံများ၍၊တည်ထားစိတ်သန်၊မခိုင်ပြန်တည့်၊မြိုင်ရန်တော ခြေ၊သာမောခွေလျက်၊ စေ့ရေမကုန်၊ စိတ်တွေစုံက၊ ဘုံဘဝ တွင်၊ကြုံရမမေ့၊ လွန်ပျော်မွေ့တဲ့၊ ဓလေ့စာဂီ၊ တိုင်းဌာနီကို၊

စုံညီတမ်းတ၊ မှန်းဆ ၍သာ၊ လွမ်းရ ပါသည်၊ ခုခါအတွေ့ကြုံခဲ့သော်။

## ထိုမှနောက်၌ ကျေးငှက်သံတွေကြားရတိုင်း စိတ်ပြား၍နေသဖြင့် တရားမရနိုင်ကြောင်း ဒုတိယရတု

၂။ တို့တိုင်းမြေမဟီ၊ ထွေထွေ စီလျက်၊ နေရီ စခန်း၊ လေခြည်သန်း၍၊ မြိုင်ပန်း စုံနွေ၊ ဂနိုင်တောဝယ်၊ အုံ့ညြ မဆိတ်၊ ဘုံအဟိတ်တွင်၊ ကရဝိက်ငှက်၊ သံစုံရှက်၍၊ ဇရက်, သာလိကာ၊ ကြိုးကြာ ရောနှော၊ တသောသောနှင့်၊ ဥညြမြည်ကျော်၊ ငှက်အဖော်တို့၊ ပျော်ပျော် ရွှန်းရွှန်း၊ နှုတ်ခွန်းဆက်ရှာ၊ မပီကလာ၊ ပီကလာနှင့်၊ ချိုသာချို၊ အသံလေးတွေ၊ မနွေးအလျင်၊ ကြားရမြင်က၊ ပုထုဇဉ် သဘော၊ ကြံတိုင်း မောစွ၊ ဘယ်တော ဘယ်တောင်၊ ဘယ်ချောင်စခန်း၊ ဘယ်မျှောင်လမ်းမှာ၊ ရောက်ရှာလေဘိ၊ စိတ်မသိတည်း၊ စိတ်သိလျှင်ပြန်၊ တဖန်ဓမ္မ၊ အမြန်ထလျက်၊ ကျင့်ရပါလဲ၊ စိတ်ကမပါ၊ စိတ်သာကျယ်ပြော၊ စိတ်တွေစော၍၊ စိတ်ဇောအာရုံ၊ တိုင်းရဂုံကို၊ ဖုံဖုံရော်ရမ်း၊ စိတ်ကတမ်း၍၊ မျှော်မှန်းပြီးခါ၊ လွမ်းမိပါသည်၊ ခုခါမမွေ့ရုံခဲ့သော်။

## ထိုမှနောက်၌ မြိုင်တောသေလာ ဟေမဝါစခန်းက မျှော်မှန်းကာကြည့်ပြီး လူ့ဘုံဝလေ့ကြောင့် နိဗ္ဗာန်နှင့် မတွေ့နိုင်ကြောင်း တတိယရတု

၃။ မြို့လှိုင်းဘေ့ဆိ၊ ပြာရီရီနှင့်၊ ဌာနီကြွငှန်း၊ လွန်တင့်ဆန်းတဲ့၊ ပျော်မြန်းလေရာ၊ တိုင်းဌာနာကို၊မကြာခဏ၊ လွန်တမ်းတ၍၊ မှန်းဆပြီးခါ၊ ကြည့်ပြန်ပါသော်၊ ရေဇလာလွမ်း၊ ပင်လယ်ကမ်းမို့၊ ဆုံးခန်းမထင်၊ မြူခိုးဆင်လျက်၊ ထိုတွင်အရှိ၊ ပကတိမျက်မြင်၊ ကြည့်ချင်ပါလဲ၊ ကြည့်လျှင်မမြင်၊ ခေါ်ချင်ပါလဲ၊

ခေါ်လျှင်မကြား၊ စိတ်ကသွား၍၊ မမှားကေန်၊ အောက်မေ့ပြန်သော်၊ လွန်မပျော်တည်း၊ အဖော်သဟဲ၊ ဒွန်မတွဲတဲ၊ အားခဲ၍သာ၊ မြတ်ဓမ္မာကို၊ ဖွေရှာစုဆောင်း၊ ကမ္မဋ္ဌာန်းကျောင်း၌၊ ကိန်းအောင်းပါလဲ၊ သောင်းပြောင်းရော့ရမ်း၊ စိတ်သရမ်းကြောင့်၊ မှန်းတိုင်းမပေါက်၊ မရောက်သည်သာ၊ ဘယ်သောခါမှ၊ ရောက်ရပါမည်၊ နိဗ္ဗာန်ဆီကို၊ မျှော်ရည်မှန်းခါ၊ ဝေးသေးပါသည်၊ လူ့ရွာမလေ့ ထုံခဲ့သော်။

(က) တောတောင်ရိပ်နန်း-စိမ့်စမ်းဂနိုင်၊
သစ်ပင်ပျိုရှက်-ခက်ရွက်တွေလှိုင်၊
သူတော်သူမြတ်-မှီကပ်နေထိုင်၊
မြသပိတ်-တိတ်ဆိတ်တောဂနိုင်။

(ခ) ကိုယ်ပိုင်ရဟို-ကိုယ်လုပ်ကြသည်၊
ယောဂီဓလေ့-ပျော်မွေ့စုံညီ၊
တောမြိုင်စခန်း-ကမ္မဋ္ဌာန်းစာရီ၊
မြသပိတ်-တိတ်ဆိတ်ကျင့်ဝသီ။

မြသပိတ်တောင်၊ ရွှေကျောင်ဝိဟာရ
မြို့တောသေလာ၊ ဟေမဝါ
၉၁-ခု၊ နယုန်လဆုတ် ၆-၇-ဂ

အပွားငါးချက်
ပယ်ဖျက်ဆုတောင်း

မိစ္ဆာဒိဋ္ဌိ သမာပန္နော၊ လာမကော ဘဝါဘဝေ။
တသ္မာဝါဟံ ဘဝေယျာမိ၊ သမ္မာဒိဋ္ဌိ သမာဂတော။

ဘဝါဘဝေ၊ ဘဝကြီးငယ် အသွယ်သွယ်၌။ မိစ္ဆာဒိဋ္ဌိ သမာပန္နော၊ မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံရခြင်းသည်။ ဝါ-အပွားငါးချက်နှင့် ပြည့်စုံရခြင်းသည်။ လာမကော၊ ဆုတ်ယုတ်ကင်းကွာ ယုတ်မာသည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။

ဘဝါဘဝေ၊ ဘဝကြီးငယ် အသွယ်သွယ်၌။ သမ္မာဒိဋ္ဌိသမ်ိဳဂတော၊ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံရခြင်းသည်။ ဘဝေဃျာမိ၊ ဖြစ်ရပါလို၏။

## အမှားငါးချက်

၁။ အယူမမှားဘို့ လိုတယ်။
၂။ အသိမမှားဘို့ လိုတယ်။
၃။ အမှတ်မမှားဘို့ လိုတယ်။
၄။ အကြံမမှားဘို့ လိုတယ်။
၅။ အကျင့်မမှားဘို့ လိုတယ်။

---

## အမှန်ငါးချက်

၁။ သမာဒိဋ္ဌိဉာဏ်ရမှ အယူမှန်မယ်။
၂။ ကလျာဏ အနည်းဆုံးဖြစ်မှ လူမှန်မယ်။
၃။ သစ္စာ ၄-ပါးကို တကယ်သိမှ ဘုရားမှန်မယ်။
၄။ ပရမတ္ထ သဘာဝကိုဆိုက်မှ တရားမှန်မယ်။
၅။ ဓမ္မအမွေခံ ရဟန်းဖြစ်မှ သံဃာမှန်မယ်။

## လင်္ကာ

ဘုရား,တရား၊ သံဃာများနှင့်၊ ယူထားအမှန်၊လူကားမှန်ဟု၊ အမှန်ငါးချက်၊ သဘောနက်ကို၊ သိလျက်ဉာဏ်မှာ၊ ခွဲဝေကာဖြင့်၊ သေချာဂန၊ သိနိုင်ကြမှ၊ အရတော်စွာ၊ ဤလူ့ရွာမှာ၊ ဘာဝနာရပ်၊ သတိပဋ္ဌာန်မြတ်ကို၊ ထက်ချပ်မကွာ၊ ပြုလုပ်ပါလျှင်၊ စိတ်မှာမမှား၊ မြတ်သုံးပါးကြောင့်၊ အမှားငါးချက်၊ ပယ်ခွါထွက်လိမ့်၊ ရှောင်လျက်ကြိုးစား၊ မှတ်မမှားအောင်၊ ခါအားမပေး၊ ခွင့်ရေးခုခါ၊ ပြည့်စုံပါမှ၊ ပါယ်ရွာကင်းပြီး၊ မဂ်ခရီးသည်၊ အပြီးစင်ကြယ် လမ်းကြောင်းတည်း။ ။

ဒွာန်းဆရာလှိုင်

# ဦးသက္က–ရေးသားသော

ကျမ်းများကို ကြည့်ရှု ပါက

တွက်နည်း၊ တွက်ပုံ-ဥပမာနှင့် ပြသဖြင့် မည်သူမဆို
ဗေဒင်ပညာ လွယ်ကူစွာ တတ်မြောက် နိုင်ပါသည်။

၁။ ဗေဒင်လက်စွဲကျမ်း ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ
၂။ အာယုစိန္တာ စာကိုယ်နှင့် ဋီကာ
၃။ ဗေဒဝဏ္ဏနာဋီကာသစ်
၄။ ဇာတာဟောနည်း နိသျည်း ပဌမပိုင်း၊ ဒုတိယပိုင်း
၅။ သုံးတန်ပေါ်နိစ် ကျမ်းရင်းဋီကာ
၆။ ဟူးရာဋီကာကျမ်း
၇။ ဆုတောင်းအမျိုးမျိုးမှုဟောင်း
၈။ တွံတေးဆရာကြီး ဦးဘိုးမင်း-စီရင်ရေးသားသော
ရူပဝိနိစ္ဆယ ကုထုံးကျမ်း
၉။ နရသုခိအဓိပ္ပါယ်ကျမ်း
၁၀။ အဘိဓမ္မာ ဓာတ်ကျမ်း
၁၁။ ပရမတ္ထ ဝိနိစ္ဆယဓာတ်ကျမ်း
၁၂။ ပရမတ္ထ ဓာတ်ကျမ်းနှင့် ပလိပ်ကပ်ကုထုံးကျမ်း

အထက်ပါ စာအုပ်များသည် မူပိုင်ကျမ်းစာအုပ်များ
ဖြစ်ပါသည်။

မောင်တင်-မန္တယဉ်
သီရိရတနာ-ဝိဋကတ်စာအုပ်ဆိုင်။